ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရမရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိ ဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)

၁၃၇၉ ခုနှစ် ဝါဆိုလဆန်း ၁၂ ရက် ဗုဒ္ဓဟူးနေ့။ Wednesday, 5 July 2017 (၈၉၇၆)

# ညစ်ညမ်းစပြုလာသောရောဝတီမြစ်ရေ သန့်စင်ရန်နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် လိုအပ်

## လုပ်ငန်းများအောင်မြင်စွာဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားကြရမည်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယအကြိမ် ရေ့လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၄**

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ဒုတိယအကြိမ် ရေ့လုပ်ငန်းစဉ်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက အမျိုးသားအဆင့် ရေမူဝါဒနှင့်ဆက်နွယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ ပေးပို့သည့် ရေဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့် တိုးတက်မှုအခြေအနေတို့ကို ကော်မတီအတွင်းရေးမှူးက လစဉ်စုစည်း၍ တိုးတက်မှုအခြေအနေများကို ပြုစုတင်ပြလျက်ရှိရာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေ ထိန်းသိမ်းရေးလုပ်ငန်းများ တိုးတက်လာရန် လိုအပ်လျက်ရှိပြီး ဆည်ရေလှောင်တမံများ၏ ရေဝေရေလဲထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ရေဝေရေလဲသစ်တောစိုက်ခင်းများ၏လုပ်ငန်း တိုးတက်အောင်မြင်ရန် အရေးတကြီး လိုအပ်လျက်ရှိပါကြောင်း။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

IPU ၏ လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေး
စာမျက်နှာ - ၃

ငြိမ်းချမ်းလိုလျှင် အစွန်းရောက်အမြင်ကိုရှောင်
စာမျက်နှာ - ၇

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီ အစည်းအဝေး ကျင်းပ
စာမျက်နှာ - ၈

# YBS ဘတ်စ်ကားသစ် အစီး ၁၀၀၀ စတင်ဝင်ရောက်ပြေးဆွဲမည်

**ရန်ကုန် ဇူလိုင် ၄**

YBS ယာဉ်လိုင်းများအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအစီအစဉ်ဖြင့် တရုတ်နိုင်ငံမှဝယ်ယူထားသည့် ဘတ်စ်ကားသစ်အစီး ၁၀၀၀ ကို ယာဉ်လိုင်းကုမ္ပဏီများဖြစ်သော YBPC နှင့် YUPT ကုမ္ပဏီလက်အောက် ယာဉ်လိုင်းများတွင် ယခုတစ်ပတ်အတွင်း စတင်ဝင်ရောက်ပြေးဆွဲမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ သိရသည်။

တရုတ်နိုင်ငံ Yutong နှင့် Ankai ကားကုမ္ပဏီ နှစ်ခုမှ ဘတ်စ်ကားအစီး ၅၀၀ စီဖြင့် စုစုပေါင်းအစီး ၁၀၀၀ ဝယ်ယူထားမှုသည် ဇူလိုင်ပထမပတ်မှစတင်ကာ အများပိုင်ယာဉ်လိုင်းကုမ္ပဏီနှစ်ခု၏ လက်အောက်ရှိ ယာဉ်လိုင်းများတွင် စတင်ဝင်ရောက်ပြေးဆွဲတော့မည်ဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာမောင်အောင်က ပြောသည်။

"ကားသစ်တွေကို YBPC နဲ့ YUPT ကုမ္ပဏီတို့မှာ ပေးသွင်းပြီးတော့ ဒီတစ်ပတ်အတွင်း စတင်ပြေးဆွဲတော့မှာပါ။ အဓိကက အများပိုင်ကုမ္ပဏီကြီးတွေကို ပေးသွင်းပြီးတော့ အများပြည်သူကို ဝန်ဆောင်မှုပေးမှာဖြစ်ပါတယ်။ အခုလောလောဆယ်မှာ လိုင်းတွေထဲက ထွက်သွားတဲ့ကားတွေ၊ အိုဟောင်းအပ်လိုက်တဲ့ ကားတွေ၊




စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

## မြို့ပြဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်

မြန်မာနိုင်ငံတွင် လူဦးရေထူထပ်ပြီး ဖွံ့ဖြိုးမှုအများဆုံးမြို့မှာ ရန်ကုန်မြို့ဖြစ်သည်။ အလောင်းမင်းတရားကြီးက ရန်ကုန်မြို့ဟူ၍ ခရစ်နှစ် ၁၇၅၅ ခုနှစ်က တည်ထောင်အမည်သမုတ်ခဲ့သည့် သစ်တပ်မြို့လေးမှ ကိုလိုနီခေတ်တွင် ရန်ကုန်မြို့တော်အဖြစ် စနစ်တကျတည်ဆောက်ခဲ့ပြီးနောက်ပိုင်း မြို့တော်ကြီးအဖြစ် တည်ဆောက်ထားခဲ့ရာမှာ ယခုအခါ နှစ်ပေါင်း ၂၆၂ နှစ်ရှိခဲ့ပြီဖြစ်သည်။

ရန်ကုန်မြို့တော်မှာ ရေကြောင်း၊ လေကြောင်း၊ ကုန်းကြောင်းခရီးများဆုံရပ်ဖြစ်သောကြောင့် လူနေမှုဘဝနှင့် ကူးသန်းရောင်းဝယ်ဖောက်ကားမှုအချက်အချာကျသည့်မြို့တော်အဖြစ် ဖြစ်တည်နေသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ မြို့တည်ဆောက်မှုပုံစံနှင့် အရေးပါသည့်အနေအထားကောင်းများရှိသောကြောင့် အာရှတွင် အကောင်းဆုံးမြို့တစ်မြို့အဖြစ် သတ်မှတ်ခြင်းခံခဲ့ရဖူးသည်။ သို့သော် တစ်စတစ်စ ထူထပ်များပြားလာသော လူဦးရေနှင့် ပြန့်ကားကျယ်ပြန့်လာသော မြို့တည်ဆောက်မှုပုံစံအရ မွန်းကျပ်သော မြို့တော်ကြီးအဖြစ် တည်ရှိနေသည်ကို မြင်တွေ့ခံစားရမည်ဖြစ်သည်။

ယင်းသို့သောအခြေအနေကို ပြန်လည်ကုစားပြုပြင်ဆောင်ရွက်ရန်အတွက် မြို့တာဝန်ရှိသူများက နည်းအမျိုးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ပိုမိုကောင်းမွန်သောအခြေအနေသို့ မရောက်နိုင်သေးဟု ဆိုရမည်ဖြစ်သည်။ မြို့ကိုအထက်သို့ တစ်စတစ်စတိုးချဲ့ဖြန့်ထွက်တည်ဆောက်ခဲ့ပြီး ရန်ကုန်ပြင်ပမြို့နယ်များ စည်ကားလာသည်မှာ ကောင်းသောလက္ခဏာ ဖြစ်သည်။ သို့သော် ရန်ကုန်၏အဓိကဗဟိုချက်မှာ မူလမြို့တွင်းသာဖြစ်၍ သွားလာဆက်သွယ်ရေးတွင် နိစ္စဓူဝဗဟိုသို့သာ ဦးတည်ခဲ့ရာ ပိတ်ဆို့ကျပ်တည်းမှုများ ကြုံတွေ့လာရသည်။

ယခုအခါ ပြည်တွင်း ပြည်ပလုပ်ငန်းရှင်များနှင့် မြို့တာဝန်ရှိသူများပူးပေါင်းကာ ရန်ကုန်မြို့ကြီး စနစ်ကျဖွံ့ဖြိုးတိုးတက်လာရေးကို ကြံဆဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ အချက်အချာကျသည်ဆိုရာ၌ ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်း အားလုံးပေါင်းဆုံသောအရပ်ဖြစ်၍ အထက်ကုန်းတွင်းသို့ မြို့တိုးချဲ့ခြင်းဖြင့် ပိတ်ဆို့ကျပ်တည်းခြင်းနှင့် ကြုံတွေ့ရခြင်းဟု ဆိုရမည်ဖြစ်သည်။

ဇူလိုင် ၂ ရက်က ရန်ကုန်မြို့တွင်ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများအသင်း၏ အသင်းသားစုံညီအစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၏ အနာဂတ်ရန်ကုန်မြို့အတွက် စိတ်ကူးပုံဖော်မျှော်မှန်းထားမှုမှာ ကောင်းမွန်သည်ဟုဆိုရမည်။ ရန်ကုန်တိုင်းဒေသကြီး၏ ကုန်းတွင်းမဟုတ်သော ပင်လယ်ဘက် အောက်ပိုင်းဒေသဖြစ်သည့် ကော့မှူး၊ ကွမ်းခြံကုန်းဒေသတွင် လေဆိပ်အသစ်တစ်ခုတည်ဆောက်ရန် မျှော်မှန်းချက်ဖြစ်သည်။

ယခုလက်ရှိတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ယခင်က မြို့ပြင်ဖြစ်သော မင်္ဂလာဒုံတွင်တည်ခဲ့ပြီး ပြည်တွင်း ပြည်ပခရီးသွားများ အဓိကအားထားသွားလာလျက်ရှိသည်။ တစ်ချိန်က မြို့ပြင်ဖြစ်သော်လည်း ယခုအခါ မြို့လယ်ဖြစ်လာသောကြောင့် အချက်အချာကျသော လေယာဉ်ကွင်းကြီးသို့ သွားလာမှုခက်ခဲလာသည်။ ရန်ကုန်မြို့ အဓိကအဝေးဆက်သွယ်ရေးဖြစ်သည့် ရေကြောင်းနှင့် လေကြောင်းခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးတွင် အခက်အခဲရှိသည်။ ထို့ကြောင့် မြေနေရာအနေအထားပြန့်ပြူးကောင်းမွန်ပြီး လမ်းပန်းဆက်သွယ်မှု အသစ်တစ်ခုဖြစ်လာမည့် ကွမ်းခြံကုန်း၊ ကော့မှူးဒေသတွင် နိုင်ငံတကာလေဆိပ်တစ်ခုတည်ဆောက်ရေးမှာ လျော်ကန်သင့်မြတ်ကောင်းမွန်သည်ဟု ထင်မြင်ယူဆမိပါသည်။

နိုင်ငံတကာရှိ မြို့တော်ကြီးအချို့မှာ ပင်လယ်ဆိပ်ကမ်းမြို့ကြီးများဖြစ်ပြီး မြို့အသစ်ကို ကုန်းတွင်းထက် ပင်လယ်ဆိပ်ကမ်းများကို အားထားကြသည်။ မြန်မာနိုင်ငံတွင် ပင်လယ်ဆိပ်ကမ်းနေရာများစွာရှိပြီး ရန်ကုန်မြို့မှလွဲ၍ အဓိကအချက်အချာကျပြီး ခိုင်မာအားကောင်းသည့် နိုင်ငံတကာပင်လယ်ဆိပ်ကမ်းမြို့တော်ကြီး မပေါ်ပေါက်သေးချေ။ ရန်ကုန်မြို့တော်မှာလည်း ပင်လယ်ဝမှ ရန်ကုန်မြစ်အတွင်း ဝင်ရောက်နိုင်သောမြို့ဖြစ်ပြီး ရန်ကုန်မြစ်ကိုသာ အားကိုးရသည်။

ယခုအကောင်အထည်ဖော်ရန်စိတ်ကူးထားသည့် ကော့မှူး၊ ကွမ်းခြံကုန်းဒေသတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးတစ်ခု တည်ဆောက်နိုင်မည်ဆိုလျှင် အပြည်ပြည်ဆိုင်ရာ ပင်လယ်ဆိပ်ကမ်းမြို့တော်သစ် ပေါ်ပေါက်လာမည်ဖြစ်ပြီး ပင်လယ်ရေကြောင်း၊ ကုန်းကြောင်း၊ လေကြောင်းခရီးများအတွက် အဟန့်အတားမရှိ လွယ်ကူချောမွေ့စွာ ကူးသန်းသွားလာနိုင်မည်ဖြစ်သည်။ သို့သော် စီမံကိန်းတစ်ခုလျာထားဆောင်ရွက်လျှင် ဒေသခံနှင့် စီမံကိန်းလုပ်ငန်းများကို ဥပဒေနှင့်အညီ အဆင်ပြေချောမွေ့အောင်ဆောင်ရွက်ရမည်ဖြစ်ပြီး ခါတော်မီအခွင့်အရေးသမားနှင့် အဟန့်အတားဖြစ်နိုင်သည်တို့ကို သတိမူဖို့လိုမည်။

နိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးရှိမည့်စီမံကိန်းများကို ကြိုဆိုအားပေးရမည်ဖြစ်သည်။ နိုင်ငံအတွက် ရိုးသားဖြောင့်မတ်စွာဖြင့် အနာဂတ်ကို မျှော်တွေးပြီး စိတ်ရင်းစေတနာကောင်းထားကာ ဆောင်ရွက်မည့်စီမံကိန်းများတွင် နားလည်မှုရှိစွာဖြင့် အသိတရားရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်။ နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်သောစီမံကိန်းများကို အားပေးကူညီကြရမည်ဖြစ်သည်။ ။

## မစ္စတာ အက်စ်စဖော ဒင်ဂမို ကာမီ အား မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇူလိုင် ၅**

မစ္စတာ အက်စ်စဖော ဒင်ဂမို ကာမီ အား နယူးဒေလီမြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီသီယိုးပီးယား ဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ အက်စ်စဖော ဒင်ဂမို ကာမီ ကို ၂၆-၈-၁၉၆၁ ရက်နေ့ တွင်မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၈၅ ခုနှစ်တွင် သတ္တုတူးဖော်ရေး ဘူမိဗေဒ အင်ဂျင်နီယာဘာသာရပ် မဟာဘွဲ့ကို ကျူးဘားနိုင်ငံ မိုအာမြို့ သတ္တုတူးဖော်ရေးနှင့်သတ္တုဗေဒ အဆင့်မြင့်တက္ကသိုလ်မှ ရရှိခဲ့သည်။ ၎င်းသည် ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ အီသီယိုးပီးယားနိုင်ငံ ဖက်ဒရယ်အဆင့် ရေအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ နိုင်ငံပိုင် သကြားကော်ပိုရေးရှင်းတွင် ညွှန်ကြားရေးမှူးချုပ်၏ အကြံပေးနှင့်ဒုတိယညွှန်ကြားရေးမှူးချုပ် အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံပိုင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်မှစ၍ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ နီပေါနှင့် ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အီသီယိုးပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ထမ်းဆောင်လျက်ရှိပါသည်။

၎င်းသည် ဆီဒါမစ်နာ၊ အမာရစ်၊ အင်္ဂလိပ်၊ စပိန်နှင့် ပေါ်တူဂီဘာသာတို့ကို တတ်ကျွမ်းပါသည်။ ၎င်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်သည်။

(သတင်းစဉ်)

## ငါတို့ရဲ့ ကမ္ဘာ့ချန်ပီယံ

စွန့်လွှတ်စွန့်စား
မ တစ်ထောင် တစ်ကောင်ဖွား
ဇာနည်မျိုးဟော့ မြန်မာပြည်သား
ဒို့မြေမှာ
အားလုံးအတွက် အောင်ပွဲဆင်ဖို့
MMA ကမ္ဘာ့ချန်ပီယံဆုကို
အရယူသွား
မြန်မာတွေ ကမ္ဘာ့ချန်ပီယံဖြစ်ပြီမို့
အောင်လအန်ဆန်ရေ
မင်းဟာ ငါတို့ရဲ့ချန်ပီယံ
ဂုဏ်ယူဝင့်ကြွား
သွေးနဲ့ရင်းပြီး ယှဉ်ပြိုင်လို့
အသက်နဲ့ရင်းပြီး အားပေးကြမယ်။

မင်းသုတ

## ကျောင်းသား ကျောင်းသူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ဘီးလင်း ဇူလိုင် ၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် လျှပ်စစ်အန္တရာယ်ကင်းဝေးရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇွန်လနောက်ဆုံးပတ်က မြို့နယ်အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် သထုံခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းဝင်းထွန်းက လျှပ်စစ်မီးသုံးစွဲသူများအနေဖြင့် လျှပ်စစ်မီးသုံးစွဲရာတွင် စနစ်တကျအသုံးမပြုသဖြင့် လျှပ်စစ်အန္တရာယ်ဖြစ်ပွားမှုကြောင့် မိမိတို့နေအိမ်တွင် အသုံးပြုသည့် လျှပ်စစ်အသုံးအဆောင်ပစ္စည်းတို့ကို ကလေးငယ်များ လက်လှမ်းမမီသောနေရာတွင် တပ်ဆင်အသုံးပြုရန်၊ နေအိမ်တွင် လျှပ်စစ်ပစ္စည်းများကို တစ်ပြိုင်တည်းအသုံးပြုခြင်းမှ ရှောင်ရှားရန်၊



သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်မရှိဘဲ ဓာတ်အားလိုင်းပေါ်ရှိ သစ်ပင် သစ်ကိုင်းများ ခုတ်လဲခြင်းများမပြုရန် အသိပေးဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနောင်နောင်မိုးနှင့် ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး ဇာတ်လမ်းပြသခြင်းနှင့် လက်ကမ်းစာစောင် ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ဘီးလင်း(မြန်/ဆက်)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်(ရွှေဈေး) ၈၉၁၀၀၀ - ၈၉၁၀၀၀၊ မန္တလေး(ရွှေဈေး) ၈၉၁၀၀၀ - ၈၉၁၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၆၅၀/၆၆၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၅/၇၂၀ ကျပ်၊ | ၇၅၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၆၅၀/၆၇၅ ကျပ်၊ | ၆၈၀/၇၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၇၀/၆၉၅ ကျပ်၊ | ၆၇၀/၆၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၁၈/၆၂၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၅၉၅/၆၀၀ ကျပ်

**၂၇-၆-၂၀၁၇ ရက်နေ့မှ ၃-၇-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၅၇၀ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၆၀၂ ကျပ်၊ ဒီဇယ် တစ်လီတာ ၅၈၉ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၄ ကျပ် ဖြစ်ပါသည်။** (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၂. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၄၉. ၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၀. ၂၇ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၀. ၀၄၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၆. ၈၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၀၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၃. ၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၈. ၆၁ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၄. ၆ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၅. ၇၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်တွင်းရေးရာ

**☆ ညစ်ညမ်းစပြုလာသောမှ**

ထို့ပြင် မြစ်များ၏အရည်အသွေး တိုင်းတာစစ်ဆေးခြင်းနှင့် ညစ်ညမ်းစပြုလာသော ရေဝတီမြစ်ရေအား သန့်စင်ရန်နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အဆိုပါလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီအနေဖြင့် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်း၍ Focal Point အဖြစ် Asia Pacific Water Forum နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတက နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပတ်သက်၍ ဝန်ကြီးဌာန အဖွဲ့အစည်းများအလိုက် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုနှင့်ဆက်နွှယ်သည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများရှိကြပြီး မိမိတို့လုပ်ငန်းများနှင့် ပတ်သက်၍ ဝန်ကြီးဌာန အဖွဲ့အစည်းများအကြား ဝိုင်းဝန်းညှိနှိုင်း၍ အားနည်းချက်၊ အားသာချက်များကို စိစစ်ပြီး မိမိတို့နိုင်ငံအတွက် ထိရောက်အကျိုးရှိစေမည့် လုပ်ငန်းများကို အားသွန်ခွန်စိုက် ဆက်လက်ဆောင်ရွက်ကြစေလိုကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းတာဝန်များဖြစ်သည့် နိုင်ငံတကာနှင့် ရေဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ ရေကြီးရေလျှံမှုနှင့် ရေရှားပါးမှု လျော့နည်းသက်သာစေရေး၊ ရေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ဆက်နွှယ်သည့်လုပ်ငန်းများနှင့်ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြစေလိုကြောင်း။

အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီမှ ကြီးမှူးဆောင်ရွက်လျက်ရှိသည့် အမျိုးသားအဆင့် ရေမူဝါဒနှင့် ဆက်နွှယ်သည့်လုပ်ငန်းများနှင့် မိုးရေခံလှုပ်ရှားမှုများ ဆက်လက်ဆောင်ရွက်ရေး၊ ရေကြီးရေလျှံမှု လျော့ပါးသက်သာရေး၊ ရေဥပဒေပြုစုရေး၊ ရေထုညစ်ညမ်းမှုထိန်းချုပ်ရေးတို့နှင့် ဆက်နွှယ်သည့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ပံ့ပိုးကူညီဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က လန်ချန်း - မဲခေါင်မြစ် ဒေသတွင်းနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများအကြား မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို အဓိကလုပ်ငန်းနယ်ပယ် ငါးခုဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရေအရင်းအမြစ်ပူးပေါင်းဆောင်ရွက်မှု ပထမအကြိမ် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ရေအရင်းအမြစ် ပူးပေါင်းဆောင်ရွက်မှု ပူးတွဲလုပ်ငန်းအဖွဲ့အစည်းအဝေးကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလအတွင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့ပါကြောင်း။

မဲခေါင်-လန်ချန်း ဒေသတွင်းနိုင်ငံများအကြား အခြေခံအဆောက်အအုံ၊ နည်းပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အထူးရန်ပုံငွေမှ အထောက်အပံ့ရယူဆောင်ရွက်လိုသည့် ရေအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ငါးနှစ်အတွင်း မြန်မာနိုင်ငံဘက်မှ မိမိနိုင်ငံအတွင်းနှင့် အခြားနိုင်ငံများနှင့်ပူးပေါင်းဆောင်ရွက်လိုသည့် စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ၂၀၁၇ ခုနှစ် ဒုတိယခြောက်လပတ်အတွင်း ရေးဆွဲပေးပို့ရန် ညှိနှိုင်းထားပါကြောင်း။

အလားတူ Connectivity Joint Working Group နှင့်ပတ်သက်သည့် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများနှင့် ဆက်သွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍လည်း အဆိုပြုလုပ်ငန်းအစီအစဉ်များကို ၂၀၁၇ ခုနှစ်အကုန်တွင် ပြုစုပေးပို့ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတကာ အထောက်အပံ့ဖြင့် ဆောင်ရွက်လိုသည့် မိမိတို့နိုင်ငံနှင့် သက်ဆိုင်သည့် အသေးစားနှင့် အလတ်စားစီမံကိန်းလုပ်ငန်း အဆိုပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများမှ တောင်းခံသွားမည်ဖြစ်ပြီး မိမိတို့နိုင်ငံအတွင်းနှင့် အခြားဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းအဆိုပြုချက်များအား ပြုစုပေးပို့ရေးအတွက် ကြိုတင်ပြင်ဆင်ထားရန် မေတ္တာရပ်ခံပါကြောင်းပြောကြားသည်။

ယင်းနောက် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီအတွင်းရေးမှူး ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များ ချမှတ်ရေးနှင့်ပတ်သက်၍ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ အမျိုးသားမိုးရေခံသိုလှောင်ရေးလှုပ်ရှားမှု၊ ရေဥပဒေပြုစုရေး၊ ရေကြီးရေလျှံမှုနှင့် ရေရှားပါးမှု လျော့နည်းသက်သာစေရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် ရေဝေရေလဲထိန်းသိမ်းရေးလုပ်ငန်းများ၊ မြစ်ရေအရည်အသွေး တိုင်းတာခြင်းနှင့် သန့်စင်ရန်နည်းလမ်းရှာဖွေခြင်းလုပ်ငန်းများ၊ ဝန်ကြီးဌာန အဖွဲ့အစည်းအလိုက် ဆောင်ရွက်ဆဲလုပ်ငန်းများ၊ စီမံကိန်းလျာထားချက်များ၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရေနှင့်ဆက်နွှယ်သည့် ဘက်စုံစီမံကိန်းလုပ်ငန်းများနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများသည် ဝန်ကြီးဌာနအများစုနှင့် သက်ဆိုင်နေသည့်အတွက် ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများသည် တာဝန်ခံဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများမှလည်း ဆက်လက်ပြီး အပြန်အလှန်ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးသန့်စင်မောင်၊ ဦးကျော်ဝင်း၊ ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အကြံပေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပညာရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးကို အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ဦးတည်ချက်ဖြစ်သည့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံသည့် ရေအရင်းအမြစ်များအား ထိရောက်စွာ စီမံဆောင်ရွက်နိုင်ရန်အတွက် ဝန်ကြီးဌာန အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ရန်နှင့် ကော်မတီ၏ ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အတူတကွ ဝိုင်းဝန်းဆွေးနွေးရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်



ညီညွတ်ရေးဆိုတာ တူညီသောအကျိုး၊ တူညီသောအလုပ်၊ တူညီသောရည်ရွယ်ချက် ရှိရမယ်။ တစ်တိုင်းပြည်လုံး လူတစ်မျိုးလုံးရဲ့ လွတ်လပ်ရေး၊ လူတစ်မျိုးလုံးရဲ့ အကျိုး၊ အဲဒီလို တူညီတဲ့ရည်ရွယ်ချက်၊ တူညီတဲ့အကျိုး၊ တူညီတဲ့အလုပ်၊ တိုင်းသူပြည်သားတွေရအောင် တူညီတဲ့အလုပ်လုပ်တဲ့ ညီညွတ်ရေးမျိုး ဖြစ်ရမယ်။ ပါးစပ်က ညီညွတ်ချင်ပါတယ်ပြောလို့မဖြစ်ဘူး။ အလုပ်မှာလည်း တူရမယ်။ အကျိုးမှာလည်း တူရမယ်။ ရည်ရွယ်ချက်မှာလည်း တူရမယ်။ အဲဒါမျိုးကိုမှ ညီညွတ်ရေးလို့ ခေါ်ထိုက်တယ်။

*(ဗိုလ်ချုပ်အောင်ဆန်း၏ ၂၃-၁-၁၉၄၆ ရက်နေ့တွင် ကျင်းပသော ဖဆပလ ပြည်လုံးကျွတ်ညီလာခံသဘင်ကြီး၌ ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)*

## IPU ၏ လုပ်ငန်းစဉ်များတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၄**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် IPU ၏ နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် မန်နေဂျာ Ms. Norah Babic နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လွှတ်တော်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများ၊ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းစဉ်များ၊ IPU ၏ လုပ်ငန်းစဉ်များတွင် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ၂၀၁၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၄**

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၁၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ရုံးအမှတ် (၅၄) ရုံးရှေ့ဥပစာ၌ ကျင်းပခဲ့ရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်နှင့် ခုံရုံးအဖွဲ့ဝင်များ တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်များ စိုက်ပျိုးပေးကြသည်။




ထို့နောက် အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် အပင်များနှင့် အရိပ်ရလေကာပင်များကို စိုက်ပျိုးကြရာ ခုံရုံးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးကြသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၁၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပိတောက်၊ ခရေ၊ တမာ စသည့် အပင်ပေါင်း ၁၁၀ ကို စိုက်ပျိုးခဲ့သည်။

**(သတင်းစဉ်)**

**❖ ရှေ့ဖုံးမှ**

လိုင်းတွေနေရာမှာ အစားထိုးပြေးဆွဲပေးသွားပါမယ်။ လိုအပ်ချက်ရှိတဲ့အပေါ်မှာ မူတည်ပြီး ဖြည့်ဆည်းပြေးဆွဲသွားမယ်”ဟု ဒေါက်တာမောင်အောင်က ပြောသည်။

YBS ယာဉ်လိုင်းစနစ်တွင် ပုဂ္ဂလိက အများပိုင်ယာဉ်လိုင်း ကုမ္ပဏီများကို ဖွဲ့စည်းထူထောင် ပြေးဆွဲစေရန် အစိုးရက ညွှန်ကြားထားပြီး ကုမ္ပဏီ ခုနစ်ခု၊ ရှစ်ခု ခန့် ရှိသည့်အနက် အများပိုင်ကုမ္ပဏီအဆင့်သို့ ရောက်ရှိနေပြီးဖြစ်သည့် ကုမ္ပဏီမှာ နှစ်ခု၊ သုံးခုခန့်သာရှိနေသေးပြီး ဆက်လက်တွန်းအားပေး ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းသို့ အများပိုင်ကုမ္ပဏီအဆင့် ရောက်ရှိလာပါက အစိုးရမှ ကုမ္ပဏီသို့ တိုက်ရိုက်ကွပ်ကဲဆောင်ရွက်သွားမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများကိုလည်း ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ဘတ်စ်ကားသစ်များ ဝင်ရောက်ပြေးဆွဲမည့် YBPC ကုမ္ပဏီသည် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းမှုဖြင့် ဖွဲ့စည်းထူထောင်ခဲ့သော အများပိုင်ကုမ္ပဏီတစ်ခုဖြစ်ပြီး YUPT ကုမ္ပဏီမှာလည်း ယခင် မထသ(မြို့တွင်း) ယာဉ်လိုင်းကို အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းထူထောင်ခဲ့သော ယာဉ်လိုင်းကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။ **ဆုနှင်းလှဲ့၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# နှစ်နိုင်ငံဆက်ဆံရေးနှင့် ကိုရီးယားကျွန်းဆွယ်အရေး ရုရှားသမ္မတနှင့်တရုတ်သမ္မတတို့ တွေ့ဆုံဆွေးနွေး



မော်စကို ဇူလိုင် ၄

**ရုရှားနိုင်ငံသို့ ရောက်ရှိနေသော တရုတ်သမ္မတရှီကျင့်ဖျင်သည် ရုရှားသမ္မတ ဗလာဒီမာပူတင်အား ဇူလိုင် ၃ ရက်တွင် မြို့တော်မော်စကိုမြို့၌ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံဆက်ဆံရေးခိုင်မာတိုးတက်စေရေး၊ ကိုရီးယားကျွန်းဆွယ်အရေးတွင် နှစ်နိုင်ငံ ညှိနှိုင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် အခြားအဓိက အရေးကိစ္စများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၄ ရက်တွင် သတင်းထုတ်ပြန်သည်။** (ယာပုံ)

မိမိတို့ နှစ်နိုင်ငံသည် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ယုံကြည်စိတ်ချရဆုံး မဟာဗျူဟာမြောက် မိတ်ဖက်များဖြစ်ကြကြောင်း၊ ဆက်ဆံရေး အနေအထားအရ သမိုင်းတွင် အကောင်းဆုံး အချိန်ကာလပင်ဖြစ်ကြောင်း ကရင်မလင် နန်းတော်၌ ရုရှားသမ္မတ ပူတင်နှင့် တွေ့ဆုံရာတွင် သမ္မတရှီက ပြောကြားသည်။

မိမိတို့နှစ်နိုင်ငံသည် ဒေသတွင်းနှင့် ကမ္ဘာ့ အရေးကိစ္စများတွင် အပြန်အလှန် ညှိနှိုင်း ဆောင်ရွက်မှုများကို မြှင့်တင်သင့်ကြောင်း သမ္မတပူတင်က ပြောကြားသည်။

ကိုရီးယားကျွန်းဆွယ်အရေးနှင့် ဆီးရီးယားအရေးတို့နှင့်ပတ်သက်၍ အမြင်ချင်း ဖလှယ်ခဲ့ကြပြီး စကားဝိုင်းများနှင့် ညှိနှိုင်း ဆွေးနွေးမှုများမှတစ်ဆင့် ကိုရီးယားကျွန်း ဆွယ်တည်ငြိမ်ရေးအတွက်ပူးပေါင်းဆောင် ရွက်သွားကြရန် နှစ်နိုင်ငံ ခေါင်းဆောင်များ သဘောတူညီခဲ့ကြသည်။

**-- သုံးသပ် --**

တောင်ကိုရီးယားနိုင်ငံ၌ အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ်(THAAD) ဖြန့်ကြက်မှုသည် ဒေသဆိုင်ရာ မဟာဗျူဟာ တည်ငြိမ်မှုကို ပျက်ပြားစေနိုင်သည်ဟု စိုးရိမ်စိတ်များ ဖြစ်ပေါ်စေကြောင်း ခေါင်းဆောင် နှစ်ဦးက သုံးသပ်ကြသည်။ တရုတ်နိုင်ငံကရော ရုရှားနိုင်ငံကပါ တောင်ကိုရီးယား၌ THAAD ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်ခြင်းကို ဆန့်ကျင်ကြသည်။

သမ္မတရှီသည် ဂျာမနီနိုင်ငံ၌ ကျင်းပမည့် ဂျီ-၂၀ နိုင်ငံများ၏ ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ပြည်ပသို့ ခရီးထွက်ခွာလာခဲ့ရာတွင် ရုရှားနိုင်ငံသည် ၎င်းအတွက် ပထမ ခရီးတစ်ထောက်နိုင်ငံဖြစ်သည်။ ဂျီ-၂၀ ထိပ်သီးအစည်းအဝေးကို ဇူလိုင် ၇ ရက်မှ ၈ ရက်အထိ ဂျာမနီနိုင်ငံ၏ ဒုတိယ အကြီးဆုံး မြို့ကြီးဖြစ်သော ဟမ်းဘတ်မြို့၌ ကျင်းပမည် ဖြစ်သည်။

ထိုစဉ်အတွင်း ထိပ်သီးအစည်းအဝေး အကြိုကာလတွင် နေရှင်ဝါဒ ဆန့်ကျင်ရေး ဆန္ဒပြသူများက ဆန္ဒပြရန် စီစဉ်ထားသဖြင့် လုံခြုံရေးတင်းကျပ်ထားပြီး ရဲတပ်ဖွဲ့ဝင် ၂၀၀၀၀ ခန့်ကို ဖြန့်ကြက်ထားသည်။ **ဆင်ဟွာ။**




# ဂျာမနီ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှု၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ပါဝင်မှုမြင့်တက်

**ဘာလင် ဇူလိုင် ၄**

ဂျာမနီနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်၏ ပါဝင်မှုအချိုးအဆသည် ယခင်နှစ်က ၃၃ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ် ပထမနှစ်ဝက်တာကာလတွင် ၃၅ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်သူများအသင်းက ပြောကြားသည်။

ဂျာမနီနိုင်ငံသည် နျူကလီးယား ဓာတ်အားပေးစက်ရုံများကို ၂၀၂၂ ခုနှစ်နောက်ဆုံးထား၍ တစ်ဆင့်စီ ပြန်လည်ဖျက်သိမ်းသွားရန် ရည်မှန်းထားသည်။ ဂျာမနီနိုင်ငံသည် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ထုတ်လုပ်မှုကို လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်ခုတာကာလပတ်လုံး တဖြည်းဖြည်းချင်း တိုးမြှင့်လာနေခဲ့သည်။ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သုံးစွဲသူများအား ကုန်ကျစရိတ် သက်သာစေရန် ရည်ရွယ်ဆောင်ရွက်မည့် ဥပဒေသစ်တစ်ရပ်အဖြစ် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် အက်ဥပဒေ (အီးအီးဂျီ) ကို ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်သည်။

ဂျာမနီနိုင်ငံသည် ယခုနှစ်အတွင်း နေသာချိန်များနှင့် လေတိုက်ခတ်ချိန်များအတွင်း ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင် အရင်းအမြစ်များမှ လျှပ်စစ်ဓာတ်အား ထုတ်ယူမှုကို ၈၅ ရာခိုင်နှုန်းအထိ မြှင့်တင်နိုင်ခဲ့သည်။

ဂျာမနီအစိုးရအဖွဲ့သည် ယခုရာစုနှစ်လယ်ထက်နောက်မကျဘဲ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှု မရှိသော စီးပွားရေး လုပ်ငန်းများ ဖြစ်ပေါ်လာအောင်ကြိုးပမ်းဆောင်ရွက်သွားမည်ဟု ကတိပြုခဲ့သည်။ ဂျာမနီနိုင်ငံသည် ၂၀၅၀ ပြည့်နှစ် နောက်ဆုံးထား၍ စုစုပေါင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်မှ ၈၀ ရာခိုင်နှုန်းအထိ ပါဝင် စေရန် ရည်မှန်းထားသည်။ **ရိုက်တာ။**

# တိုက်ချင်းပစ် ပဲ့ထိန်းဒုံးကျည်စမ်းသပ်ပစ်ခတ်မှု အောင်မြင်ဟု မြောက်ကိုရီးယား ကြေညာ

**ပြုံယမ်း ဇူလိုင် ၄**

တိုက်ချင်းပစ်ပဲ့ထိန်းဒုံးကျည်(အိုင်စီဘီအမ်)တစ်စင်းကို ဇူလိုင် ၄ ရက်တွင် အောင်မြင်စွာ စမ်းသပ်ပစ်ခတ်ခဲ့ကြောင်း မြောက်ကိုရီးယားနိုင်ငံက ထုတ်ပြန်ကြေညာသည်။

ဒုံးကျည် စမ်းသပ်ပစ်ခတ်မှုအောင်မြင်ခြင်းသည် မြောက်ကိုရီးယား၏ သမိုင်းဝင်ဖြစ်ရပ်ဖြစ်ပြီး အမေရိကန်၏ ခြိမ်းခြောက်မှုကို တန်ပြန်နိုင်ရန်အတွက် ကာကွယ်ရေးစွမ်းရည်ကို တိုးမြှင့်ပေးလိုက်ခြင်းဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အိုင်စီဘီအမ် ဟွာဆောင်-၁၄ အမျိုးအစား ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုပြုလုပ်ရန် နိုင်ငံ့ခေါင်းဆောင် ကင်ဂျုံအန်က ဇူလိုင် ၃ ရက်တွင် လက်မှတ်ရေးထိုးခွင့်ပြုပေးခဲ့ကြောင်း၊ ဒုံးကျည်ပစ်ခတ်စမ်းသပ်ရာ၌ ခေါင်းဆောင်ကင်ကိုယ်တိုင် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ခဲ့ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက အထူး အစီအစဉ်အဖြစ် ထုတ်လွှင့်ခဲ့သည်။

ယင်းဒုံးကျည်ကို မြောက်ကိုရီးယားနိုင်ငံ အနောက်မြောက်ပိုင်းမှ ဇူလိုင် ၄ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ပစ်လွှတ်ခဲ့သည်။ ဒုံးကျည်သည် ကြိုတင်ချိန်ကိုက်ထားသည့် ဝေဟင်လမ်းကြောင်းတွင် ၃၉ မိနစ်ကြာ ပျံသန်းခဲ့ပြီး ဂျပန်ပင်လယ်အတွင်းရှိ ပစ်မှတ်ကို တိကျစွာထိမှန်ခဲ့ကြောင်း မြောက်ကိုရီးယားကာကွယ်ရေး သိပ္ပံအကယ်ဒမီ၏ ပြောကြားချက်ကို ကိုးကားလျက် ကေစီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

ယင်းဒုံးကျည်ကို အမြင့်ဆုံးထောင့်ချိုးပစ်လွှတ်မှုစနစ်ကို အသုံးပြုကာ ပစ်လွှတ်ခဲ့ခြင်းကြောင့် အိမ်နီးချင်း နိုင်ငံများ၏ လုံခြုံရေးအပေါ် ထိခိုက်မှုမရှိကြောင်း၊ ဒုံးကျည်သည် အမြင့် ၂၈၀၂ ကီလိုမီတာအထိ ရောက်ရှိခဲ့ပြီး ခရီးတာ အကွာအဝေး ၉၃၃ ကီလိုမီတာထိ ပျံသန်းခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**




# ဆိုက်ဘာလုံခြုံရေးအပါအဝင် နယ်ပယ်ကဏ္ဍအမျိုးမျိုးတွင် အစ္စရေးနှင့် ပူးပေါင်းဆောင်ရွက်ရန် အိန္ဒိယလိုလား

**နယူးဒေလီ ဇူလိုင် ၄**

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာမိုဒီသည် ဆိုက်ဘာလုံခြုံရေး နယ်ပယ်အပါအဝင် နယ်ပယ်ကဏ္ဍအမျိုးမျိုးတွင် အစ္စရေးနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ရန်လိုလားကြောင်း ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာသတင်းဌာနများက ဇူလိုင် ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်မှု (၂၅) နှစ်ပြည့် နှစ်ပတ်လည် အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ရန် ဇူလိုင် ၄ ရက်မှ စ၍ သုံးရက်ကြာ အစ္စရေးခရီးစဉ်ကို စတင်ရန်ရှိနေစဉ် ဝန်ကြီးချုပ် နေတန်ယာဟုက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ကမ္ဘာ့နိုင်ငံများသည် အစ္စရေးနိုင်ငံနှင့်အတူ ဆိုက်ဘာလုံခြုံရေးနှင့် အဆင့်မြင့်နည်းပညာ လုပ်ငန်းနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တဲလ်အဗစ် တက္ကသိုလ်၌ ဇူလိုင် ၃ ရက်တွင် ဖွင့်လှစ်သော ၂၀၁၇ ခုနှစ် ဆိုက်ဘာ ရက်သတ္တပတ်အထိမ်းအမှတ် အခမ်းအနားတွင် နေတန်ယာဟုက ပြောကြားသည်။

ဝန်ကြီးချုပ်မိုဒီသည် ကမ္ဘာပေါ်ရှိ ဝန်ကြီးချုပ်များ အနက် အရေးအပါဆုံး ဝန်ကြီးချုပ်တစ်ဦးဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် တတိယအင်အား အကြီးမားဆုံး စီးပွားရေးတည်ရာနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံသည် ရေအရင်းအမြစ်၊ လယ်ယာ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် ဆိုက်ဘာလုံခြုံရေးတို့ အပါအဝင် နယ်ပယ်ကဏ္ဍအမျိုးမျိုးတွင် အစ္စရေးနိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးချုပ် နေတန်ယာဟုက ပြောကြားသည်။ **ပီတီအိုင်။**

# ဘင်္ဂလားဒေ့ရှ်တွင် အထည်ချုပ်စက်ရုံတစ်ရုံ၌ ဘွိုင်လာပေါက်ကွဲ၍ လူ ၁၀ ဦးသေဆုံး

**ဒါကာ ဇူလိုင် ၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ အထည်ချုပ်စက်ရုံတစ်ရုံ၌ ဇူလိုင် ၄ ရက်က ဘွိုင်လာအိုးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူ ၁၀ ဦး သေဆုံးခဲ့ပြီး လူဒါဇင်များစွာ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း မီးသတ်ဌာန တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**-- ပေါက်ကွဲ --**

မာလ်တီဖက်ဘ်ကုမ္ပဏီက ပိုင်ဆိုင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော် ဒါကာမြို့ ဆင်ခြေဖုံး၌ တည်ရှိသော အထည်ချုပ်စက်ရုံ၌ ဇူလိုင် ၃ ရက် ညနေပိုင်းက ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ဘွိုင်လာအိုးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း အဆိုပါကုမ္ပဏီနှင့် မီးသတ်တပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားကြသည်။

ဘွိုင်လာအိုးပေါက်ကွဲမှုကြောင့် လူကိုးဦးမှာ ပွဲချင်းပြီး အခြားတစ်ဦးမှာ ဆေးရုံ၌ သေဆုံးကြောင်း မီးသတ်တပ်ဖွဲ့အရာရှိ ပါလက်ရှ်ချန်ဒရာမိုဒက်က ပြောကြားသည်။ **ရိုက်တာ။**

# အထူးကုန်စည်ခွန်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်အတွက် အခွန်ကောက်ခံရရှိမှုကို များစွာအထောက်အကူပြု

**နေပြည်တော် ဇူလိုင် ၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့် မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အထူးကုန်စည်ခွန်ဥပဒေ ပြဋ္ဌာန်းဆောင်ရွက်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်အတွက် အခွန်ကောက်ခံရရှိမှုကို များစွာအထောက်အကူပြုခဲ့ပါကြောင်း၊ အခွန်ဆိုင်ရာဥပဒေတစ်ရပ်သည် ဘက်ပေါင်းစုံမှ သုံးသပ်၍ သိမ်မွေ့စွာ ဆောင်ရွက်သင့်ပါကြောင်း၊ ဥပဒေတစ်ရပ်ပြင်ဆင်ရာတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းရှင်များအတွက် အခွန်တာဝန်ကို ဝန်ထုပ်ဝန်ပိုးမဖြစ်စေဘဲ ချောမွေ့စွာ ဆက်လက်ကူးပြောင်း ထမ်းဆောင်နိုင်ရေးကိုလည်း ထည့်သွင်းစဉ်းစားထားရှိပါကြောင်း လွှတ်တော်သို့ ရှင်းလင်းတင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက ဖတ်ကြားတင်ပြသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော တရားခံလွှဲပြောင်းရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ကော်မတီတွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးလင်းက ဖတ်ကြားတင်ပြသည်။

အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော **၂၀၁၆- ၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ဒုတိယ ၆ လပတ် လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့် စပ်လျဉ်း၍** စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် အခွန်အကောက်ရငွေအတွက် လျာထားချက်မှာ ပြုပြင်ပြီး ခန့်မှန်းခြေစာရင်းအရ ငွေကျပ် ၆၅၁၂ ဒသမ ၇၀၄ ဘီလီယံဖြစ်ပါကြောင်း၊ ဒုတိယ ၆ လပတ်အတွက် လျာထားချက်မှာ ငွေကျပ် ၄၃၇၀ ဒသမ ၈၇၀ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၄၅၇၃ ဒသမ ၉၀၄ ဘီလီယံ ဖြစ်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံသည့် ကုန်သွယ်လုပ်ငန်းခွန်အတွက် ဒုတိယ ၆ လပတ် လျာထားချက်မှာ ငွေကျပ် ၁၂၆၇ ဒသမ ၄၇၈ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၁၃၄၀ ဒသမ ၈၃၅ ဘီလီယံဖြစ်ပါကြောင်း၊ လျာထားချက်ကို ပြည့်မီကျော်လွန်ရသည့် အကြောင်းအရင်းမှာ နိုင်ငံပိုင်ကဏ္ဍမှ ယခင်နှစ်ထက် ပိုမိုကောက်ခံရရှိခဲ့ခြင်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များအတွင်း နိုင်ငံပိုင်လုပ်ငန်းများက ရယူခဲ့သော ဝန်ဆောင်မှုများအတွက် ကျသင့်အခွန်များကို စုစည်းပေးသွင်းခဲ့ခြင်းတို့ကြောင့် ဖြစ်ပါကြောင်း။

ကုန်သွယ်ရေးဦးစီးဌာနမှ ကောက်ခံသည့် သွင်းကုန်လိုင်စင်များအတွက် ဒုတိယ ၆ လပတ် လျာထားချက်မှာ ငွေကျပ် ၂ ဒသမ ၀၉၇ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၃ ဒသမ ၉၂၆ ဘီလီယံဖြစ်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံသည့် မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆုအတွက် ဒုတိယ ၆ လပတ် လျာထားချက်မှာ ငွေကျပ် ၂၂ ဒသမ ၇၄၂ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၂၂ ဒသမ ၈၇၀ ဘီလီယံဖြစ်ပါကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကောက်ခံသည့် မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများအတွက် ဒုတိယ ၆ လပတ် လျာထားချက်မှာ ငွေကျပ် ၁၂၉ ဒသမ ၆၉၁ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၁၇၀ ဒသမ ၄၂၅ ဘီလီယံဖြစ်ပါကြောင်း။

ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံသည့် အထူးကုန်စည်ခွန်အတွက် ဒုတိယ ၆ လပတ် လျာထားချက်မှာ ငွေကျပ် ၅၀၇ ဒသမ ၂၉၉ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၆၃၆ ဒသမ ၃၂၂ ဘီလီယံ ဖြစ်ပါကြောင်း၊ အကောက်ခွန်ဦးစီးဌာနမှ ကောက်ခံသည့် အကောက်ခွန်အတွက် ဒုတိယ ၆ လပတ်လျာထားချက်မှာ ငွေကျပ် ၂၅၂ ဒသမ ၅၀၀ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၂၅၈ ဒသမ ၁၀၄ ဘီလီယံဖြစ်ပါကြောင်း၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကောက်ခံသည့် ငါးလုပ်ငန်းဆိုင်ရာ အခွန်အခအတွက် ဒုတိယ ၆ လပတ် လျာထားချက်မှာ ငွေကျပ် သုည ဒသမ ၆၃၀ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၂ ဒသမ ၁၂၂ ဘီလီယံဖြစ်ပါကြောင်း၊ သတ္တုတွင်းဦးစီးဌာနမှ ကောက်ခံသည့် ဓာတ်သတ္တုခွန်နှင့် ရတနာခွန်အတွက် ဒုတိယ ၆ လပတ် လျာထားချက်မှာ ငွေကျပ် ၁၀ ဒသမ ၄၁၆ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိငွေကျပ် ၂၀ ဒသမ ၁၈၆ ဘီလီယံဖြစ်ပါကြောင်း။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ကောက်ခံသည့် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း အခွန်အခအတွက် ဒုတိယ ၆ လပတ် လျာထားချက်မှာ ငွေကျပ် ၉၀ ဒသမ ၈၄၉ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိငွေကျပ် ၃၄၉ ဒသမ ၅၀၅ ဘီလီယံဖြစ်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံသည့် တံဆိပ်ခေါင်းခွန်အတွက် ဒုတိယ ၆ လပတ် လျာထားချက်မှာ ငွေကျပ် ၃၄ ဒသမ ၄၉၀ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၃၁ ဒသမ ၁၂၆ ဘီလီယံဖြစ်ပါကြောင်း၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ကောက်ခံသည့် ဝင်ငွေခွန်အတွက် ဒုတိယ ၆ လပတ် လျာထားချက်မှာ ငွေကျပ် ၁၆၇၆ ဒသမ ၄၆၉ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၁၅၀၁ ဒသမ ၂၅၃ ဘီလီယံ ဖြစ်ပါကြောင်း၊ သစ်တောဦးစီးဌာနမှ ကောက်ခံသည့် သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် သစ်တောခွန်အတွက် ဒုတိယ ၆ လပတ် လျာထားချက်မှာ ငွေကျပ် ၅ ဒသမ ၁၇၉ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိမှုမှာ ငွေကျပ် ၂ ဒသမ ၃၅၂ ဘီလီယံ ဖြစ်ပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ကောက်ခံသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့် အခွန်အတွက် ဒုတိယ ၆ လပတ် လျာထားချက်မှာ ငွေကျပ် ၃၆၃ ဒသမ ၂၃၉ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိ ငွေကျပ် ၂၂၈ ဒသမ ၀၄၈ ဘီလီယံဖြစ်ပါကြောင်း၊ လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာနမှ ကောက်ခံသည့် ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခအတွက် ဒုတိယ ၆ လပတ် လျာထားချက်မှာ ငွေကျပ် ၆ ဒသမ ၀၂၀ ဘီလီယံဖြစ်ပြီး ကောက်ခံရရှိ ငွေကျပ် ၅ ဒသမ ၄၁၀ ဘီလီယံဖြစ်ပါကြောင်း။

အနာဂတ်ကာလတွင် နိုင်ငံတော်အစိုးရ၏ အသုံးစရိတ်များကို နိုင်ငံတော်က ကောက်ခံရရှိသည့် အခွန်ငွေအပေါ် ရပ်တည်ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် ရသင့်ရထိုက်သည့် အခွန်အကောက်များ ကောက်ခံရေးသည် အရေးကြီးသောကိစ္စဖြစ်ပါကြောင်း၊ သို့ရာတွင် အခွန်ထမ်းပြည်သူများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဝင်ငွေ အပြည့်အဝရရှိရေးကို ချင့်ချိန်ပြီး သင့်တင့်မျှတစွာ ပြည်သူအများ လိုက်နာထမ်းဆောင်နိုင်သော အခွန်နှုန်းထားဖြစ်စေရေး၊ ပြည်သူများအခွန်ဆိုင်ရာ အသိပညာ၊ ဗဟုသုတ တိုးပွားပြီး အခွန်ကို လိုလားစွာထမ်းဆောင်လာစေရေး၊ နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသော အခွန်စနစ်ဖြစ်ပေါ်လာရေး၊ အခွန်တိမ်းရှောင်မှုပပျောက်ရေး စသည်တို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

**၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ဒုတိယ ၆ လပတ် လျာထားချက်အပေါ် အခွန်ကောက်ခံရရှိမှုအခြေအနေနှင့်** စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ (၈/၂၀၁၇)ကို ကော်မတီအဖွဲ့ဝင် ဦးအောင်မင်းက ဖတ်ကြားတင်ပြသည်။

ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာတွင် ပြည်ထောင်စု၏ အခွန်အကောက်ရငွေ တိုးတက်မှုရှိသော်လည်း အခွန်ရငွေနှင့် ဂျီဒီပီအချိုးနိမ့်ကျဆဲဖြစ်ပါကြောင်း၊ အခွန်ရငွေသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားတစ်ရပ်ဖြစ်ရာ အခွန်ငွေ တိုးတက်ရရှိနိုင်ရေးအတွက် ဥပဒေနှင့်အညီ ထိထိရောက်ရောက် ကောက်ခံနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

အခွန်ရငွေ တိုးတက်ရရှိနိုင်ရေးဆောင်ရွက်ရာတွင် တည်ဆဲအခွန်မူဝါဒများနှင့်အညီဖြစ်စေရေး၊ အခွန်ပညာပေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်ဘဏ္ဍာငွေ ကုန်ကျမှုသက်သာစေရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံပိုင်သတင်းစာများ၏ အထူးထုတ်အချပ်ပိုကဏ္ဍများတွင် ထည့်သွင်းပညာပေးနိုင်ပါကြောင်း၊ ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အခွန်ပေးဆောင်ထိုက်သူများဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ အခွန်ကောက်ခံရာတွင် သက်သာခွင့်များနှင့်အညီ တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာတာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်သင့်ကြောင်း ဖော်ပြထားသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော ၂၀၁၇ ခုနှစ် ရေခွန်နှင့် တာတမံခွန်ဥပဒေကြမ်းနှင့် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းတို့ကို တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ဆုံးဖြတ်သည်။

**မျိုးမြင့်၊ အေးအေးသန့် (သတင်းစဉ်)**



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း

## ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပပုံကို လာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒသမနေ့သို့ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာလှမိုး၏ မိတ်ဆွေ ဆရာ ဆရာမများ ကျောင်းသားကျောင်းသူများနှင့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်ကြသည့် လေ့လာသူပြည်သူများ စုစုပေါင်း ၂၂၈ ဦး တက်ရောက်ခဲ့သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့လာရောက်လေ့လာသူပေါင်း ၂၇၃၆၀ ဦးရှိကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာလိုပါက သက်ဆိုင်ရာ လွှတ်တော်ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သိရသည်။

**(သတင်းစဉ်)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ် ပျက်ကျရာတွင်ပါဝင်သွားခဲ့သော အရာရှိ/စစ်သည်များ၊ မိသားစုဝင်များနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇူလိုင် ၄**

ပျက်ကျသွားသော တပ်မတော်ပို့ဆောင်ရေး Y-8 လေယာဉ်တွင် ပါဝင်သွားခဲ့သည့် အရာရှိ/စစ်သည်၊ မိသားစုများနှင့် လေယာဉ်အမှုထမ်းများအတွက် ထောက်ပံ့ငွေကျပ် သိန်း(၅၀)ကို မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက ဒေါ်နီနီဝင်း က ယနေ့မွန်းလွဲ ၂ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးသို့ လာရောက်ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံသည်။

အလားတူ ပျက်ကျခဲ့သောလေယာဉ်တွင် ပါဝင်သွားခဲ့သူများအတွက် ထောက်ပံ့ငွေကျပ် (၁၀)သိန်းကို ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈၃) ကျောင်းဆင်းအရာရှိများကိုယ်စား အမျိုးသားလွှတ်တော်ရုံးမှ ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်နှင့်အဖွဲ့က လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းက လက်ခံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ)ကို ဆန်းစစ်လေ့လာခြင်း

မောင်ဌေးဦး(စိန်ဂျွန်း)

၂၀၁၄ ခုနှစ်က ပြဋ္ဌာန်းခဲ့သော ဆက်သွယ်ရေးဥပဒေ၏ ပဓာနရည်ရွယ်ချက်ဖြစ်သော နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူ လုံခြုံရေးဟူသည့် အကြောင်းပြချက်ဖြင့် ပုဒ်မ-၆၆(ဃ)ကို ထည့်သွင်းပြဋ္ဌာန်းခဲ့ကြခြင်း ဖြစ်ဖွယ်ရှိသော်လည်း တရားမျှတမှုပြည့်စုံလုံလောက်ခြင်း မရှိသောကြောင့် တရားဥပဒေတစ်ရပ်၏ အင်္ဂါရပ်များနှင့် ညီညွတ်ခြင်းမရှိသည်ကို လက်တွေ့မြင်တွေ့နေကြရပြီဖြစ်ပါသည်။

**၆၆(ဃ)၏ အဓိကပြဋ္ဌာန်းချက်**

ပုဒ်မ-၆၆(ဃ)၏ အဓိကအင်္ဂါရပ်များမှာ-

(က) ဆက်သွယ်ရေးကွန်ယက်တစ်ခုခုကိုအသုံးပြုခြင်း

(ခ) ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် အောက်ပါပြစ်မှုတစ်ခုခုကျူးလွန်ခြင်း

- (၁) ခြောက်လှန့်တောင်းယူခြင်း
- (၂) အနိုင်အထက်ပြုခြင်း
- (၃) မတရားတားဆီးကန့်ကွက်ခြင်း
- (၄) အသရေဖျက်ခြင်း
- (၅) နှောင့်ယှက်ခြင်း
- (၆) မလျော်ဩဇာသုံးခြင်း (သို့မဟုတ်) ခြိမ်းခြောက်ခြင်း

**(ဂ) ထောင်ဒဏ်(၃)နှစ်ထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်ခြင်း**

ဟူ၍ ပြဋ္ဌာန်းထားခြင်းဖြစ်ရာ ဆက်သွယ်ရေးကွန်ယက်ကိုသုံး၍ ဖော်ပြပါပြစ်မှုခြောက်မျိုးအနက်တစ်ခုခုကို ကျူးလွန်လျှင် ပြစ်မှုနှင့်ငြိစွန်းကာ ပြစ်မှုမြောက်မည်ဖြစ်ပါသည်။

ဆက်သွယ်ရေးကွန်ယက်ကို အသုံးပြုသော်လည်း ဖော်ပြပါပြစ်မှုခြောက်မျိုးကို မကျူးလွန်လျှင် ဤပုဒ်မနှင့် မငြိစွန်းပါ။ ထို့အတူ ဖော်ပြပါ ပြစ်မှုခြောက်မျိုးအနက် တစ်ခုခုကိုကျူးလွန်သော်လည်း ဆက်သွယ်ရေးကွန်ယက်ကို အသုံးမပြုဘဲ အခြားနည်းလမ်းဖြင့် ကျူးလွန်ခဲ့လျှင် ဤပုဒ်မနှင့်မငြိစွန်းပါ။ အခြားပြစ်မှုသာ ဖြစ်ကောင်းဖြစ်နိုင်မည်ဖြစ်ပါသည်။

ဆက်သွယ်ရေးကွန်ယက်ကို အသုံးပြု၍ ဖော်ပြပါပြစ်မှုခြောက်မျိုးကို မကျူးလွန်စေရန် တားမြစ်ပြဋ္ဌာန်းထားခြင်း ဖြစ်ပါသည်။

**အာမခံမပေးရသည့်အကြောင်းရင်း**

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ နောက်ဆက်တွဲဇယားတွင် (ပြစ်မှုဆိုင်ရာဥပဒေ(ရာဇသတ်ကြီး)ပါ ပြစ်မှုများမဟုတ်သော) အထူးဥပဒေများ၌ ထောင်ဒဏ်(၃)နှစ်နှင့် (၃)နှစ်အထက်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည့် ပြစ်မှုများကို အာမခံမပေးရန် ပြဋ္ဌာန်းထားပါသည်။

ထို့ကြောင့် ထောင်ဒဏ်(၃)နှစ်ချမှတ်နိုင်သော ပုဒ်မ-၆၆(ဃ)သည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ နောက်ဆက်တွဲဇယားပါ ပြဋ္ဌာန်းချက်အရ အာမခံမပေးရသော ပြစ်မှုအမျိုးအစား ဖြစ်သွားပါသောကြောင့် အာမခံမပေးဘဲ ချုပ်နှောင်ထားရခြင်းဖြစ်ပါသည်။

အာမခံမပေးရန် ပြဋ္ဌာန်းထားသောပြစ်မှုဖြစ်သော်လည်း သေဒဏ်၊ တစ်ကျွန်းပို့ဒဏ် (ထောင်ဒဏ်နှစ် -၂၀)ချမှတ်နိုင်သော ပြစ်မှုမျိုးမဟုတ်ပါက မိန်းမဖြစ်လျှင်၊ သက်ကြီးရွယ်အိုဖြစ်လျှင်၊ ကလေးသူငယ်ဖြစ်လျှင်၊ ကိုယ်အင်္ဂါမသန်စွမ်းသူဖြစ်လျှင်၊ မကျန်းမာသူဖြစ်လျှင် တရားသူကြီး၏ ဆင်ခြင်တုံတရားအရ အာမခံပေးသင့်ကပေးနိုင်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄၉၇တွင် ပြဋ္ဌာန်းထားပါသည်။

ပုဒ်မ-၄၉၇၏ ဆင်ခြင်တုံတရားအရ လုပ်ပိုင်ခွင့်ပေးထားခြင်းအပေါ် တရားသူကြီးတစ်ဦးချင်းအနေဖြင့် လက်တွေ့လက်ငင်း အခြေအနေအရပ်ရပ်အပေါ် ဆင်ခြင်သုံးသပ်၍ ဆုံးဖြတ်ကြရခြင်းကြောင့် အာမခံရသင့်သူဟု မှတ်ယူခံရသူများ အာမခံရကြပြီး မရသင့်သူများဟု သတ်မှတ်ခံရသူများမှာ အာမခံမရဘဲ အချုပ်အနှောင်ခံကြရခြင်းဖြစ်ပါသည်။

**ဥပဒေချင်းနှိုင်းယှဉ်ခြင်း**

ဆက်သွယ်ရေးဥပဒေသည် အထူးဥပဒေတစ်ရပ်ဖြစ်ပါသည်။ ပြစ်မှုဆိုင်ရာဥပဒေ၌လည်း ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ)ပါ ပြစ်မှုခြောက်မျိုးနှင့်စပ်လျဉ်း၍ ပြစ်မှုပြစ်ဒဏ်များ ပြဋ္ဌာန်းထားရှိပြီးဖြစ်ရာ ဥပဒေနှစ်ခုပါ ပြဋ္ဌာန်းချက်များကို နှိုင်းယှဉ်ကြည့်နိုင်ပါသည်။

အဓိကကွာခြားချက်မှာ ပြစ်မှုဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များသည် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများအတွက် ပြဋ္ဌာန်းတားမြစ်ထားခြင်း ဖြစ်ပါသည်။ ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ)သည် ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်း မဟုတ်ဘဲ ဆက်သွယ်ရေးကွန်ယက်မှ လူအများသိအောင် စာဖြင့်၊ သင်္ကေတဖြင့် ကျူးလွန်ခြင်း ဖြစ်ပါသည်။

လူကိုယ်တိုင် ကိုယ်ထိလက်ရောက်ကျူးလွန်သော တရားခံနှင့် လူမှုကွန်ယက်ပေါ်တွင် စာဖြင့်ရေးသား ကျူးလွန်သောတရားခံစသည့် တရားခံနှစ်မျိုးအနက် မည်သည့်တရားခံမျိုးက အန္တရာယ်ပို၍ကြီးသည်ကို ပုံသေကားချပ်ပြော၍မရနိုင်ပါ။ ယေဘုယျအားဖြင့်ဆိုရလျှင် ဆက်သွယ်ရေးကွန်ယက်မှ ခြောက်လှန့်တောင်းယူခြင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက်ခြင်း၊ ခြိမ်းခြောက်ခြင်းများသည် ကိုယ်ထိလက်ရောက် ကျူးလွန်မှုထက် အန္တရာယ်လျော့နည်းနိုင်ပါသည်။ သို့သော် ဆက်သွယ်ရေးကွန်ယက်မှ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်းများမှာ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းထက် အန္တရာယ်ပိုမိုများပြား ထိခိုက်နစ်နာနိုင်ပါသည်။

ထို့ကြောင့် အတိမ်အနက်ခြင်းမတူညီသော ပြစ်မှုများအတွက် ပြစ်ဒဏ်များကို ပုဒ်မ-၆၆(ဃ)၌ တသမတ်တည်း ပြဋ္ဌာန်းထားခြင်းသည် တရားမျှတမှုရှိသည်ဟု မဆိုနိုင်ပါသောကြောင့် ပြစ်မှုနှင့် ပြစ်ဒဏ်လိုက်လျောညီထွေဖြစ်စေရန် ပြစ်မှုတစ်မှုချင်းအလိုက် ပြဋ္ဌာန်းသင့်ပါသည်။

ပြစ်မှုဆိုင်ရာဥပဒေပါ ပြစ်မှုတစ်ခုချင်း၊ ပုဒ်မတစ်ခုချင်း၌ အဆိုပါပြစ်မှုမြောက်ရန် အင်္ဂါရပ်များ အသေးစိတ်အတိအလင်း ပြဋ္ဌာန်းထားပြီး အဆိုပါအင်္ဂါရပ်တစ်ခု လွတ်ကင်းနေသည်နှင့် စွဲဆိုထားသော ပြစ်မှုပုဒ်မအတွက် ပြစ်မှုမမြောက်တော့ဘဲ လွတ်မြောက်သွားမည် ဖြစ်ပါသည်။

ပုဒ်မ-၆၆(ဃ)၌ ပြဋ္ဌာန်းထားသော ပြစ်မှုခြောက်မျိုးနှင့် စပ်လျဉ်း၍ပြစ်မှုတစ်ခုချင်းအတွက် မည်သည့်အင်္ဂါရပ်မျှ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသည့်အပြင် ပြစ်မှုဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကိုလည်း ရည်ညွှန်းထားခြင်း မရှိပါ။ ထို့ကြောင့် သတ်မှတ်အင်္ဂါရပ်ဘောင်မရှိပါသဖြင့် တရားသူကြီးမှ စိတ်ထင်တိုင်း လွတ်လပ်စွာဆုံးဖြတ်ခွင့်ရှိနေပါသောကြောင့် တရားမျှတမှုအတွက်များစွာ အငြင်းထွက်နိုင်ပါသည်။ ပြစ်မှုတစ်ခုချင်းအတွက် အင်္ဂါရပ်များ မပြဋ္ဌာန်းနိုင်လျှင်လည်း ပြစ်မှုဆိုင်ရာဥပဒေကို ရည်ညွှန်းထားသင့်ပါသည်။

ထို့အပြင် ပြစ်မှုဆိုင်ရာဥပဒေအရ အသရေဖျက်မှုနှင့် အနိုင်အထက်ပြုမှုတို့တွင် အပြစ်မှကင်းလွတ်ခွင့်များ ပြဋ္ဌာန်း၍ စွပ်စွဲခံရသူကို ကင်းလွတ်ရန် အခွင့်အရေးပေးထားသော်လည်း ပုဒ်မ-၆၆(ဃ)ပါ ပြစ်မှုများ၌ ကင်းလွတ်ခွင့် ပြဋ္ဌာန်းချက်များ မပြဋ္ဌာန်းထားသည့်အပြင် ပြစ်မှုဆိုင်ရာဥပဒေကို ရည်ညွှန်းခြင်းလည်းမရှိပါသောကြောင့် ဥပဒေချင်းများစွာ ကွာခြားသွားသကဲ့သို့ တရားမျှတမှုချင်းလည်း များစွာကွာခြားနေပါသည်။

**ပြစ်ဒဏ်များကို လေ့လာခြင်း**

**(၁) ခြောက်လှန့်တောင်းယူမှုများ**

| ပြစ်မှုဆိုင်ရာ ဥပဒေ | | | ဆက်သွယ်ရေးဥပဒေ | | |
|---|---|---|---|---|---|
| ပုဒ်မ | ပြဋ္ဌာန်းချက် | အမြင့်ဆုံး ပြစ်ဒဏ် | ပုဒ်မ | ပြဋ္ဌာန်းချက် | အမြင့်ဆုံး ပြစ်ဒဏ် |
| ၃၈၃ | အဓိပ္ပါယ်ဖွင့်ဆိုချက် | - | ၆၆(ဃ) | ခြောက်လှန့် တောင်းယူမှု | ၃နှစ် |
| ၃၈၄ | ခြောက်လှန့်တောင်းယူမှု | ၃နှစ် | | | |
| ၃၈၅ | ခြောက်လှန့် တောင်းယူရန် ကြောက်အောင်ပြုခြင်း | ၂နှစ် | | | |
| ၃၈၆ | သေစေမည်အပြင်းအထန်နာကျင်စေမည်ဟုပြု၍ခြောက်လှန့် တောင်းယူမှု | ၁၀နှစ် | | | |
| ၃၈၇ | ခြောက်လှန့်တောင်းယူရန် သေစေမည်၊ အပြင်းအထန် နာကျင်စေမည်ဟု ကြောက်အောင် ပြုခြင်း | ၇ နှစ် | | | |
| ၃၈၈ | သေဒဏ်၊ ကျွန်းဒဏ်၊ ထောင် (၁၀)နှစ်ထိ ဒဏ်ထိုက်သော ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲမည်ဟု ကြောက်အောင်ပြု၍ ခြောက်လှန့်တောင်းယူခြင်း | ၁၀ နှစ် | | | |
| ၃၈၉ | ခြောက်လှန့်တောင်းယူရန် သေဒဏ်၊ ကျွန်းဒဏ်၊ ထောင် (၁၀)နှစ်ထိ ဒဏ်ထိုက်သော ပြစ်မှုကျူးလွန်ကြောင်းစွပ်စွဲမည်ဟု ကြောက်အောင်ပြုခြင်း | တစ်သက် တစ်ကျွန်း ဒဏ် | | | |

ထို့ကြောင့် ခြောက်လှန့်တောင်းယူမှုကို ကိုယ်ထိလက်ရောက် ကျူးလွန်သူများအပေါ် ပြစ်မှုဆိုင်ရာဥပဒေအရ ထောင်ဒဏ်တစ်သက်တစ်ကျွန်းအထိ ချမှတ်နိုင်ပြီး ဆက်သွယ်ရေးဥပဒေအရ ထောင်ဒဏ် (၃)နှစ်အထိ ချမှတ်နိုင်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

**(၂) အနိုင်အထက်ပြုကျင့်မှုများ**

| ပြစ်မှုဆိုင်ရာ ဥပဒေ | | | ဆက်သွယ်ရေးဥပဒေ | | |
|---|---|---|---|---|---|
| ပုဒ်မ | ပြဋ္ဌာန်းချက် | အမြင့်ဆုံး ပြစ်ဒဏ် | ပုဒ်မ | ပြဋ္ဌာန်းချက် | အမြင့်ဆုံး ပြစ်ဒဏ် |
| ၃၄၉ | အဓိပ္ပါယ်ဖွင့်ဆိုချက် | - | ၆၆(ဃ) | အနိုင်အထက် ပြုခြင်း | ၃နှစ် |
| ၃၅၀ | ရာဇဝတ်မှုမြောက်သော အနိုင်အထက်ပြုခြင်း | - | | | |
| ၃၅၁ | အနိုင်အထက်ပြုရန် လက်ရောက်မှု အဓိပ္ပါယ် | - | | | |
| ၃၅၂ | အနိုင်အထက်ပြုမှုလက်ရောက်မှု | ၃ လ | | | |
| ၃၅၃ | ပြည်သူ့ဝန်ထမ်းအပေါ် ကျူးလွန်မှု | ၂ နှစ် | | | |
| ၃၅၄ | အမျိုးသမီးအပေါ် ကျူးလွန်မှု | ၂ နှစ် | | | |
| ၃၅၅ | လူတစ်ဦးဦးအပေါ် အရှက်ကွဲ၊ အကျိုးနည်းစေရန် အကြံဖြင့် ကျူးလွန်မှု | ၂ နှစ် | | | |
| ၃၅၆ | ပစ္စည်းခိုးရန်အားထုတ်ရာတွင် ကျူးလွန်မှု | ၂ နှစ် | | | |
| ၃၅၇ | လူတစ်ဦးကို မတရားချုပ်နှောင်ရန် အားထုတ်ရာတွင် ကျူးလွန်မှု | ၁ နှစ် | | | |
| ၃၅၈ | အကြီးအကျယ်ဒေါသထွက်အောင် ပြုသူအပေါ် ကျူးလွန်မှု | ၁ လ | | | |

ထို့ကြောင့် အနိုင်အထက်ပြုကျင့်မှုကို ကိုယ်ထိလက်ရောက် ကျူးလွန်သူများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေအရ ထောင်ဒဏ် (၂)နှစ် အထိသာ ချမှတ်နိုင်ပါလျက် ဆက်သွယ်ရေးဥပဒေအရ ကွန်ယက်အသုံးပြုရုံမျှဖြင့် ထောင်ဒဏ်(၃)နှစ်ထိ ချမှတ်ရန် ပြဋ္ဌာန်းချက်မှာ သဘာဝယုတ္တိကင်းမဲ့လျက် တရားမျှတမှု တိမ်းစောင်းနေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

**(၃) မတရားတားဆီးကန့်ကွက်မှု**

| ပြစ်မှုဆိုင်ရာ ဥပဒေ | | | ဆက်သွယ်ရေးဥပဒေ | | |
|---|---|---|---|---|---|
| ပုဒ်မ | ပြဋ္ဌာန်းချက် | အမြင့်ဆုံး ပြစ်ဒဏ် | ပုဒ်မ | ပြဋ္ဌာန်းချက် | အမြင့်ဆုံး ပြစ်ဒဏ် |
| ၃၃၉ | မတရားတားဆီးကန့်ကွက်မှု အဓိပ္ပါယ်ဖွင့်ဆိုချက် | - | ၆၆(ဃ) | မတရားတားဆီး ကန့်ကွက်မှု | ၃ နှစ် |
| ၃၄၁ | မတရားတားဆီး ကန့်ကွက်မှု | ၁လ | | | |

ထို့ကြောင့် လူတစ်ဦးသွားလာမည့်လမ်းကို ကိုယ်ထိလက်ရောက် တားဆီးပိတ်ပင်သူကို ပြစ်မှုဆိုင်ရာဥပဒေအရ ထောင်ဒဏ်(၁)လအထိသာ ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါလျက် ဆက်သွယ်ရေးဥပဒေတွင် ကွန်ယက်ကိုအသုံးပြု၍ လမ်းကိုမသွားရန် တားဆီးကန့်ကွက်သူအပေါ် ထောင်ဒဏ်(၃)နှစ်အထိ ချမှတ်ရန် ပြဋ္ဌာန်းထားချက်သည်လည်း သဘာဝယုတ္တိကင်းမဲ့လျက် တရားမျှတမှု ဆိတ်သုဉ်းနေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

**(၄) အသရေဖျက်မှုများ**

| ပြစ်မှုဆိုင်ရာ ဥပဒေ | | | ဆက်သွယ်ရေးဥပဒေ | | |
|---|---|---|---|---|---|
| ပုဒ်မ | ပြဋ္ဌာန်းချက် | အမြင့်ဆုံး ပြစ်ဒဏ် | ပုဒ်မ | ပြဋ္ဌာန်းချက် | အမြင့်ဆုံး ပြစ်ဒဏ် |
| ၄၉၉ | အသရေဖျက်မှု အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကင်းလွတ်ချက်များ | - | ၆၆(ဃ) | အသရေဖျက်မှု | ၃နှစ် |
| ၅၀၀ | အသရေဖျက်မှု | ၂နှစ် | | | |
| ၅၀၁ | အသရေဖျက်စေရန် ပုံနှိပ်ခြင်း၊ ထုထွင်းခြင်း | ၂နှစ် | | | |
| ၅၀၂ | အသရေဖျက်စေသည့် အရာပါမှန်းသိလျက် ရောင်းခြင်း | ၂နှစ် | | | |

ယနေ့ ယဉ်ကျေးမှုအသိတရား မြင့်မားလာသော ကမ္ဘာကြီးတွင် အခြားသူ၏ မကောင်းကြောင်း အမနာပပြောသူ၊ ရေးသူများကို ကြားရသူ၊ ဖတ်ရသူများတို့က အလွယ်တကူယုံကြည်လက်ခံမှု မရှိကြတော့ဘဲ ဆင်ခြင်သုံးသပ်လာတတ်ကြသည့်အပြင် ပြောသူ၊ ရေးသူများကိုပင် ဒဏ်ပြန်အထင်အမြင်သေး၊ မုန်းတီးရွံရှာနေတတ်ကြပြီ ဖြစ်ပါသည်။ နစ်နာသူအနေဖြင့်လည်း အသရေဖျက်ခံရသည့် နည်းလမ်းများအတိုင်း ပြန်လည်၍ မဟုတ်မမှန်ကြောင်း ရှင်းလင်းဖြေကြားနိုင်ခြင်း၊ ဂုဏ်သရေကို ပြန်လည်ကာကွယ်နိုင်ခြင်းများကြောင့် နိုင်ငံအချို့တွင် အသရေဖျက်သည့်

**စာမျက်နှာ ၇ သို့ ✳**

# ငြိမ်းချမ်းလိုလျှင် အစွန်းရောက်အမြင်ကိုရှောင်



စိတ်နှလုံး၏ငြိမ်းချမ်းမှု၊ လူ့အသိုင်းအဝိုင်း၏ ငြိမ်းချမ်းမှုကိုဖော်ဆောင်လိုလျှင် အစွန်းရောက်အမြင်ကိုရှောင်ရမည်။ မှန်ကန်တိကျမျှတသော အမြင်ဖြင့် ကြည့်ရမည်။

ပျော့ညံ့လွန်း၊ တင်းမာလွန်းသောအစွန်းနှစ်ဖက်ကို ရှောင်ရမည်။ ပျော့ညံ့လွန်းလျှင် အခြားတစ်ဖက်၏လွှမ်းမိုးမှု၊ အနိုင်ကျင့်မှုကိုခံရ၏။ တင်းမာလွန်းလျှင် အမုန်းပွား၍ရန်များတတ်သည်။

အခြေအနေအရပ်ရပ်ကို မှန်ကန်စွာရှုမြင်သုံးသပ်ခြင်း၊ အပြောအဆိုလိမ္မာပါးနပ်ခြင်း၊ ပြောသည့်အတိုင်းပြုလုပ်ခြင်း၊ ကတိတည်ခြင်းဖြင့်အများကိုစည်းရုံးနိုင်၏။ စည်းလုံးညီညွတ်သောလူ့ဘောင် တည်ထောင်နိုင်ရန် အပြောအဆို၊ အရေးအသားသည် ကြီးမားသောစွမ်းအားဖြစ်သည်။

(၁) မှန်တာကိုသာပြောရမည်၊ ရေးရမည်။
(၂) မှန်တိုင်းမပြောရ၊ မရေးရ။ အများအကျိုးရှိမှ စည်းလုံးညီညွတ်မှုအထောက်အကူပြုမှပြောရမည်၊ ရေးရမည်။
(၃) အခါအခွင့်သင့်၊ မသင့်စဉ်းစားပြီးမှ ပြောရမည်၊ ရေးရမည်။
(၄) ရိုင်းပျစွာမပြောရ၊ မရေးရ၊ ယဉ်ကျေးစွာပြောဆိုရေးသားရမည်။
(၅) အမုန်းစိတ်ဖြင့် မပြောရ၊ မရေးရ၊ မေတ္တာစိတ်ဖြင့်သာပြောရမည်၊ ရေးရမည်။

အများ၏အကျိုး၊ တိုင်းကျိုး၊ ပြည်ကျိုးကို သယ်ပိုးဆောင်ရွက်လိုသော

**ပျော့ညံ့လွန်း၊ တင်းမာလွန်းသောအစွန်းနှစ်ဖက်ကို ရှောင်ရမည်။ ပျော့ညံ့လွန်းလျှင် အခြားတစ်ဖက်၏ လွှမ်းမိုးမှု၊ အနိုင်ကျင့်မှုကို ခံရ၏။ တင်းမာလွန်းလျှင် အမုန်းပွား၍ ရန်များတတ်သည်။**

ပုဂ္ဂိုလ်တိုင်း တစ်တိုင်းတစ်ပြည်လုံးစည်းလုံးညီညွတ်၍ ခိုင်မာသော ငြိမ်းချမ်းရေးကို တည်ဆောက်လိုသော ပုဂ္ဂိုလ်တိုင်း မြတ်ဗုဒ္ဓ၏ အဆုံးအမကို ဦးထိပ်ထားလျက် ဆောင်ရွက်နိုင်ကြပါစေ။

ပါမောက္ခချုပ်ဆရာတော်
ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသ

**(ယခုဆောင်းပါးအား ၅. ၇. ၂၀၁၇ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့် ဖတ်ရှုနိုင်ရန်ဖော်ပြထားပါသည်။)**

✱ စာမျက်နှာ ၆ မှ

လုပ်ရပ်အပေါ်ပြစ်မှုကြောင်းမှ အရေးယူခွင့်မပေးတော့ဘဲ တရားမကြောင်းဖြင့် နစ်နာကြေးတောင်းဆိုခွင့်ကိုသာ ပေးလျက်ရှိနေပြီးဖြစ်သည်။ ထို့ကြောင့် အသရေဖျက်မှုကို ပြစ်မှုကြောင်းအရ စွဲဆိုခွင့်ပြုသည့်တိုင်အောင် အာမခံပေးနိုင်ရန် ပုဒ်မ-၆၆ (ဃ)ကို ထောင်ဒဏ်(၂)နှစ်သို့ ပြင်ဆင်ပြောင်းလဲစေပြီး ဒဏ်ငွေပေးဆောင်စေသည့် ပြစ်ဒဏ်ကိုတိုးမြှင့်သတ်မှတ်သင့်သည်ဟု ထင်မြင်ယူဆပါသည်။

## (၅) နှောင့်ယှက်မှုများ

ပြစ်မှုဆိုင်ရာ ဥပဒေတွင် အများပြည်သူ နှောင့်ယှက်မှုဟူ၍ ပြဋ္ဌာန်းထားပြီး တစ်ဦးချင်းအပေါ် နှောင့်ယှက်မှုများနှင့် စပ်လျဉ်း၍ သီးသန့်ပြဋ္ဌာန်းထားခြင်းမရှိပါ။ သက်ဆိုင်ရာနှောင့်ယှက်မှု အမျိုးမျိုးအလိုက် ပြစ်မှုအသီးသီးအတွက် ပြစ်ဒဏ်များပြဋ္ဌာန်းထားပါသည်။ ဆက်သွယ်ရေးဥပဒေတွင် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် နှောင့်ယှက်ခြင်းဟူ၍သာ ဖော်ပြထားပြီး ရှင်းလင်းဖော်ပြထားခြင်းမရှိသောကြောင့် အတိုင်းအဆမရှိ ကျယ်ဝန်းသော အဓိပ္ပာယ်ကိုဆောင်လျက်ရှိနေသဖြင့် လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို ဆုံးဖြတ်နိုင်သောကြောင့် တရားမျှတမှုကို လက်တွေ့မလုပ်ဆောင်နိုင်သည့် ပြဋ္ဌာန်းချက်မျိုးဖြစ်နေပါသည်။

| ပြစ်မှုဆိုင်ရာ ဥပဒေ | | | ဆက်သွယ်ရေးဥပဒေ | | |
|---|---|---|---|---|---|
| ပုဒ်မ | ပြဋ္ဌာန်းချက် | အမြင့်ဆုံးပြစ်ဒဏ် | ပုဒ်မ | ပြဋ္ဌာန်းချက် | အမြင့်ဆုံးပြစ်ဒဏ် |
| ၂၆၈ | နှောင့်ယှက်မှုအဓိပ္ပာယ်ဖွင့်ဆိုချက် | | ၆၆(ဃ) | နှောင့်ယှက်မှု | ၃နှစ် |
| ၂၉၀ | ပြဋ္ဌာန်းထားခြင်းမရှိသော အကြောင်းအရာမျိုးဖြင့် အများပြည်သူနှောင့်ယှက်ခြင်း | ဒဏ်ငွေနှစ်သောင်း | | | |
| ၂၉၁ | ဥပဒေနှင့်အညီ တားမြစ်ထားချက်ကိုခံရပြီးလျက်ထပ်မံနှောင့်ယှက်မှု | ၆လ | | | |
| ၂၉၂ | ညစ်ညမ်းအရာကို အများမြင်အောင်ပြုခြင်း | ၃လ | | | |
| ၂၉၃ | ညစ်ညမ်းအရာကို(၁၈)နှစ်အောက်ရှိသူကိုပြခြင်း၊ ပေးခြင်း | ၆လ | | | |
| ၂၉၄ | အများပြည်သူဆိုင်ရာနေရာတွင် ညစ်ညမ်းမှုတစ်ခုခုပြုခြင်း | ၃လ | | | |

ပြစ်မှုဆိုင်ရာဥပဒေတွင် အများပြည်သူနှောင့်ယှက်မှုများအပေါ် ထောင်ဒဏ်(၆)လအထိသာ ချမှတ်ရန်ပြဋ္ဌာန်းထားသော်လည်း ဆက်သွယ်ရေးဥပဒေတွင် (၃)နှစ်အထိ ပြဋ္ဌာန်းထားပါသည်။

## (၆) မလျော်ဩဇာသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း

ပြစ်မှုဆိုင်ရာ ဥပဒေတွင် မလျော်ဩဇာသုံးခြင်းအတွက် သီးခြားပြဋ္ဌာန်းချက်မရှိဘဲ ရွေးကောက်ပွဲတွင် မလျော်ဩဇာသုံးသည့် ပြစ်မှုများအတွက်သာ ပြဋ္ဌာန်းချက်ရှိနေပါသဖြင့် ခြိမ်းခြောက်မှုကိုသာ လေ့လာနိုင်မည်ဖြစ်ပါသည်။

| ပြစ်မှုဆိုင်ရာ ဥပဒေ | | | ဆက်သွယ်ရေးဥပဒေ | | |
|---|---|---|---|---|---|
| ပုဒ်မ | ပြဋ္ဌာန်းချက် | အမြင့်ဆုံးပြစ်ဒဏ် | ပုဒ်မ | ပြဋ္ဌာန်းချက် | အမြင့်ဆုံးပြစ်ဒဏ် |
| ၅၀၃ | ခြိမ်းခြောက်မှုအဓိပ္ပာယ်ဖွင့်ဆိုချက် | | ၆၆(ဃ) | ခြိမ်းခြောက်မှု | ၃နှစ် |
| ၅၀၆ | ခြိမ်းခြောက်မှု | ၂ နှစ် | | | |
| | သေစေမည်၊ အပြင်းအထန်နာကျင်စေမည်၊ မီးဖြင့်ဖျက်စီးစေမည်၊ သေဒဏ်၊ ကျွန်းဒဏ်ထိုက်စေမည်၊ ကာမဖောက်ပြန်ကြောင်းစွပ်စွဲမည်ဟု ခြိမ်းခြောက်လျှင် | ၇ နှစ် | | | |
| ၅၀၇ | မစ်စာဖြင့် ခြိမ်းခြောက်လျှင် | မူလပြစ်ဒဏ် + ၂ နှစ် | | | |

ပြစ်မှုဆိုင်ရာ ဥပဒေတွင် ကိုယ်တိုင်ကိုယ်ကျ ခြိမ်းခြောက်မှုအတွက် အမြင့်ဆုံး ထောင်ဒဏ် (၇)နှစ်အထိ ချမှတ်နိုင်ပြီး ဆက်သွယ်ရေးဥပဒေတွင် ဆက်သွယ်ရေးကွန်ယက်ကို အသုံးပြု၍ ခြိမ်းခြောက်လျှင် ထောင်ဒဏ် (၃)နှစ်အထိသာ ချမှတ်ခံရမည်ဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။

### ပုဒ်မ-၆၆ (ဃ)ကို ပယ်ဖျက်လိုက်လျှင်

ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆ (ဃ)ကို ပယ်ဖျက်လိုက်လျှင် ပြစ်မှုဆိုင်ရာဥပဒေဖြင့်သာ အရေးယူကြရတော့မည်ဖြစ်သည်။ သို့ဆိုလျှင် ကိုယ်တိုင်ကိုယ်ကျ ကိုယ်ထိလက်ရောက် ကျူးလွန်သူများနှင့် ဆက်သွယ်ရေးကွန်ယက်ကို အသုံးပြု၍ ကျူးလွန်သူတို့မှာ တစ်တန်းတစ်စားတည်း အရေးယူအပြစ်ပေးခံကြရမည်ဆိုလျှင် တရားမျှတသည်ဟုဆိုနိုင်မည် မဟုတ်တော့ပေ။

မူလဆက်သွယ်ရေးဥပဒေအရ ထောင်ဒဏ် (၃)နှစ်အထိသာ ချမှတ်နိုင်သော ခြောက်လှန့်တောင်းယူမှုမျိုးမှာ ထောင်ဒဏ်တစ်သက်တစ်ကျွန်းထိ ချမှတ်ခံရတော့မည်ဖြစ်သည့်အပြင် အာမခံလုံးဝမရနိုင်တော့ကြောင်း ကြုံတွေ့ကြရတော့မည်ဖြစ်သည်။

ထို့အတူ ဆက်သွယ်ရေးဥပဒေအရ ထောင်ဒဏ် (၃)နှစ်အထိသာ ချမှတ်နိုင်သော ခြိမ်းခြောက်မှုမျိုးမှာလည်း ထောင်ဒဏ် (၇)နှစ်ထိ ချမှတ်ခံရတော့မည်ဖြစ်ပြီး အာမခံပေးရန်ပြဋ္ဌာန်းထားပါသည်။

သို့သော် ဆက်သွယ်ရေးဥပဒေအရ ထောင်(၃)နှစ်ချမှတ်ခံရနိုင်သော အနိုင်အထက်ပြုကျင့်မှု၊ မတရားတားဆီးကန့်ကွက်မှု၊ အသရေဖျက်မှုနှင့် နှောင့်ယှက်မှုများအတွက် ပြစ်ဒဏ်များသိသာစွာ လျော့နည်းသွားမည့်အပြင် စွပ်စွဲခံရသူများမှာ အာမခံရကြမည်ဖြစ်သည်။

ထို့ကြောင့် ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ) ကို ရုတ်တရက်ပယ်ဖျက်လိုက်လျှင် သက်သာခွင့်အချို့ရရှိသွားနိုင်သော်လည်း ပိုမိုထိခိုက်နစ်နာသွားနိုင်မည့် အကြောင်းများလည်းရှိနေကြောင်း တွေ့ရှိရမည် ဖြစ်သည်။

### ဆက်သွယ်ရေးဥပဒေအတွက် နည်းပညာပြည့်စုံပြီလား

ဆက်သွယ်ရေးဥပဒေဖြင့် တရားစွဲဆိုစီရင်နေမှုများအပေါ် ခိုင်မာလုံလောက်သော သက်သေအထောက်အထားများတင်ပြနိုင်ရန် နည်းပညာပြည့်စုံခြင်းမရှိဘဲ ပြစ်မှုထင်ရှားအပြစ်ပေးနေကြောင်းလည်း ဝေဖန်လျက်ရှိနေကြပါသည်။

သက်သေခံဥပဒေပုဒ်မ -၁၀၁ တွင် တရားလိုသည် မိမိစွပ်စွဲသည့်အတိုင်း တရားခံမှ ပြစ်မှုကျူးလွန်ကြောင်း ကွင်းဆက်မပြတ်ခိုင်မာလုံလောက်စွာ သက်သေပြရမည်ဖြစ်ကြောင်း တာဝန်သတ်မှတ်ထားပါသည်။ သက်သေခံအထောက်အထား ခိုင်မာလုံလောက်မှလည်း ပြစ်မှုထင်ရှားစီရင်ခွင့်ရှိမည်ဖြစ်ပါသည်။

သို့သော် ပြစ်မှုတချို့တွင် စွပ်စွဲခံရသူ အသုံးပြုသောအကောင့် အမှန်တကယ်ဟုတ်၊ မဟုတ် ခိုင်မာလုံလောက်စွာ သက်သေမပြနိုင်ကြောင်း ဝေဖန်လျက်ရှိကြပါသည်။

ထို့အတူ အကောင့်ပိုင်ရှင် မှန်ကန်သည်ဆိုစေဦးတော့ မိမိအကောင့်အတွင်း တစ်စုံတစ်ဦးမှ ထိုးဖောက်ဝင်ရောက်၍ ပြစ်မှုကျူးလွန်ရေးသားခြင်းများ၊ ပြစ်မှုဖြစ်ပွားအောင်လုပ်ကြံ ပြင်ဆင်ဖြည့်စွက်ခြင်းများအပေါ် စွပ်စွဲခံရသူဘက်မှ မည်သို့မျှသက်သေမတင်ပြနိုင်သဖြင့် ပြစ်ဒဏ်ခံရမှုများ ရှိနေသည်ဟုလည်း ဝေဖန်နေကြောင်း ကြားသိရပါသည်။

ထိုသို့ဖြစ်ရခြင်းမှာ တရားစွဲအဖွဲ့အစည်း၌လည်းကောင်း၊ စွပ်စွဲခံရသူအနေဖြင့်လည်းကောင်း တရားသူကြီးများအနေဖြင့်လည်းကောင်း၊ ဆိုက်ဘာနည်းပညာများ ပြည့်စုံစွာမတတ်ကျွမ်းကြသောကြောင့် ဖြစ်ပါသည်။ ယနေ့နောက်ဆုံးပေါ် ဆိုက်ဘာနည်းပညာကို တတ်မြောက်ထားသူများသည်လည်း နောက်နေ့တွင် အသုံးပြုလာသော တီထွင်ဆန်းသစ်မှုများကို ရုတ်တရက်ဖော်ထုတ်ရန်ခက်ခဲနိုင်ပါသည်။ ယနေ့လူအများ သိရှိထားသော နည်းပညာလောက်ဖြင့် သူတစ်ဖက်သားကိုစွပ်စွဲရာတွင် သက်သေခိုင်လုံရန် မလွယ်ကူပါ။ ထို့ထက်ပိုခက်ခဲသည်မှာ မိမိမပြုလုပ်ဘဲစွပ်စွဲခံရပါက ခုခံဖြေရှင်းပြရန် ဆိုက်ဘာနည်းပညာကို မသိနားမလည်ပါသဖြင့် ထောင်ကျခံရန်မှတစ်ပါး အခြားမရှိပါ။ အခက်ခဲဆုံးမှာ ဆိုက်ဘာနည်းပညာပြည့်စုံမှုမရှိဘဲ ဆိုက်ဘာမှုခင်းများကို တရားစီရင်နေရခြင်းဖြစ်ပါသည်။

သို့ဖြစ်လျှင် နည်းပညာမပြည့်စုံဘဲ ဆက်သွယ်ရေးဥပဒေအရ အရေးယူနေကြခြင်းသည် စွပ်စွဲသူနှင့် စွပ်စွဲခံရသူတို့ နှစ်ဖက်လုံးအတွက် တရားမျှတမှုအနှစ်သာရကင်းမဲ့လျက် သဘာဝယုတ္တိမရှိသော အခြေအနေသို့ ဆိုက်ရောက်နေပြီလားဆိုသည်ကို ပြန်လည်သုံးသပ်ကြရန် လိုအပ်နေပြီဖြစ်ပါသည်။

### ဘာလုပ်သင့်ကြပါသနည်း

ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆ (ဃ)မှာလည်း တရားမျှတမှုမရှိပါ။ တစ်ဖန် ၆၆(ဃ)ကို ပယ်ဖျက်လိုက်လျှင် ပြစ်မှုဆိုင်ရာ ဥပဒေ၏တိကျသော ပြစ်မှုအင်္ဂါရပ် စည်းဘောင်များအတိုင်း ရင်ဆိုင်ခွင့်ရနိုင်သကဲ့သို့ ပြစ်မှုဆိုင်ရာ ဥပဒေပါ ကင်းလွတ်ခွင့် အခွင့်အရေးများကိုလည်းခံစားရရှိနိုင်ပါသည်။ သို့သော် ပြင်းထန်သော ပြဋ္ဌာန်းချက်အချို့နှင့် ကြုံတွေ့ရပြီး အထိနာသူများ ရှိနိုင်ပါသည်။ ထို့ကြောင့် ဆက်သွယ်ရေးကွန်ယက်ကို အသုံးပြုသည့်ကိစ္စကို ကိုယ်ထိလက်ရောက် ကိုယ်တိုင်ကိုယ်ကျ ကျူးလွန်သူတို့အတွက် ပြဋ္ဌာန်းထားသော ပြစ်မှုဆိုင်ရာဥပဒေဖြင့် အရေးယူခြင်းဖြင့် တရားမျှတမှုကို ရနိုင်လိမ့်မည်ဟု ယူဆရန်ခက်ခဲနေပြန်ပါသည်။

တစ်ဖန် ပုဒ်မ-၆၆ (ဃ)အတွင်းမှ အသရေဖျက်မှုတစ်ခုတည်းကိုသာ အထူးပြု၍ ပြင်ဆင်ပေးပြီး ကျန်ပြဋ္ဌာန်းချက်များကို မူလအတိုင်း ဆက်ထားမည်ဆိုပါက ငါးပွက်ရာ ငါးစာချသကဲ့သို့သာ ပြုခြင်းဖြစ်၍ ပြည့်စုံမှန်ကန်သော ပြင်ဆင်မှုမျိုးဟု ဆိုနိုင်မည်မဟုတ်ပါ။

### ဆိုက်ဘာပြစ်မှုဥပဒေ လိုအပ်နေပြီ

အင်တာနက်ကို အသုံးပြု၍ကျူးလွန်သော ရာဇဝတ်မှုများအတွက် အရေးယူအပြစ်ပေးနိုင်ရန်အလို့ငှာ နိုင်ငံအများအပြားတွင် ဆိုက်ဘာပြစ်မှုဆိုင်ရာဥပဒေ (Cyber Crime Law) ပြဋ္ဌာန်း၍ ကျင့်သုံးလျက်ရှိနေကြပြီဖြစ်ပါသည်။

အီလက်ထရွန်နစ် ဆက်သွယ်ရေးကွန်ယက်မျှမကဘဲ အင်တာနက်ကို အသုံးပြုသူအားလုံးအတွက် တိကျသော တားမြစ်ကန့်သတ်ချက်များ၊ လိုက်နာရမည့် ကျင့်ဝတ်များ၊ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်အခွင့်အရေးများ၊ ပြစ်မှုမှကင်းလွတ်ခွင့်ရမည့် ပြဋ္ဌာန်းချက်များပါရှိနိုင်မည်ဖြစ်သောကြောင့် စွပ်စွဲသူနှင့် စွပ်စွဲခံရသူတို့ နှစ်ဦးနှစ်ဖက်တရားမျှတမှု ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် တရားစီရင်သူတို့အတွက်လည်း လွယ်ကူအဆင်ပြေသွားနိုင်မည်ဖြစ်ပါသည်။ နိုင်ငံသားများအားလုံးအတွက်လည်း ထင်မြင်ယူဆခွင့်နှင့် ဖော်ထုတ်ခွင့်စသည့်လွတ်လပ်ခွင့်များ ပိုမိုခံစားရရှိနိုင်မည်ဖြစ်ပါသည်။

### နိဂုံး

သို့ပါ၍ Cyber Crime Law တစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းအတည်ပြုရန် လိုအပ်နေပြီ ဖြစ်ပါသည်။

တောရော၊ မြို့ပါ နိုင်ငံအနှံ့ Facebook သုံးနေသူများကိုလည်း အသိပညာ၊ အတတ်ပညာများ၊ ကျင့်ဝတ်စည်းကမ်းများကို နည်းမျိုးစုံဖြင့် ဖြန့်ဝေသင်ကြားပေးရန်လည်း လိုအပ်နေပါသည်။

Cyber Crime Law မပေါ်ပေါက်သေးမီအတောအတွင်း တရားမျှတမှုမပြည့်စုံသော ဆက်သွယ်ရေးဥပဒေပုဒ်မ-၆၆(ဃ)ကို လုံးလုံးလျားလျား ပယ်ဖျက်ပြစ်သင့်သလော (သို့မဟုတ်) ပြစ်မှုတစ်ခုချင်းအတွက် ပြစ်မှုပြစ်ဒဏ်အမျှတနိုင်ဆုံး ပြင်ဆင်သုံးစွဲသင့်သလော ဆင်ခြင်စဉ်းစားသုံးသပ်နိုင်ကြရန် ဆန်းစစ်တင်ပြလိုက်ရပါကြောင်း . . .

# ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီအစည်းအဝေး(၁/၂၀၁၇) ကျင်းပ

**နေပြည်တော် ဇူလိုင် ၄**
ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းဗဟိုကော်မတီအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် လွှတ်တော်ဝင်းဇမ္ဗူသီရိအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့ ဦးဆောင်၍ လွှတ်တော်ဒုတိယဥက္ကဋ္ဌများ၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ဖိတ်ကြားထားသည့် ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ဖွံ့ဖြိုးရေးလုပ်ငန်း၏ ရည်ရွယ်ချက်များ၊ ဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရာတွင် ပြည်သူ့ကိုယ်စားလှယ်များဖြစ်သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်တိုင် ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လုပ်ငန်းများကို စံချိန်စံညွှန်းကိုက်ညီပြီး စာရင်းစစ်ဆေးခံနိုင်ရန် စနစ်တကျဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မဲဆန္ဒနယ်မြေနှင့် မဲဆန္ဒရှင်များအကျိုးအတွက် အလေးထားဆောင်ရွက်ရန်လိုကြောင်း ပြောကြားသည်။

ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့များအနေဖြင့် လုပ်ငန်းများ တင်ပြဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဗဟိုကော်မတီမှ ညွှန်ကြားထားသည့်အတိုင်း အချိန်မီနှင့် စနစ်တကျ အကောင်အထည်ဖော်ရန်ဖြစ်ကြောင်း၊ မြို့နယ်အလိုက် ဦးစားပေးအစီအစဉ်အရ စိစစ်တင်ပြပြီး လက်တွေ့အကောင်အထည်ဖော်မည့်လုပ်ငန်းများကို မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ဝင်များက မျက်နှာစုံညီဆွေးနွေးဆုံးဖြတ်ခြင်းအားဖြင့် မဲဆန္ဒနယ်မြေနှင့် ပြည်သူများအတွက် အကျိုးရှိသောလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျ စိစစ်ကြပ်မတ်ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် မဲဆန္ဒရှင်များ၏ ယုံကြည်အားကိုးမှုရရှိပြီး ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ရည်ရွယ်ချက်ကို အောင်မြင်အောင် ဆောင်ရွက်သင့်ကြောင်း၊ ဒီမိုကရေစီလုပ်ငန်းစဉ်တွင် စည်းကမ်းဆိုသည်မှာပါရှိပြီးဖြစ်၍ မိမိတို့ကိုယ်စားလှယ်များအနေဖြင့် စည်းကမ်းနှင့်အညီ ဆောင်ရွက်ရေးသည် အရေးကြီးပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် ဗဟိုကော်မတီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ပူးပေါင်းကော်မတီဝင်များက လုပ်ငန်းအတွေ့အကြုံများနှင့် ဆက်စပ်ပြီး ဆောင်ရွက်သင့်သည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဖွံ့ဖြိုးရေးရန်ပုံငွေဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆိုင်ရာများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ဖွံ့ဖြိုးရေးဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြောကြားကာ နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း WFD ကိုယ်စားလှယ်အဖွဲ့ အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၄**
ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်လွှတ်တော်မှ အကူအညီပေးရေးအဖွဲ့ဖြစ်သည့် WFD (Westminster Foundation for Democracy) ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ်ကော်မရှင်၏ လုပ်ငန်းတာဝန်များနှင့် ဆောင်ရွက်ချက်များအပေါ် ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ဒေါ်အိအိခင်ဧ အား ခန့်အပ်

**နေပြည်တော် ဇူလိုင် ၅**
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး နယူးယောက်မြို့မှ ဒုတိယအမြဲတမ်းကိုယ်စားလှယ် ဒေါ်အိအိခင်ဧ အား အင်ဒိုနီးရှားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# မွန်ပြည်နယ်တရားလွှတ်တော်တွင် အမှုလက်ကျန်လျှော့နည်းရေး ညှိနှိုင်းစည်းဝေး

**မော်လမြိုင် ဇူလိုင် ၄**
မွန်ပြည်နယ်တရားလွှတ်တော် ပညာရည်ချွန်ဆုပေးပွဲနှင့် အမှုလက်ကျန်လျှော့နည်းရေးညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ မွန်ပြည်နယ်တရားလွှတ်တော်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော မွန်ပြည်နယ်အတွင်းရှိ တရားရေးမိသားစုဝင် ဝန်ထမ်းသားသမီးများအနက် သုံးဘာသာဂုဏ်ထူးရရှိသူ တစ်ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရရှိသူတစ်ဦးတို့အား မွန်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးက လည်းကောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်သူနှစ်ဦးတို့အား ပြည်နယ်တရားလွှတ်တော် တရားသူကြီး ဦးသိန်းမြင့်နှင့် ဦးညီညီစိုးတို့က လည်းကောင်း ဆုများချီးမြှင့်ခဲ့ကြသည်။ ယင်းနောက် အမှုလက်ကျန်လျှော့နည်းရေး ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(၃၀၇)**

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အဖွဲ့ မောင်တောမြောက်ပိုင်းကျေးရွာများသို့ သွားရောက်လေ့လာ

**မောင်တော ဇူလိုင် ၄**
ရခိုင်ပြည်နယ် မောင်တောမြို့၌ ရောက်ရှိနေသည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr.Filippo Grandi နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မောင်တောခရိုင် မြောက်ပိုင်းရှိ ကျေးရွာများမှ ဒေသခံများနှင့်တွေ့ဆုံပြီး ဒေသတွင်းဖြစ်ပေါ်နေသော အခြေအနေများကို လေ့လာခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မဟာမင်းကြီးနှင့်အဖွဲ့သည် အောင်ဇေယျကျေးရွာ မူလတန်းကျောင်း၌ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မဟာမင်းကြီးက ၎င်းတို့အဖွဲ့အနေဖြင့် ဒေသအခြေအနေများကို လက်တွေ့ကျကျသိရှိနိုင်ရန်နှင့် ကူညီပေးနိုင်သည့်ကိစ္စများကို ကူညီပေးရန်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း၊ ဒေသခံတိုင်းရင်းသားများ၏ စကားသံများကို ကြားသိလိုပါကြောင်း ပြောကြားသည်။

ဒေသခံတိုင်းရင်းသားများက ၎င်းတို့၏ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်များကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ကျီးကန်းပြင်အနောက်ရွာ၌ ကျေးရွာသားများနှင့် တွေ့ဆုံသည်။

မဟာမင်းကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် မောင်တောမြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး၊ အောင်ကျော်ဦး**
**ဓာတ်ပုံ- သတ္တ**



# ပြည်ထောင်စုအစိုးရ၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်

**နေပြည်တော် ဇူလိုင် ၄**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Abul Hassan Mahmood Ali ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့သို့ ဇူလိုင် ၂ ရက်မှ ၄ ရက်အထိ တရားဝင်ခရီး သွားရောက်ခဲ့သည်။

ခရီးစဉ်အတွင်း အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် Ms. Sheikh Hasina၊ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Abul Hassan Mahmood Ali၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး Mr. Asaduzzaman Khan၊ ဝန်ကြီးချုပ်၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Maj-Gen (Ret) Tarique Ahmed Siddique နှင့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် (National Defence College) ကျောင်းအုပ်ကြီး Lt-Gen Chowdhury Hasan Sarwardyတို့နှင့် သီးခြားစီတွေ့ဆုံဆွေးနွေးခဲ့သည်။



**ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ဦးသောင်းထွန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် Ms. Sheikh Hasina တို့ တွေ့ဆုံစဉ်။**

အဆိုပါ တွေ့ဆုံမှုများတွင် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်က ဒီမိုကရေစီအစိုးရသစ်တက်လာပြီးနောက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေး ပြန်လည် ရင်ကြားစေ့ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် ဆက်ဆံရေးအထူးသဖြင့် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်မှု၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှစ်နိုင်ငံအကြားဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်သွားရေး၊ နှစ်နိုင်ငံအကြားလက်မှတ်ရေးထိုးရန် အသင့်ရှိနေသည့် နားလည်မှုစာချွန်လွှာများကို နှစ်ဖက်အဆင်ပြေမည့် အချိန်တွင် ဆောလျင်စွာလက်မှတ်ရေးထိုးသွားရေး၊ ဒေသတွင်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများရှိလာသည်နှင့်အမျှ ဖွံ့ဖြိုးမှုနောက်ကျခြင်းကြောင့်ဖြစ်ပေါ်သည့် ကိစ္စများကိုဖြေရှင်းနိုင်ရေး၊ အကြမ်းဖက်မှုနှိမ်နှင်းရေးနှင့်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်သွားရေးစသည်တို့ကို ဆွေးနွေးခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံခြားရေးဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီး၊ ဝန်ကြီးချုပ်၏ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်တို့က ယဉ်ကျေးမှုကဏ္ဍ၊ ခရီးသွားကဏ္ဍပူးပေါင်းဆောင်ရွက်ရေး ပိုမိုတိုးမြှင့်ဆောင်ရွက်လိုပါကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ Zero tolerance မူကိုကျင့်သုံးပါကြောင်း၊ မိမိတို့ နယ်မြေကိုအသုံးပြုပြီး အခြားနိုင်ငံတစ်နိုင်ငံကို ဆန့်ကျင်သောမည်သည့်အဖွဲ့၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ မိမိတို့မြေပေါ်၌ လက်မခံသည့်မူကိုကျင့်သုံးပါကြောင်း၊ မည်သည့်ခွဲထွက်ရေးကိုမျှ လက်မခံပါကြောင်းဖြင့် ပြောကြား၍ နှစ်နိုင်ငံနယ်ခြားစောင့်တပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်သွားရေး၊ အဆိုပြုထားသည့် နှစ်နိုင်ငံအကြား Border Liaison Office တည်ထောင်ရေးနှင့် Security Cooperation ဆိုင်ရာနားလည်မှုစာချွန်လွှာများကို ဆောလျင်စွာလက်မှတ်ရေးထိုးရေးတို့ကို ဆွေးနွေးခဲ့သည်။

ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က နှစ်နိုင်ငံအကြားဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေး၊ မူးယစ်ဆေးဝါးတိုက်ဖျက်မှုတွင် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပြောကြား၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ မြန်မာဘက်မှ ထွက်ပြေးလာသည်ဆိုသူများကို ပြန်လည်လက်ခံရေးအတွက် မေတ္တာရပ်ခံခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်က မြန်မာနိုင်ငံ၌ National Verification လုပ်ငန်းစဉ် အစီအစဉ်ကိုဆောင်ရွက်နေကြောင်း၊ အဆိုပါလုပ်ငန်းစဉ် ဦးစွာအောင်မြင်အောင်ဆောင်ရွက်ရန် အရေးကြီးကြောင်းကိုပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်သည် ယနေ့နံနက်ပိုင်းတွင် မြန်မာသံရုံးသို့ သွားရောက်၍ မြန်မာသံရုံးယာယီတာဝန်ခံ မြန်မာစစ်သံမှူးကြီးနှင့် သံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံအစိုးရ၏ ငြိမ်းချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်နေမှုများနှင့်ခရီးစဉ်၏ရလဒ်နှင့်ပတ်သက်၍ တွေ့ဆုံပြောကြားခဲ့သည်။

ထို့နောက် အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒါကာမြို့မှရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



**ပြည်ထောင်စုအစိုးရအဖွဲ့၏ အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး Mr. Abul Hassan Mahmood Ali တို့ တွေ့ဆုံဆွေးနွေးစဉ်။**

# မြန်မာဒိုင်လူကြီးနှစ်ဦး သင်တန်းတက်ရန်နှင့် ပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ရန် ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၄**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ကြီးမှူးဖွင့်လှစ်သည့် ဖီဖာ (အာဆီယံဇုန်) ဒိုင်လူကြီးသင်တန်းတွင် တက်ရောက်ပြီး ၂၀၁၇ အာဆီယံ ယူ-၁၅ ပြိုင်ပွဲတွင် တာဝန်ထမ်းဆောင်ရန် မြန်မာနိုင်ငံမှ ကွင်းလယ်ဒိုင်လူကြီး ဦးစိုးလင်းအောင်နှင့် စည်းကြပ်ဒိုင်လူကြီး ဦးဇေယျာမောင်တို့သည် ဇူလိုင် ၃ ရက်က ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။ ဖီဖာ (အာဆီယံဇုန်) ဒိုင်လူကြီးသင်တန်းကို ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ ဖွင့်လှစ်လျက်ရှိပြီး အာဆီယံ ယူ-၁၅ ပြိုင်ပွဲကို ဇူလိုင် ၉ ရက်မှ ၁၉ ရက်အထိ ထိုင်းနိုင်ငံ ချောင်ဘူရီ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းမပါဝင်သည့် အုပ်စု(ခ)ပွဲစဉ်များတွင် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**

## ကြေးမုံ သတင်းတိုများ

### ဖြူးမြို့နယ်တွင် မိုးစပါးစိုက်ဧက ၂၀ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီး

**ဖြူး ဇူလိုင် ၄**

ဖြူးမြို့နယ်သည် တောင်ငူခရိုင်အတွင်းရှိ ခြောက်မြို့နယ်တို့တွင် မိုးစပါးစိုက်ဧကအများဆုံး စိုက်ပျိုးသော မြို့နယ်တစ်ခုဖြစ်သည်နှင့်အညီ ယခုနှစ်မိုးရာသီတွင် မိုးစပါးများကို ၁၅၁၄၄၇ ဧက စိုက်ပျိုးသွားရန် သတ်မှတ်လျာထားခဲ့သည်။

ယင်းသို့စိုက်ပျိုးခဲ့ရာတွင် မိုးရွာသွန်းမှုနည်းပါးပြီး ကောက်စိုက်သမများ ရှားပါးသည့်အတွက် ယခုနှစ်တွင် စပါးစိုက်ပျိုးမှုမှာ နောက်ကျလျက်ရှိပြီး ဇူလိုင်လ ပထမပတ်တွင် စိုက်ဧကမှာ ရာခိုင်နှုန်း ၂၀ ကျော်သာ စိုက်ပျိုးပြီးစီးနေပြီး အများအားဖြင့် လယ်သမားကြီးများမှာ ပျိုးထောင်၊ ပျိုးနုတ်ခြင်းနည်းပါးပြီး အချို့လယ်သမားများ ထွန်စက်ဖြင့် ထွန်ယက်လျက် စပါးကြဲခြင်းများကိုသာ စိုက်ပျိုးလျက်ရှိကြကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**

### မိတ္ထီလာတက္ကသိုလ်၌ မိုးရာသီသစ်ပင်စိုက်ပွဲ ကျင်းပ

**မိတ္ထီလာ ဇူလိုင် ၄**

မိတ္ထီလာတက္ကသိုလ်တွင် မိုးရာသီသစ်ပင်စိုက်ပွဲကို ယနေ့ နံနက် ၇ နာရီက တက္ကသိုလ်ပင်မအဆောင်ရှေ့၌ပြုလုပ်ရာ ကျွန်းပျိုးပင် ၃၀၊ နွယ်သာကီ ပျိုးပင် ၆၀၊ ရွက်လှပျိုးပင် ၄၀ တို့ကို ဒုတိယပါမောက္ခချုပ်နှစ်ဦးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

### ကျေးရွာများအရောက် မှူခင်းပညာပေးလုပ်ငန်းများဆောင်ရွက်

**ပေါင် ဇူလိုင် ၄**

မှုခင်းကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာများရရှိစေရန်အတွက် မှုခင်းအသိပညာပေးယာဉ်ဖြင့် မှုခင်းကာကွယ်တားဆီးရေး အသိပညာပေးမှုကို ပေါင်မြို့နယ် ဆင်ဖြူရှင်ရပ်ကွက် အထကဝင်းအတွင်း ဇူလိုင် ၃ ရက်က ပြုလုပ်ရာ သထုံခရိုင်မှ ရဲအုပ် အောင်ခင်ညွန့်၊ ပေါင်မြို့ နယ်ရဲအုပ် ခင်မောင်ဝင်း၊ တပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးလက်ဒေသများအထိ မှုခင်းအသိပညာပေးယာဉ်ဖြင့် လှည့်လည်ပြသခြင်း၊ လက်ကမ်းစာစောင်များဝေငှခြင်း၊ ဟောပြောပွဲများကို လူထုအတွင်း ကွင်းဆင်းဟောပြောဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လျှပ်စစ်မီးမရရှိသေးသောကျေးရွာများ ဆိုလာများ တပ်ဆင်ပေး

**ဘားအံ ဇူလိုင် ၄**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ လျှပ်စစ်မီးမရရှိသေးသောကျေးရွာများတွင် NEP စီမံကိန်းဖြင့် ဆိုလာများစတင်တပ်ဆင်ပေးလျက်ရှိရာ ဘားအံ၊ ကော့ကရိတ်၊ လှိုင်းဘွဲ့၊ ကြာအင်းဆိပ်ကြီးနှင့် သံတောင်မြို့နယ်များမှ ကျေးရွာများအား တပ်ဆင်ပေးမည်ဖြစ်ပြီး လှိုင်းဘွဲ့မြို့နယ်တွင် ကျေးရွာအုပ်စု လေးစု၊ ကျေးရွာ ၁၁ ရွာအတွက် ဆိုလာ ၁၀၆၃ လုံးကို ဖြန့်ဝေတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

### ပြည်မြို့နယ်အတွင်းရှိ မြစိမ်းရောင်လုပ်ငန်းများ အောင်မြင်

**ပြည် ဇူလိုင် ၄**

ပြည်မြို့နယ်အတွင်း ၂၀၁၄ - ၂၀၁၅ ခုနှစ်မှစတင်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကုန်းကြီး၊ ပိန်းတောကျေးရွာရှိ ကျေးရွာပြည်သူ ၁၀၆ ဦး၏ စီးပွားရေးလုပ်ငန်းများ အောင်မြင်တိုးတက်လျက်ရှိကြောင်း ဇူလိုင် ၁ ရက်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးနှင့် အဖွဲ့၏ ကွင်းဆင်းစစ်ဆေးမှုအရ သိရသည်။

ယင်းကျေးရွာများတွင် ယနေ့အထိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူ ၅၃ ဦး ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူ ၄၁ ဦး၊ အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်သူ ၁၀ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်သူနှစ်ဦးတို့အား မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာ ရန်ပုံငွေကျပ် ၃၄၃ သိန်း ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

**မျိုးကျော်ကြီး (ပြန်/ဆက်)**

# ရန်ကုန် သတင်းမြင်ကွင်း

## ရန်ကုန်မြို့ (၃၁) လမ်းနှင့် (၃၂)လမ်းကြား နောက်ဖေးလမ်းကြားဥယျာဉ် ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် (၃၁)လမ်းနှင့် (၃၂)လမ်း (အလယ်ဘလောက်) နောက်ဖေးလမ်းကြား ဥယျာဉ်ဖွင့်ပွဲကို ဇူလိုင် ၂ ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ခဲ့ကြသည်။



နောက်ဖေးလမ်းကြား ဥယျာဉ်၏ လမ်းကြားနံရံများတွင် မြန်မာနိုင်ငံ ကာတွန်းဆရာများ၏ ဆေးရောင်စုံ ကာတွန်းပန်းချီများရေးဆွဲခြင်း၊ အလှပန်းပင်များ စိုက်ပျိုးထားရှိကာ အလှဆင်ဆောင်ရွက်ထားမှုများဖြင့် နောက်ဖေးလမ်းကြားများတွင် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းနှင့် အညစ်အကြေးများစွန့်ပစ်နေခြင်းတို့အစား နောက်ဖေးလမ်းကြားများ သန့်ရှင်းရေးကိုရည်ရွယ်၍ ဘေးအန္တရာယ်ကင်းရှင်းစွာအပန်းဖြေခြင်း၊ ဆော့ကစားခြင်းတို့ အသုံးပြုနိုင်ရန် ဖော်ဆောင်ခဲ့သည့် နောက်ဖေးလမ်းကြား ဥယျာဉ်များကို ပန်းဘဲတန်းမြို့နယ်အတွင်း ထပ်မံဖော်ထုတ်ဆောင်ရွက်သွားမည်ဟု ပန်းဘဲတန်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်စိုးပပလှိုင်က ပြောသည်။

အဆိုပါ နောက်ဖေးလမ်းကြား ဥယျာဉ်စီမံချက်တွင် နာမည်ကျော် ကာတွန်းဆရာ၊ ပန်းချီဆရာများ၊ အနုပညာရှင်များ၊ အင်တာနေရှင်နယ်ကျောင်းမှ ကလေးများအပါအဝင် ဆေးရောင်စုံကာတွန်းပန်းချီများကို ရေးဆွဲခဲ့ကြောင်း သိရသည်။

ယင်းစီမံချက်ကို "တို့အိမ်" အဖွဲ့နှင့်ပူးပေါင်းကာ အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ကုန်ကျစရိတ်များကို တို့အိမ်အဖွဲ့မှ ၈၀ ရာခိုင်နှုန်း၊ (၃၁) လမ်းနှင့် (၃၂) လမ်းရှိ မိသားစုဝင်များက ၂၀ ရာခိုင်နှုန်း ပူးပေါင်းထည့်ဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ယင်းသို့ ဆောင်ရွက်နိုင်ရန် နောက်ဖေးလမ်းကြားရှိ အမှိုက်များ ရှင်းလင်းခြင်း၊ အုတ်ရေမြောင်းအသစ် ပြုလုပ်ခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ ရေဆိုးပိုက်နှင့် မိလ္လာပိုက်လိုင်းများ ပြုပြင်ခြင်းတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းလုပ်ဆောင်ခဲ့ပြီး မိမိပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရန် စည်းကမ်းတကျ ပူးပေါင်းတာဝန်ယူထိန်းသိမ်းနိုင်ရေးအတွက် မြို့တော်စည်ပင်မှ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့နှင့် ပြည်သူများထံသို့ ဧပြီ ၂၉ ရက်က လွှဲပြောင်းပေးအပ်ခဲ့သည်။

နောက်ဖေးလမ်းကြား ဥယျာဉ်စီမံချက်ကို ပန်းဘဲတန်းမြို့နယ်အတွင်းတွင် ဒုတိယအကြိမ်မြောက် အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်ပြီး ပထမဦးဆုံးအဖြစ် (၂၇)လမ်း နောက်ဖေးလမ်းကြားတွင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-၀၀၁**
**ဓာတ်ပုံ- စောလှိုင်ဝင်း**

■

## အလင်းရောင်အထွေထွေဝန်ဆောင်မှုလုပ်ငန်း သမဝါယမအသင်းလီမိတက်နှင့် ငွေစုငွေချေးသမဝါယမအသင်းလီမိတက် နှစ်ပတ်လည်စည်းဝေး



**ရန်ကုန် ဇူလိုင် ၄**

ကြေးမုံသတင်းစာတိုက် အလင်းရောင်အထွေထွေဝန်ဆောင်မှုလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ကြေးမုံသတင်းစာတိုက် အစည်းအဝေးခန်းမ၌ကျင်းပရာ အသင်းသားများနှင့် ပုဇွန်တောင်မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်လှလှမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် သဘာပတိအလင်းရောင်အထွေထွေဝန်ဆောင်မှုလုပ်ငန်း သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်နှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိတို့က အမှာစကားပြောကြားကြသည်။ ဆက်လက်ပြီး အတွင်းရေးမှူးက အမှုဆောင်အဖွဲ့အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းနှင့် အသားတင်အကျိုးအမြတ်ခွဲဝေမှုကိုလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ ကြေးမုံသတင်းစာတိုက်၏ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယင်းအစည်းအဝေးခန်းမ၌ပင် ဆက်လက်ကျင်းပရာ အသင်းအတွင်းရေးမှူး မန်နေဂျာ ဦးရွှေကိုနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှမြင့်တို့က အမှာစကားပြောကြားကြပြီး တွဲဖက်အတွင်းရေးမှူးက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကိုလည်းကောင်း၊ ဘဏ္ဍာရေးမှူးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် ဘဏ္ဍာရေးရှင်းတမ်းနှင့် အသားတင်အကျိုးအမြတ်ခွဲဝေမှုတို့ကို လည်းကောင်း ဖတ်ကြားရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် အသင်းသားတို့အား အမြတ်ငွေများ ပြန်လည်ထုတ်ဝေပေးခြင်း၊ အသင်းသားများ၏ နှစ်ပတ်လည်အတိုးများကို ခွဲဝေပေးအပ်ခြင်းတို့ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

## အောင်ဘာလေ ထီလက်မှတ်များတွင် ဖွင့်လှစ်မည့် အကြိမ်ရေနှင့် ရက်စွဲမပါရှိသော အရန်ထီများ ရောင်းချခြင်းမပြု

**ရန်ကုန် ဇူလိုင် ၄**

ဇူလိုင် ၁ ရက်မှစတင်၍ ကျပ် ၅၀၀ တန် အောင်ဘာလေ ထီလက်မှတ်များတွင် ဖွင့်လှစ်မည့် အကြိမ်ရေနှင့် ဖွင့်လှစ်မည့်ရက်စွဲ မပါရှိသည့် အရန်ထီလက်မှတ်များကို ရောင်းချတော့မည် မဟုတ်ဘဲ ထီလက်မှတ်ပေါ်တွင် ဖွင့်လှစ်မည့်အကြိမ်ရေနှင့် ဖွင့်လှစ်မည့် ရက်စွဲတို့ပါရှိသော ထီလက်မှတ်များကိုသာ ရောင်းချသွားမည်ဖြစ်ကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

"ဇူလိုင် ၁ ရက်မှ စရောင်းမယ့် ထီလက်မှတ်တွေက ဩဂုတ် ၁ ရက်မှာ ဖွင့်မယ့် (၅)ကြိမ်မြောက် အောင်ဘာလေ ထီလက်မှတ်တွေဖြစ်ပါတယ်။ ဒီလကစပြီး ထီလက်မှတ်တွေမှာ အကြိမ်ရေပါတဲ့၊ ရက်စွဲပါတဲ့ ထီလက်မှတ်တွေကိုပဲ ရောင်းချသွားတော့မှာ ဖြစ်ပါတယ်"ဟု အောင်ဘာလေသိန်းဆုဌာနခွဲမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုလက်ရှိ ဖွင့်လှစ်ခဲ့သည့် (၄) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲအထိ အက္ခရာထီလက်မှတ်များသာမက ဖွင့်လှစ်မည့်ရက်စွဲနှင့် အကြိမ်ရေ မပါရှိသည့် အရန်ထီလက်မှတ်များကို ရောင်းချခဲ့သည်။ အဆိုပါ အရန်ထီလက်မှတ်များမှာ အကြိမ်ရေနှင့် ရက်စွဲမပါရှိသောကြောင့် ထီထိုးသူများနှင့် ရောင်းချသူများအကြားတွင် အငြင်းပွားဖွယ် စိတ်အနှောင့်အယှက်ဖြစ်နေခြင်းများ ရှိနေသဖြင့် (၅) ကြိမ်မြောက် ထီလက်မှတ်များမှစတင်၍ အရန်ထီလက်မှတ်များကို ရောင်းချတော့မည်မဟုတ်ကြောင်း သိရသည်။

ပထမဦးဆုံးအကြိမ် ဖွင့်လှစ်ခဲ့သည့် (၁) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များကို ရောင်းချခဲ့ရာတွင် ၂၀၁၇ ဧပြီ ၁ ရက်တွင် ဖွင့်လှစ်မည်ဟူသော စာသားပါရှိသည့် ထီလက်မှတ် (က) အက္ခရာမှ အစဉ်လိုက် (ဠ) အက္ခရာအထိ ၃၂ လုံး၊ အကြိမ်မြောက်နှင့် မည်သည့်နေ့တွင် ဖွင့်လှစ်မည်ဟူသော စာသားမပါရှိသည့် အရန်ထီလက်မှတ် (ကက)(ကခ)(ကဂ) (ကဃ) အက္ခရာ ၄ လုံး စုစုပေါင်း အက္ခရာ ၃၆ လုံးရောင်းချခဲ့ရကြောင်း ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲမှ ထုတ်ပြန်ခဲ့သည်။ (၂) ကြိမ်မြောက် ဖွင့်လှစ်မည့် ထီလက်မှတ်များကို ရောင်းချခဲ့ရာတွင် (၁)ကြိမ်မြောက်တွင် ရောင်းချခဲ့ပြီးဖြစ်သည့် အရန် ထီလက်မှတ် (ကက)(ကခ) (ကဂ)(ကဃ) အက္ခရာ ၄ လုံးကို ထည့်သွင်းရောင်းချခြင်းမရှိတော့ဘဲ (ကင) အက္ခရာမှ အစဉ်လိုက် "ကထ" အက္ခရာအထိ ရောင်းချပေးခဲ့သည်။ ဇွန် ၁ ရက်တွင် ဖွင့်လှစ်သည့် (၃) ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေ ထီဖွင့်ပွဲအတွက် အကြိမ်ရေနှင့် ရက်စွဲမပါရှိသည့် အရန်ထီလက်မှတ် "ကဒ" အက္ခရာမှ အစဉ်လိုက် "ကအ" အက္ခရာ အထိ အက္ခရာ ၁၆ လုံး စုစုပေါင်း အက္ခရာ ၃၆ လုံး ရောင်းချခဲ့ကြောင်း အောင်ဘာလေ သိန်းဆုဌာနက ကြေညာခဲ့သည်။

ဇွန် ၁ ရက်တွင် ဖွင့်လှစ်ခဲ့သည့် (၄)ကြိမ်မြောက် အောင်ဘာလေ ထီဖွင့်ပွဲအတွက် ထီလက်မှတ်များ ရောင်းချခဲ့ရာတွင် ပင်မထီ "က" အက္ခရာမှ အစဉ်လိုက် "ဖ"အက္ခရာ အထိ အက္ခရာ အလုံးရေ ၂၂ လုံးနှင့် အရန်ထီ "ကက"အက္ခရာမှ အစဉ်လိုက် "ကဖ"အက္ခရာအထိ ၂၂ လုံး စုစုပေါင်း အက္ခရာ ၄၄ လုံးရောင်းချခဲ့ရပြီး (၅)ကြိမ်မြောက် အောင်ဘာလေ ထီလက်မှတ်များတွင်မူ အကြိမ်ရေနှင့် ဖွင့်လှစ်မည့်ရက်စွဲ မပါရှိသည့် အရန်ထီများကို ရောင်းချတော့မည်မဟုတ်ကြောင်း သိရသည်။

**(၀၀၁)**

## မှုခင်းမှတ်တမ်း(အရာရှိ)လုပ်ငန်းခွင်(မွမ်းမံ)သင်တန်းဖွင့်




**ရန်ကုန် ဇူလိုင် ၄**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး သင်တန်းခန်းမ၌ ဇူလိုင် ၃ ရက် နံနက် ၉ နာရီက မှုခင်းမှတ်တမ်း(အရာရှိ) လုပ်ငန်းခွင်(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၇) ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင်က အဖွင့်မိန့်ခွန်းပြောကြားပြီး ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေ၊ ဦးစီးအရာရှိ(ပထမတန်း)၊ ရဲအကူ တပ်ဖွဲ့ခွဲမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးရှိ ဌာနခွဲမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းနည်းပြများ၊ သင်တန်းသားရဲအရာရှိများ စုစုပေါင်း ၆၀ ခန့် တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၃ ရက်မှ ၇ ရက်အထိ သင်တန်းသားအရာရှိ ၂၀ တို့ကို ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ○ (၂၉)ကြိမ်မြောက်မှ

အိမ်ရှင်မလေးရှားအသင်းသည် ဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲရာတွင် ၎င်းတို့အသာရမည့် ရေးဆွဲမှုများ စီစဉ်ထားသော်လည်း ဇူလိုင် ၁ ရက်က ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် အာဆီယံဘောလုံးအဖွဲ့ချုပ်ကောင်စီအစည်းအဝေးတွင် မြန်မာနိုင်ငံအပါအဝင် ဗီယက်နမ်၊ လာအိုစသည့်နိုင်ငံများက ကန့်ကွက်ခဲ့သောကြောင့် အာဆီယံဘောလုံးအဖွဲ့ချုပ်နှင့် မလေးရှားအိုလံပစ်ကော်မတီ၊ မလေးရှားဘောလုံးအဖွဲ့ချုပ်တို့ ညှိနှိုင်းကာ ပြန်လည်ပြောင်းလဲခဲ့ခြင်းဖြစ်သည်။

ယခုပြိုင်ပွဲတွင် (၂၈) ကြိမ်မြောက် စင်ကာပူဆီးဂိမ်းပြိုင်ပွဲ အုပ်စုမဲခွဲခဲ့သည့်ပုံစံအတိုင်း ပြုလုပ်သွားမည်ဖြစ်သည်။ အမျိုးသားပြိုင်ပွဲတွင် အရှေ့တောင်အာရှ ၁၁ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အိမ်ရှင်မလေးရှားနှင့် လက်ရှိချန်ပီယံ ထိုင်းအသင်းတို့က ဦးစားပေးအသင်းများအဖြစ် သတ်မှတ်ခံရသည်။ မလေးရှားအသင်းပါဝင်သည့် အုပ်စု(က) တွင် ငါးသင်း၊ ထိုင်းအသင်းပါဝင်မည့် အုပ်စု (ခ)တွင် ခြောက်သင်း ပါဝင်မည်ဖြစ်သည်။ ကျန်အသင်းများကို ဆီဒင်သတ်မှတ်ရာတွင် (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၌ ငွေတံဆိပ်ရခဲ့သည့် မြန်မာအသင်းနှင့် ကြေးတံဆိပ်ရခဲ့သည့် ဗီယက်နမ်အသင်းတို့က ဆီဒင် (၁)၊ အင်ဒိုနီးရှားနှင့် စင်ကာပူအသင်းတို့က ဆီဒင်(၂)၊ လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ တီမောနှင့် ဘရူနိုင်းတို့က ဆီဒင် (၃) သတ်မှတ်ခံရသည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ခြောက်သင်းသာ ယှဉ်ပြိုင်မည်ဖြစ်ပြီး အိမ်ရှင်မလေးရှားအသင်းက အုပ်စု(က)၊ လက်ရှိချန်ပီယံ ထိုင်းအသင်းက အုပ်စု (ခ)တွင် နေရာချထားခံရသည်။ ၂၀၁၅ ပြိုင်ပွဲတွင် အမျိုးသမီးဘောလုံးပြိုင်ပွဲပါဝင်ခဲ့ခြင်းမရှိသောကြောင့် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ၂၀၁၃ ပြိုင်ပွဲအပေါ်မူတည်၍ ဆီဒင်သတ်မှတ်ချက်များ ထုတ်ပြန်ခဲ့သည်။ ၂၀၁၃ ပြိုင်ပွဲ ငွေဆုရ ဗီယက်နမ်နှင့် ကြေးဆုရ မြန်မာအသင်းက ဆီဒင်(၂)၊ ဖိလစ်ပိုင်နှင့် စင်ကာပူအသင်းတို့က ဆီဒင်(၃)တို့ သတ်မှတ်ခံထားရသည်။

၂၀၁၅ ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲတွင် ထိုင်းအသင်းက မြန်မာအသင်းကို ဗိုလ်လုပွဲတွင် သုံးဂိုးပြတ်ဖြင့်အနိုင်ရကာ ဗိုလ်စွဲခဲ့ပြီး ၂၀၁၃ ဆီးဂိမ်းအမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်းက တတိယသာရရှိခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## ✻ ကျပ်သိန်းတစ်သောင်းဆုမှ

အမေနေမကောင်းလို့ အမေ့ရွာ ပင်တလဲရွာကို အမေ့ကို သွားကြည့်ရင်းနဲ့ ပင်လောင်းမှာ ထီထိုးခဲ့တာ။ ထီမထိုးခင်က အိပ်မက် မက်ပါတယ်။ အိပ်မက်ထဲက ထီဆိုင်မှ ဆရာမက ကျွန်တော် သိန်း ၁၀၀၀၀ ပေါက်လို့ ထီဆုငွေ သွားထုတ်ဆိုပြီး လာပြောတယ်။ အိပ်မက်ထဲက ကျွန်တော်က ဆုငွေ သွားထုတ်ဖို့ ပိုက်ဆံမရှိဘူးလို့ပြောတော့ ဆရာမက တစ်သောင်းတန် ခုနစ်ရွက် ထုတ်ပေးတယ်လို့ အိပ်မက်မက်တယ်။ အဲဒါနဲ့ အမေ့ဆီသွားလည်ရင်း ပင်လောင်းမှာ ထီထိုးဖြစ်ခဲ့တာပါ" ဟု ခွန်မိုးသွင်က ပြောသည်။

ယခု (၄)ကြိမ်မြောက် ထီဖွင့်ပွဲတွင် ရှမ်းပြည်နယ် ပင်လောင်းမြို့မှ ကျပ်သိန်း ၁၀၀၀၀ ဆုကို ဆွတ်ခူးခဲ့သလို ကျပ်သိန်း ၅၀၀၀ ဆုကိုလည်း တာချီလိတ်မြို့တွင် နေထိုင်သူက ဆွတ်ခူးခဲ့ကြောင်း သိရသည်။ ယင်းအပြင် ပြီးခဲ့သည့် (၃)ကြိမ်မြောက် ထီဖွင့်ပွဲတွင်လည်း ကျပ်သိန်း ၁၀၀၀၀ ဆုကို ရှမ်းပြည်နယ် ပင်လုံမြို့မှ ဆွတ်ခူးခဲ့ရာ ဆုကြီးများ ဆွတ်ခူးမှုများပြီး ဆုမဲအရေအတွက်များလည်း ထပ်မံတိုးမြှင့်လာသောကြောင့် ရှမ်းပြည်နယ်တွင် အောင်ဘာလေထီကို စိတ်ဝင်တစား ကံစမ်းလိုသူ များလာကြောင်း သိရသည်။

(၄)ကြိမ်မြောက် ကျပ် ၅၀၀ တန် အောင်ဘာလေထီဖွင့်ပွဲကို ဇူလိုင် ၁ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲတွင် ကျင်းပခဲ့ပြီး ကျပ်သိန်း ၁၀၀၀၀ ဆုအပြင် ကျပ်သိန်း ၅၀၀၀ ဆု နှစ်ဆု၊ ကျပ်သိန်း ၃၀၀၀ ဆု သုံးဆု၊ ကျပ်သိန်း ၁၀၀၀ ဆု ခြောက်ဆု၊ ကျပ်သိန်း ၅၀၀ ဆု ရှစ်ဆု၊ ကျပ်သိန်း ၃၀၀ ဆု ကိုးဆု၊ ကျပ်သိန်း ၁၀၀ ဆု ကိုးဆု၊ ကျပ်သိန်း ၅၀ ဆု ၁၂ ဆု၊ ကျပ်သိန်း ၃၀ ဆု ၁၂ ဆု၊ ကျပ် ၁၀ သိန်းဆု ၁၃ ဆု၊ ၀၀၀၀ ဆာဆာပဒေသာဆုမဲစနစ်တွင် ကျပ်သုံးသိန်းဆု (အက္ခရာနှင့် ရှေ့ဂဏန်း ၅ လုံးတူ) ၁၀ ယူနစ်ဆု ၁၀၀ ဆု၊ ကျပ်နှစ်သိန်းဆု (အက္ခရာနှင့် ရှေ့ဂဏန်း ၄ လုံးတူ) ၁၀ ယူနစ်ဆု ၁၀၀၀ ဆု၊ ကျပ်တစ်သိန်း (အက္ခရာနှင့် ရှေ့ဂဏန်း ၃ လုံးတူ) ၁၂ ယူနစ်ဆု ၁၂၀၀၀ ဆု၊ ကျပ် ၅၀၀၀၀ ဆု (အက္ခရာနှင့် ရှေ့ဂဏန်း ၂ လုံးတူ) ၁၀ ယူနစ်ဆု ၁၀၀၀၀၀ ဆု စုစုပေါင်း ဆုမဲအရေအတွက် ၁၁၃၁၇၅ ချီးမြှင့်ခဲ့ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲမှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-ဆုနှင်းလှဲ့**

## ■ ကျောဖုံးမှ

ဆီမီးတောက်ကုန်း အခြေခံပညာမူလတန်းကျောင်းမှာ ကျောင်းဝင်းအတွင်း ရေဝင်ရောက်မှု မရှိသေးသော်လည်း ချောင်းရေများပြည့်လျှံလျက်ကျေးရွာအတွင်း လမ်းများပေါ်တွင် ရေများဖြတ်ကျော်နေခြင်းတို့ကြောင့် ကျောင်းသားကျောင်းသူများအန္တရာယ်ရှိပါသဖြင့် ခေတ္တပိတ်ထားရကြောင်း၊ ရေကျဆင်းချိန် ပိတ်ရက်များတွင် ရက်စားပြန်လည်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူ(ပြန်/ဆက်)**

## ✻ ရေဝတီမှ

စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။ အလားတူ မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခွဲခန့်တွင် ရောက်ရှိနေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ထို့ပြင် ဟုမ္မလင်းမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် ရွှေကူမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။ **(ကြေးမုံ)**

# ကယ်ဆယ်ရေးစခန်းမှ ထွက်ခွာပြီး ရောင်နီဦးဆိပ်ကမ်းသွားရောက်ခဲ့သည့် ဦးလှမြင့် (ခ) နူရှုမာမောက်နှင့်အဖွဲ့ ဒေသခံများနှင့်ပဋိပက္ခ ဖြစ်ပွား

**နေပြည်တော် ဇူလိုင် ၄**

စစ်တွေမြို့ ရွာကြီးမြောက်ရပ်ကွက် ဝါစက်လမ်း၌ ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် ပဋိပက္ခဖြစ်ပွားလျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက် ရှင်းလင်းကာ တရားခံများ ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိပြီး အခြားနေရာများသို့ ပဋိပက္ခပြန့်ပွားကူးစက်ခြင်း မရှိစေရန် စစ်တွေမြို့တွင် ရဲတပ်ဖွဲ့ဝင်များ ဖြန့်ခွဲချထားလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒါးပိုင်ကယ်ဆယ်ရေးစခန်းမှ ဦးမြင့်နိုင်ပါ ၁၀ ဦးသည် မှန်စီလုံခြုံရေးရဲကင်းမှ တပ်ကြပ်နိုင်နိုင်၊ တပ်သားစိုးဝင်းတို့နှင့်အတူ စူပါကာစတန် မော်တော်ယာဉ်ဖြင့် စစ်တွေမြို့ တရားရုံးသို့ သက်သေထွက်ဆိုရန် ထွက်လာစဉ် ၎င်းယာဉ်နောက်မှ လှရွှေ(ခ)မိုဟာမတ် တူဆောင်း မောင်းနှင်၍ ဦးလှမြင့်(ခ)နူရှုမာမောက်၊ သိန်းကျော် (ခ) အဒူရာမာန်၊ အဒူဒါရစ်၊ မောင်မောင်ရှည် (ခ) အဒူမာလိတ်၊ မောင်သန်းကျော်(ခ) အဒူရာမောက်၊ မောင်နု(ခ)မော်နီရာမောက်တို့သည် အခြား Super Custom မော်တော်ယာဉ်ဖြင့် တရားရုံး၌ သက်သေခံရန် သက်ဆိုင်ခြင်းမရှိဘဲ ၎င်းတို့အစီအစဉ်ဖြင့် တရားရုံးသို့ လိုက်ပါခဲ့ကြောင်း သိရသည်။

၎င်းတို့အဖွဲ့သည် တရားရုံးမှ စစ်တွေအမှတ် (၂) ရဲစခန်းသို့ သွားရောက်၍ ထိုမှတစ်ဆင့်ရွာကြီးမြောက်ရပ်ကွက် မီးခြစ်စက်လမ်း ရောင်နီဦးဆိပ်ကမ်းသို့ သွားရောက်ကာ ဆိပ်ကမ်းတစ်ဝိုက်ကြည့်ရှုစဉ် ဒေသခံအချို့က ခဲများဖြင့် ဝိုင်းဝန်းပစ်ပေါက်ရာ မောင်နု (ခ) မောင်နီရာမောက်သည် ဦးခေါင်းပေါက်ပြဲ ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ကျန်ခြောက်ဦးမှာ ဒဏ်ရာများ ရရှိခဲ့၍ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ညနေ ၆ နာရီခွဲတွင် ဒဏ်ရာရရှိသူ ခြောက်ဦးအနက် နှစ်ဦးအား အတွင်းလူနာအဖြစ် ဆက်လက်ဆေးကုသလျက်ရှိပြီး ကျန်လေးဦးအား ဒါးပိုင်ကယ်ဆယ်ရေးစခန်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအဖွဲ့ ကယ်ဆယ်ရေးစခန်းမှ ထွက်ခွာပြီး ရောင်နီဦးဆိပ်ကမ်းသို့ သွားရောက်ခဲ့သည့် နောက်ခံအကြောင်းရင်းနှင့် ရောင်နီဦးဆိပ်ကမ်းတွင် ခဲများဖြင့် ဝိုင်းဝန်းပစ်ပေါက်ရာတွင် ပါဝင်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ရောင်နီဦးဆိပ်ကမ်းဖြစ်စဉ်ကြောင့် အခြားနေရာများသို့ ပဋိပက္ခ ပြန့်ပွားကူးစက်ခြင်း မရှိစေရေး စစ်တွေမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖြန့်ခွဲချထားလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❒

# ဘူးသီးတောင်မြို့နယ် ငရန့်ချောင်းရပ်ကွက်(၈)မှ လူနှစ်ဦး အသတ်ခံရပြီး မောင်နုမကျေးရွာသား တစ်ဦးအား ဖမ်းဆီးခေါ်ဆောင်သွား

**နေပြည်တော် ဇူလိုင် ၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ် ယင်းမကျောင်းတောင် ရွာထိပ်၌ ယမန်နေ့ ညနေပိုင်းတွင် လူ ၁၀ ဦးခန့်က ဓားဖြင့်ဝိုင်းထိုးသဖြင့် ငရန့်ချောင်းရပ်ကွက်နေသူ နှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ် ယင်းမကျောင်းတောင်ရွာထိပ်၌ ယမန်နေ့ ညနေ ၆ နာရီခွဲခန့်တွင် လူ ၁၀ ဦးခန့်က ငရန့်ချောင်းရပ်ကွက်(၈)နေ ဘိုစိန်ဦး(ခ) မာမောက်ဟာရစ်နှင့် ရွှေလှ(ခ)မာမောက်ဟာဆောင်းတို့ နှစ်ဦးအား ဓားဖြင့်ထိုးသတ်ပြီး အလောင်းအား ယင်းမချောင်းဘက်သို့ သယ်ဆောင်သွားသည်ကို တွေ့ရသဖြင့် ဘိုစိန်ဦး၏ အစ်ကိုဝမ်းကွဲ ဆွေယော့ဒူရာမာန်က တောင်ဘဇာနယ်မြေစခန်းသို့ သတင်းပို့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ဘိုစိန်ဦး(ခ)မာမောက်ဟာရစ်တွင် လည်ပင်း ပြတ်ရှဒဏ်ရာ နှစ်ချက်၊ ဝမ်းဗိုက်၊ ဝဲလက်မောင်းတို့တွင် ထိုးသွင်းဒဏ်ရာနှစ်ချက်၊ ရွှေလှ(ခ) မာမောက်ဟာဆောင်းတွင် ဝမ်းဗိုက် ထိုးသွင်းဒဏ်ရာ ငါးချက်၊ လည်ပင်း၊ ဝဲခါးတွင် ပြတ်ရှဒဏ်ရာ ခြောက်ချက်ဖြင့် သေဆုံးလျက်ရှိသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ထို့ပြင် ဘူးသီးတောင်မြို့နယ် ငရန့်ချောင်းကျေးရွာအုပ်စု မောင်နုမကျေးရွာနေ အဒူဆူဝမ်းသည် ယနေ့ နံနက် ၁ နာရီခန့်တွင် နေအိမ်၌ အိပ်ပျော်နေစဉ် မျက်နှာဖုံးများဝတ်ဆင်ထားသည့် လူ ၁၅ ဦးခန့်က နေအိမ်အတွင်း ဝင်ရောက်ပြီး အဒူဆူဝမ်းအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပုသိမ်ဆိပ်ကမ်း ဝဲန်မြစ်အတွင်း ဗေဒါပင်၊ ဒိုက်ပင်များ ပြည့်ကျပ်နေမှုကြောင့် လှေ၊ သင်္ဘောများ သွားလာရန်ခက်ခဲနေ

**ပုသိမ် ဇူလိုင် ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ဆိပ်ကမ်း ငဝန်မြစ်အတွင်း၌ အထက်မြစ်ညာကရေစီးသန်မှုကြောင့် ဒိုက်ပင်၊ ဗေဒါပင်များ မျောပါလာမှုများပြားသဖြင့် လှေ၊ သင်္ဘောများသွားလာရန် ခက်ခဲနေသည့်အပြင် မြွေ၊ ကင်းအန္တရာယ် စိုးရိမ်နေရကြောင်း သိရသည်။

"နှစ်စဉ်မိုးရာသီကာလ ရေကြီးလေထန်တဲ့ အခါများမှာသာ အထက်မြစ်ညာက ရေစီးသန်မှုကြောင့် အမှိုက်၊ ဒိုက်တွေ၊ ဗေဒါပုတ်တွေ မျောပါလာတာများပြားပြီး ပုသိမ်ဆိပ်ကမ်းမှာ စုပြုံပြည့်ကျပ်နေလို့ လှေ၊ သင်္ဘောရဲ့ပန်ကာတွေ ဗေဒါရစ်ပတ်မှုတွေကြောင့် ခရီးနှောက်နှေးရတယ်။ မြွေ၊ ကင်းပိုးမွှားအန္တရာယ်လွန်စွာ စိုးရိမ်ရလို့ ခရီးသည်တင်ရေယာဉ်မှူးတွေ၊ ရေယာဉ်ပိုင်ရှင်တွေကို ရှေးဦးသူနာပြုစုနည်းနှင့်အရေးပေါ်ကယ်ဆယ်ရေး ပစ္စည်းတွေထားရှိရန် လိုအပ်တယ်"ဟု တိုင်းဒေသကြီး ရေယာဉ်များစနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတိုင်းအောင်နှင့်အဖွဲ့က လိုက်လံစစ်ဆေးပြီး ပြောကြားခဲ့သည်။

**(ပုသိမ်လှကြည်)**

# မောင်တောမြို့နယ်၌ ရွာသားနှစ်ဦးပျောက်ဆုံး

**နေပြည်တော် ဇူလိုင် ၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် သဲချောင်းကျေးရွာမှ ရွာသားနှစ်ဦး ဇူလိုင် ၂ ရက် နံနက်ပိုင်းက နေအိမ်မှ ထွက်သွားပြီး ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

မောင်တောမြို့နယ် သဲချောင်းကျေးရွာနေ နိုင်ဝင်း (ခ) ဂျိယာမန်နှင့် အနုဟာမက်စ်တို့နှစ်ဦးသည် ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီခန့်က နိုင်ဝင်း၏နေအိမ်မှ ကားဖြင့် ထွက်သွားပြီး ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးနေသဖြင့် မိသားစုဝင်များက လိုက်လံရှာဖွေခဲ့ရာ ဇင်ပိုင်ညာဈေးအရှေ့ဘက် ဘောလုံးကွင်း၌ မော်တော်ယာဉ်အား သော့တပ်လျက်တွေ့ရှိရပြီး လူနှစ်ဦးမှာ ပျောက်ဆုံးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ထရန်စဖော်မာများ အသစ်တိုးချဲ့တည်ဆောက်

**နတ္တလင်း ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ္တလင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေအတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားကို ဗို့အားပြည့်ဝစွာသုံးစွဲနိုင်ရေးအတွက် သာစည်ရပ်ကွက် အိုးမြေတွင်းလမ်းသစ်လမ်းတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ရွာမရပ်ကွက် ရွာမလမ်းတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ မြို့မရပ်ကွက် ဗိုလ်ရုံလမ်းတွင် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တစ်လုံး၊ တံခွန်တိုင်အုပ်စု ကျွန်းကုန်းကျေးရွာတွင် ၁၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး၊ ကုန်းကြီးရွာတွင် ၁၀၀ ကေဗွီအေထရန်စဖော်မာတစ်လုံး၊ အသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီထွန်းနှင့် လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ဇွန် ၂၅ ရက်တွင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။ **(၄၉၇)**

# အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**မုဒုံ ဇူလိုင် ၄**

မွန်ပြည်နယ် မုဒုံမြို့နယ် မြတ်ပညာငွေစုငွေချေး သမဝါယမအသင်း၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးနှင့် အသင်းဝင်များအား အမြတ်ငွေခွဲဝေပေးခြင်း၊ စုဆောင်းငွေပေါ် စုငွေအမြတ် ခွဲဝေပေးခြင်းအခမ်းအနားကို ဇူလိုင် ၃ ရက်က မုဒုံမြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ အသင်း၏ဒုတိယဥက္ကဋ္ဌဦးသန်းတင်နှင့် မြို့နယ်သမဝါယမဦးစီးဌာနမှူး ဒေါ်စိုးစိုးအေးတို့က အဖွင့်အမှာစကားပြောကြားသည်။

အသင်းအမှုဆောင် ဦးအောင်တိုးက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် အသင်းအမှုဆောင်အစီရင်ခံစာကို ဖတ်ကြားပြီး ဘဏ္ဍာရေးရှင်းတမ်းကို အသင်းတွဲဖက်အတွင်းရေးမှူး ဦးလေးဆွေနှင့် အသင်းတစ်နှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့မှုနှင့် လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြခြင်းနှင့် အသင်းဝင်များ မေးမြန်းချက်များကို အသင်းအတွင်းရေးမှူး ဦးမင်းသောင်းဟန်က ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ အသင်းဝင် ၁၇၃၇ ဦးကို စုဆောင်းငွေအမြတ်နှင့် အတိုးတို့ကို ခွဲဝေပေးခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ကော့သောင်းမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၄**

မူးယစ်တပ်ဖွဲ့စု(၃၄)ကော့သောင်းမှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၃ ရက်က ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် အင်ဒိုတိုက်တန်း အခန်း(၅)နေ ကောင်းဆက်ပိုင် (ခ)ဝိုင်းငယ်၏ နေအိမ်ခန်းကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၃ ပြားကိုလည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ ကော့သောင်းမြို့ အေးမြကန်သာရပ်ကွက် မနော်ဟရီ (၄)လမ်းနေ အေးကို၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၇၈ ပြား၊ မြန်မာငွေကျပ် ၂၉၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကိုလည်းကောင်း၊ ထပ်မံကွင်းဆက်ဖော်ထုတ်ချက်အရ ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ခူဝံလမ်း အမှတ် (၅၉) နေ ကြည်စိုး(ခ)ကိုစိုး၏နေအိမ်သို့ သွားရောက်ရှာဖွေရာ မူးယစ်ဆေးဝါး တွေ့ရှိခြင်းမရှိသော်လည်း အိမ်ရှင်ကြည်စိုး(ခ)ကိုစိုးကို လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ကောင်းဆက်ပိုင်(ခ)ဝိုင်းငယ် (၂၂)နှစ်၊ အေးကို(ခ)ဗလကြီး(၃၀)နှစ်နှင့် ကြည်စိုး(ခ)ကိုစိုး(၅၂)နှစ်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၄**

တရားမဝင်ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁၃ စီး၊ သွင်းကုန် ၅၄၄ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၉ စီး၊ သွင်းကုန် ၂၁၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများကို တင်သွင်း/တင်ပို့သောကုန်စည်များကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၃ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၄၇၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက



တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသော သစ်သီးမျိုးစုံ၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် စက်ဘီးအပိုပစ္စည်းများကို တွေ့ရစဉ်။

တားဆီးမှုရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉ ဒသမ ၆၉၇ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၈ ဒသမ ၁၇၃ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၃ ရက်တွင် မူဆယ်မှမန္တလေးသို့ သွားရောက်မည့် ခရီးသည်တင်ယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က တားဆီးရှာဖွေစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော သစ်သီးမျိုးစုံ၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် စက်ဘီးအပိုပစ္စည်းများ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၄ သန်းခန့်ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ချင်းတွင်းမြစ်အတွင်း အမြန်ရေယာဉ်တစ်စင်း မီးလောင်မှုဖြစ်ပွား၊ တစ်ဦးပျောက်ဆုံး

**မုံရွာ ဇူလိုင် ၄**

ချင်းတွင်းမြစ်အတွင်း မုံရွာမြို့မှ မောက္ကတော်သို့အဆန်ခရီးထွက်လာသော မြင့်မြတ်သူ(၂) အမြန်လူစီးရေယာဉ်သည် ဇူလိုင် ၄ ရက် မွန်းလွဲ ၁ နာရီခန့်တွင် ကနီမြို့နယ် မဲဒင်ကျေးရွာနှင့်စဖိုကြီးကြားတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ လိုက်ပါလာသော ခရီးသည် ၄၈ ဦးမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း အသက် (၂၀) အရွယ် အမျိုးသားတစ်ဦး ပျောက်ဆုံး၍ ရှာဖွေရေးလုပ်ငန်းများဆောင်ရွက်နေကြောင်း သိရသည်။



မုံရွာမြို့မှ မောက္ကတော်သို့ ခရီးသည် ၄၈ ဦးတင်ဆောင်လာသော မြင့်မြတ်သူ(၂) အမြန်လူစီးရေယာဉ်နောက်ပိုင်းရှိ ဆီပိုက်မှတစ်ဆင့် မီးစတင်လောင်ရာ မော်တော်တစ်ဝက်နီးပါးအထိ လောင်ကျွမ်းခဲ့ရာ လိုက်ပါလာသောခရီးသည် ၄၈ ဦး အနီးကပ်ဆုံး ကမ်းပါးသို့ တင်ပို့ပေးထားကြောင်း ကနီဒေသခံ ကိုဝင်းဇော်ခိုင်ထံမှ သိရသည်။

"လက်ရှိမှာတော့ မဲဒင်ရွာက ဒေသခံတွေရဲ့ညီညီညွတ်ညွတ် ကူညီငြိမ်းသတ်မှုကြောင့် ခဏအတွင်းမှာပဲ မီးကိုငြိမ်းသတ်နိုင်ခဲ့ပါပြီ။ ကနဦးစစ်ဆေးချက်အရ ဆီပိုက်ကနေတစ်ဆင့်လောင်တယ်လို့ပဲ သိထားပါသေးတယ်။ဆက်စစ်နေဆဲဖြစ်ပါ တယ်။ ခရီးသည် ၄၈ ဦး ကတော့ ထိခိုက်ဒဏ်ရာ ရတာမရှိပါဘူး။ ခရီးသည်တွေ ခရီးဆက်ထွက်ခွာရေးကိုလည်း မော်တော်အသင်းတွေနဲ့ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ ခရီးသည်ထဲက အသက် (၂၀) အရွယ် ကိုချစ်ကိုနိုင်ပျောက်နေတဲ့အတွက် ရှာဖွေရေးတွေလုပ်နေပါတယ်"ဟု ကိုဝင်းဇော်ခိုင်ကပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# သုံးစွဲရန်မသင့်သောအလှကုန်ပစ္စည်းကို အများပြည်သူသိရှိရန် အသိပေးကြေညာချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက် ရှိပါသည်။

၂။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းနှုတ်ခမ်းဆိုးဆေးတစ်မျိုးသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၌ မှတ်တမ်းတင်ထားခြင်းမရှိသည့်အပြင် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းအရောင်ဆိုးဆေးပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အများပြည်သူလူထုသုံးစွဲရန် မသင့်တော်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | NYX LipGlossWine LipTint NY05 | ဖော်ပြမထားပါ။ | Rhodamine B (CI 45170) (+) |

၃။ Rhodamine B အရောင်ဆိုးဆေးသည် အဝတ်အထည်များ အရောင်ဆိုးရာတွင် အသုံးပြုသောဓာတုပစ္စည်းဖြစ်၍ ရေရှည်သုံးစွဲပါက နှုတ်ခမ်းကင်ဆာ၊ အစာအိမ်အူလမ်းကြောင်းကင်ဆာနှင့် ကျောက်ကပ်ရောဂါများ ဖြစ်ပွားနိုင်ပါသည်။

၄။ အလှကုန်ပစ္စည်းတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချသည့်ကုမ္ပဏီနှင့် လက်လီလက်ကားဆိုင်များသည် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် မှတ်တမ်းတင်ထားခြင်းမရှိသော အများပြည်သူသုံးစွဲရန် မသင့်ကြောင်းကြေညာထားသည့် အလှကုန်ပစ္စည်းများတင်သွင်း၊ ဖြန့်ဖြူး၊ ရောင်းချခြင်းများကို ကျင့်ဝတ်(Ethic) အရ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**




# ညောင်လေးပင်မြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းနှင့်နေအိမ်များ အမိုးလန်ပျက်စီး

**ညောင်လေးပင် ဇူလိုင် ၄**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် ဇူလိုင် ၃ ရက်နှင့် ၄ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းနှင့်နေအိမ်များ အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၃ ရက် ည ၁၂ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် ရေဖြူကန်ကျေးရွာအုပ်စုရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) သွပ်မိုးလန်၍ မြားတန်းများပျက်စီးကာ လူနေအိမ်နှစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။



အလားတူ ဇူလိုင် ၄ ရက် နံနက် ၃ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် ထင်းကုန်းကျေးရွာအုပ်စု ထင်းကုန်းကျေးရွာ၌ လူနေအိမ်နှစ်လုံးပြိုကျကာ လူနေအိမ် ၁၀ လုံး အမိုးလန်ခဲ့ပြီး ကျောက်ပုံကျေးရွာတွင် လူနေအိမ်သုံးလုံးပြိုကျ၍ လူနေအိမ် ၁၄ လုံး အမိုးလန်ကာ ဒုံဇရစ်ကျေးရွာတွင် လူနေအိမ် ၁၁ လုံး အမိုးလန်၍ စုစုပေါင်း အိမ်ခြေ ၄၀ ကျော် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# အမျိုးသမီးတစ်ဦး ခြောက်လှာဝရန်တာမှ ခုန်ချမှုဖြစ်ပွား

**ရန်ကုန် ဇူလိုင် ၄။** ။ ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် လွတ်လပ်ရေးရပ်ကွက် အောင်ဇေယျလမ်း အမှတ် (၉၆၊ ၆)လွှာ(ဘီ)နေ ချောစု(ခ)စုမွန်ကျော် (၂၄)နှစ်သည် ဇူလိုင် ၄ ရက် နံနက် ၇ နာရီခွဲခန့်က စိတ်ကျရောဂါဖြစ်နေရာမှ အိမ်သာဆေးရာတွင် အသုံးပြုသော ကြွေကြေးချွတ်ဆေးအနည်းငယ်သောက်သုံးပြီး နေထိုင်ရာ ခြောက်လွှာဝရန်တာမှ ခုန်ချခဲ့သည်။

ခြောက်လွှာမှခုန်ချမှုကြောင့် ဘယ်/ညာခြေချောင်းများနှင့် ခြေသလုံးများတွင် ပွန်းပဲ့ဒဏ်ရာများ ရရှိပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ရာ (အတွင်းလူနာ စိုးရိမ်ရ)ဖြင့် ဆေးကုသမှုခံယူလက်ရှိကြောင်း သိရသည်။

**တင်မောင်ဦး (အလုံ)**

## အားကစား

# ဘာစီလိုနာနှင့် စာချုပ်သစ် ဟန်းနီးမွန်းကအပြန် မက်ဆီချုပ်ဆိုမည်

တိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် ယခုလလယ်တွင် ဟန်းနီးမွန်းခရီးက ပြန်လာမည်ဖြစ်ရာ ခရီးမှပြန်ရောက်ပါက ဘာစီလိုနာအသင်းနှင့် စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။ အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် ကာလရှည်လက်တွဲခဲ့သည့် သူ၏ချစ်သူ အန်တိနီလာရော့ကတ်ဇ်ဇိုနှင့် ဇွန် ၃၀ ရက်က လက်ထပ်ခဲ့ပြီး ယခု သီတင်းပတ်အကုန်တွင် သူ၏မိသားစုနှင့်အတူ ဘာစီလိုနာသို့ ပြန်လာမည်ဖြစ်သည်။ သို့ရာတွင် ဘာစီလိုနာအသင်းကိုမူ ဇူလိုင် ၁၂ ရက်အထိ လာရောက်ဦးမည်မဟုတ်ကြောင်းလည်း သိရသည်။

ကမ္ဘာ့အကောင်းဆုံးကစားသမားဆုကို ငါးကြိမ်အထိရယူနိုင်ခဲ့သည့် အာဂျင်တီးနား တိုက်စစ်မှူး မက်ဆီ၏ ဘာစီလိုနာအသင်းနှင့် စာချုပ်သက်တမ်းသည် ၂၀၁၈ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း လက်ရှိတွင် စာချုပ်သစ်အတွက် သဘောတူညီထားကြောင်း သိရသည်။

ဘာစီလိုနာတိုက်စစ်မှူး မက်ဆီသည် စာချုပ်သစ်ချုပ်ဆိုခဲ့ပါက ၂၀၂၁ ခုနှစ်အထိ ဘာစီလိုနာအသင်းတွင် ဆက်ရှိနေမည်ဖြစ်သည်။ အာဂျင်တီးနားကြယ်ပွင့် မက်ဆီသည် ၂၀၀၄ ခုနှစ်တွင် ဘာစီလိုနာအသင်း၌ စတင်ကစားခဲ့ပြီး ဘာစီလိုနာအသင်းနှင့်အတူ ဂိုးပေါင်း ၅၀၀ ကျော် သွင်းယူပေးနိုင်ခဲ့သည့်အပြင် ဆုဖလား အကြိမ်(၃၀)အထိ ရယူထားနိုင်ခဲ့သည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။ အသက်(၃၀)အရွယ်ရှိပြီဖြစ်သည့် လီယွန်နယ်မက်ဆီသည် ဘာစီလိုနာအသင်းနှင့်အတူ ဘောလုံးရာသီ ၁၃ ရာသီကြာ ဖြတ်သန်းခဲ့ရာတွင် ပွဲပေါင်း ၅၈၃ ပွဲအထိ ပါဝင်ကစားပေးထားကြောင်းလည်း သိရသည်။







# ချယ်လ်ဆီးသို့ နည်းပြဘဝဖြင့် ပြန်လာရန် ရည်ရွယ်ထားဟု ဂျွန်တယ်ရီပြောကြား

ချယ်လ်ဆီးအသင်း၏ အသင်းခေါင်းဆောင်ဟောင်းတစ်ဦးဖြစ်သူ နောက်တန်းကစားသမား ဂျွန်တယ်ရီသည် လက်ရှိတွင် ချယ်လ်ဆီး အသင်းမှထွက်ခွာကာ အက်စ်တွန်ဗီလာအသင်းသို့ တစ်နှစ် သက်တမ်းရှိ စာချုပ်တစ်ရပ်ဖြင့် ပြောင်းရွှေ့သွားခဲ့ပြီ ဖြစ်သည်။

အင်္ဂလန်အသင်းခေါင်းဆောင်ဟောင်း ဂျွန်တယ်ရီသည် တစ်ပတ် လုပ်ခလစာပေါင် ၈၀၀၀၀ ဖြင့် အက်စ်တွန်ဗီလာအသင်းတွင် တစ်ရာသီကြာကစားပေးရန်အတွက် သဘောတူညီခဲ့ခြင်းဖြစ်ပြီး အက်စ်တွန်ဗီလာအသင်းနည်းပြ စတိဗ်ဘရုစ်နှင့်အတူ ကစားသမား ဘဝဖြတ်သန်းခြင်းအားဖြင့် နည်းပြဘဝဖြတ်သန်းမှုအတွေ့အကြုံ ရရှိလိမ့်မည်ဖြစ်ကြောင်းနှင့် တစ်ချိန်ချိန်တွင် ချယ်လ်ဆီးအသင်းသို့ နည်းပြတစ်ဦးအနေဖြင့် ပြန်လာရန် ရည်ရွယ်ထားကြောင်း နောက်တန်း ကစားသမား ဂျွန်တယ်ရီက ပြောကြားခဲ့သည်။

ဂျွန်တယ်ရီ၏ လက်ရှိရည်မှန်းချက်မှာ အက်စ်တွန်ဗီလာအသင်း အား ပရီမီယာလိဂ်ပြိုင်ပွဲသို့ ပြန်လည်တန်းတက်လာနိုင်ရန် အဓိက အကူအညီပေးနိုင်ရေးအတွက်ဖြစ်ပြီး လက်ရှိတွင် အသက်အရွယ် အားဖြင့် (၃၆)နှစ်ရှိနေပြီဖြစ်သောကြောင့် နည်းပြဘဝသို့ ကူးပြောင်း ရန်လည်း စီစဉ်ထားကြောင်းသိရသည်။

ဂျွန်တယ်ရီသည် လွန်ခဲ့သည့် ၁၉ နှစ်က ချယ်လ်ဆီးအသင်းနှင့် အတူ စတင်ပွဲထွက်ကစားခဲ့ပြီး ချယ်လ်ဆီးအသင်းအတွက် ပွဲပေါင်း ၇၁၇ ပွဲကစားပေးခဲ့သည်။ ထို့ပြင် ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလား ငါးကြိမ်အထိ ဆွတ်ခူးပေးနိုင်ခဲ့သည်။ အင်္ဂလန် အသင်းအတွက်လည်း ပွဲပေါင်း ၇၈ ပွဲအထိ ပါဝင်ကစားပေးနိုင်ခဲ့သူ ဖြစ်သည်။

# ချာလ်တန်လူငယ်တိုက်စစ်မှူး ရာမာဇာနီကို လေးနှစ်သက်တမ်းရှိစာချုပ်ဖြင့် မန်ယူ စာချုပ်

ပရီမီယာလိဂ်ကလပ်မန်ယူအသင်းသည် ချာလ်တန်အသင်းမှ လူငယ်တိုက်စစ်မှူး ရာမာဇာနီကို စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ တိုက်စစ်မှူး ရာမာဇာနီသည် အန်ဒါလက်ချ်အသင်း၏ အကယ်ဒမီမှ ပေါက်ဖွားလာသူ တစ်ဦးဖြစ်ပြီး ယင်းအကယ်ဒမီမှ ချာလ်တန်အသင်းသို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

အသက်(၁၆)နှစ်အရွယ်ရှိ ဘယ်လ်ဂျီယံလူငယ်ကစားသမား ရာမာဇာနီ သည် ရာသီအကြိုလေ့ကျင့်ကစားရန် မန်ယူအသင်း၏ ကာရင်တန်လေ့ကျင့် ရေးကွင်းသို့ ဇူလိုင် ၃ ရက်တွင် ရောက်ရှိလာခဲ့သည်။ လူငယ်တိုက်စစ်မှူး ရာမာဇာနီသည် မန်ယူအသင်းနှင့် လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ မန်ယူအသင်းသည် လက်ရှိတွင် ၎င်းတို့၏ စီးပွားရေး အခြေအနေအရ ဂျူနီယာအဆင့်ကစားသမားများကိုလည်း နည်းပြ မော်ရင်ဟို ၏ ပထမအသင်းတွင် ကိုယ်စားပြုကစားစေမည်ဖြစ်ကြောင်းလည်း သိရသည်။







# ပြောင်းရွှေ့ကြေး ပေါင် သန်း ၃၀ ဖြင့် မိုက်ကယ်ကိန်းအား အဲဗာတန်အသင်း ခေါ်ယူ

အဲဗာတန်အသင်းသည် ဘန်လေနောက်တန်းကစားသမား မိုက်ကယ်ကိန်းအား အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် သန်း ၃၀ ဖြင့် စာချုပ်ချုပ်ဆို ခေါ်ယူလိုက်ပြီဖြစ်ကြောင်း သိရသည်။ အင်္ဂလန်ကြယ်ပွင့် မိုက်ကယ်ကိန်းသည် အဲဗာတန်အသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

နောက်တန်းကစားသမား မိုက်ကယ်ကိန်းသည် စွမ်းဆောင်ရည်ကောင်း များကို ပြသနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားမည်ဟု သတင်းများထွက်ပေါ်ခဲ့သူဖြစ်သော်လည်း လက်ရှိတွင် အဲဗာတန်အသင်းနှင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ယင်းသို့ချုပ်ဆိုခဲ့သည့် နောက်တန်းကစားသမား မိုက်ကယ်ကိန်းသည် အဲဗာတန်အသင်း၏ ယခုနှစ်ဘောလုံးရာသီအတွက် ခေါ်ယူခဲ့သည့် ငါးဦး မြောက်ကစားသမားဖြစ်ပြီး ပစ်ဖော့ဒ်၊ ကလာဆန်၊ အိုနီကူရူနှင့် ဆန်ဒရိုရာ မီရက်ဇ် တို့ကိုလည်း ခေါ်ယူထားကြောင်း သိရသည်။

# ဗာရက်တီအား ယူရိုသန်း ၈၀ ကျော်ပေးမည်မဟုတ်ဟု ဘာစီလိုနာအသင်း ပြောကြား

ဘာစီလိုနာအသင်းသည် ၎င်းတို့၏ ယခုအပြောင်းအရွှေ့ဈေးကွက်အတွင်း ဦးစားပေးကစားသမားအဖြစ် ခေါ်ယူရန်အတွက် ဗာရက်တီအား ပစ်မှတ်ထား နေသော်လည်း ယူရိုသန်း ၈၀ ထက်ပို၍ ပေးမည်မဟုတ်ကြောင်း ပြောကြား ခဲ့သည်။

ဘာစီလိုနာအသင်းနှင့် ကွင်းလယ်ကစားသမား ဗာရက်တီတို့သည် ပုဂ္ဂိုလ်ရေးဆိုင်ရာဆွေးနွေးမှုများရှိခဲ့သော်လည်း အသက်(၂၄)နှစ်အရွယ်ရှိ ဗာရက်တီအား ယူရိုသန်း ၈၀ သာပေးမည်ဖြစ်ကြောင်းနှင့် ၂၀၁၄ ခုနှစ်က လီဗာပူးအသင်းက ခေါ်ယူခဲ့သည့် တိုက်စစ်မှူး ဆွာရတ်ဇ်ကိုလည်း ယူရို ၈၁ သန်းအောက်သာ သုံးစွဲခဲ့ကြောင်း ဘာစီလိုနာအသင်းက ဆိုသည်။

ယင်းသို့ ဘာစီလိုနာအသင်းအနေဖြင့် ဗာရက်တီ၏ အပြောင်းအရွှေ့နှင့် စပ်လျဉ်း၍ ဈေးနှုန်းသတ်မှတ်မှုများရှိနေခဲ့သော်လည်း ဗာရက်တီ လက်ရှိ ကစားလျက်ရှိသည့် ပီအက်စ်ဂျီအသင်းကမူ ယခုအပြောင်းအရွှေ့ဈေးကွက် အတွင်း အဆိုပါကွင်းလယ်ကစားသမားအား ရောင်းချမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။




နိုင်လင်းကြည် – စုစည်းသည်



# မန္တလေးမြို့ ပန်းချီဈေးကွက် ဖွံ့ဖြိုးမှုနှေးကွေး ပန်းချီပြခန်းများ နည်းပါးလာ

**မန္တလေး ဇူလိုင် ၄**
မန္တလေးမြို့တွင် ပန်းချီပညာရှင်နည်းပါးပြီး ပန်းချီဈေးကွက် ဖွံ့ဖြိုးမှုနှေးကွေးခြင်းကြောင့် ပန်းချီပြခန်းများ နည်းပါးလာကြောင်းသိရသည်။

မန္တလေးမြို့ရှိ ပန်းချီဈေးကွက်နှေးကွေးနေရခြင်းမှာ ဈေးကွက်နှင့်တီထွင်ဖန်တီးမှုကွာဟခြင်းနှင့် လူငယ်မျိုးဆက်သစ် ပန်းချီဆရာများစွာရှိသော်လည်း ၎င်းတို့၏ အနုပညာကို ဖော်ထုတ်ဖန်တီးနိုင်ရန်အတွက် အခွင့်အလမ်းနည်းပါးနေခြင်းတို့ကြောင့်ဖြစ်ကြောင်း မြန်မာနိုင်ငံ ရေဆေးပန်းချီဆရာအသင်းဥက္ကဌ ဦးဇော်ဝင်း(သစ်ထွင်း) ကပြောသည်။

"ရန်ကုန်ထက်စာရင် မန္တလေးကအရောင်းအဝယ်နည်းပါးတယ်။ ရန်ကုန်မှာက ကုမ္ပဏီတွေနဲ့ သံရုံးတွေက များတယ်။ နောက်ပြီးနိုင်ငံခြားသား ဝင်ရောက်မှုကလည်း များတော့ ဈေးကွက်ကပိုကြီးတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာရှိတဲ့ ပန်းချီပညာရှင်တွေကရန်ကုန်မှာစုနေတယ်။ မန္တလေးမှာက ပညာရှင်ကလည်းနည်းတော့ ဝယ်ယူအားပေးမှုကလည်း နည်းတယ်။ ဒါကြောင့် တချို့ပြခန်းတွေလည်း ပိတ်ကုန်ပြီ" ဟု ၎င်းကပြောသည်။

မန္တလေးမြို့တွင် နိုင်ငံတကာပြပွဲများ အားနည်းလျက်ရှိပြီး ရှေးရိုးဆဲ ပန်းချီရေးနည်းများကို အများဆုံးအသုံးပြုလျက်ရှိကာရန်ကုန်မြို့ ဗိုလ်ချုပ်ဈေး၌ ပန်းချီဈေးကွက်ရှိသော်လည်း မန္တလေးမြို့၌ သီးသန့်ပန်းချီဈေးကွက်မရှိကြောင်း သိရသည်။

"ရန်ကုန်မှာကျတော့ ပန်းချီကားတွေက ဈေးအသင့်အတင့်ကနေစပြီး ဈေးကြီးတဲ့ ကားတွေအထိရှိတယ်။ပန်းချီဆရာတွေရဲ့ လက်ရာစုံကို တစ်နေရာတည်းမှာ တွေ့နိုင်တဲ့ ဈေးကွက်ရှိနေတဲ့အတွက် အရောင်းအဝယ်ဖြစ်တယ်။ သူတို့မှာက ဖန်တီးမှုအားကျတော့လည်း ဒီကပန်းချီဆရာတွေထက်သာတယ်။ အိမ်တိုင်ရာရောက်လာဝယ်တဲ့သူတွေကလည်း ဒီမှာအတော်လေးနည်းပါးတာတွေ့ရတယ်"ဟု ဦးဇော်ဝင်း(သစ်ထွင်း)က ဆက်လက်ပြောပြသည်။

ရန်ကုန်မြို့တွင် ပန်းချီပြခန်း ၁၀၀ ကျော်ရှိပြီး မန္တလေးမြို့တွင် လက်ရှိမန္တလေးတောင်ပန်းချီပြခန်းနှင့် မင်္ဂလာမန္တလေးရှိ သီရိအနုပညာပြခန်းသာ အထင်အရှားရှိကြောင်း၊ ရန်ကုန်မြို့၌ နေ့စဉ်နီးပါးပြပွဲများရှိသော်လည်းမန္တလေးမြို့တွင် ပြပွဲအကြိမ်ရေနည်းပါးလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား**

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစက်ချုပ်သင်တန်းဖွင့်

**သရက် ဇူလိုင် ၄**
မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ရွာသစ်ကျေးရွာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၉ နာရီခွဲက ရွာသစ်ကျေးရွာ ဓမ္မာရုံ၌ ဖွင့်လှစ်ရာ ဒု-မြို့နယ် အုပ်ချုပ်ရေးမှူး၊ ဖိတ်ကြားထားသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်ချုပ်သင်တန်းဆရာမနှင့် ကျေးရွာခုနစ်ရွာမှ သင်တန်းသူ ၃၀ တက်ရောက်ကြသည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောမြင့်သိန်းက မိမိကျေးရွာတွင် ယခုလို အသက်မွေးဝမ်းကျောင်း အထောက်အကူပြု စက်ချုပ်သင်တန်းလာရောက်ဖွင့်လှစ်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်းနှင့် ဂရုတစိုက် လေ့ကျင့်သင်ယူစေလိုကြောင်း ပြောကြားခဲ့ပြီး စက်ချုပ်သင်တန်းဆရာမနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သင်တန်းသူများ သင်ယူထားရှိမှုအပေါ် လေ့ကျင့်နေကြသည်များကို လိုက်လံကြည့်ရှုခဲ့ကြသည်။ **ဇော်ထက်(သရက်)**

# မီးသတ်တပ်ဖွဲ့ ရှာဖွေကယ်ဆယ်ရေးသရုပ်ပြ

**ချမ်းအေးသာစံ ဇူလိုင် ၄**
မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်များ၊ နိုင်ငံတော်ပိုင်စက်ရုံအလုပ်ရုံများ မီးဘေးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုများကူညီကယ်ဆယ်ရေးအတွက် အစဉ်လေ့ကျင့်လျက်ရှိသည်။

သဘာဝ ဘေးအန္တရာယ်များကျရောက်ပါကပြည်သူများအားကူညီဆောင်ရွက်နိုင်ရန် သန္ဓေနှင့် ဒေသအရန် မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးခဲ့သည်။

ချမ်းအေးသာစံမြို့နယ် သန္ဓေနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ၏ ရှာဖွေကယ်ဆယ်ရေးသရုပ်ပြပွဲကို ဇူလိုင် ၄ ရက် နံနက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၂၉ လမ်း ဗဟိုမီးသတ်တပ်ဖွဲ့စခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ချမ်းအေးသာစံမြို့နယ်သန္ဓေနှင့်ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက အသက်ကယ်ကြိုးချည်နည်းသရုပ်ပြခြင်း၊ မီးခိုးပိတ်ပြီး အသက်ရှူကျပ်သည့်နေရာသို့အသက်ကယ်အောက်စီဂျင် Base ဝတ်ဆင်သရုပ်ပြခြင်း၊ အဆောက်အအုံအတွင်း ပိတ်မိနေသောလူတစ်ဦးအားကယ်ဆယ်ရေးသရုပ်ပြခြင်း၊ ရေတွင်းထဲကျနေသောလူသုံးဦးအား ကယ်ဆယ်မှုသရုပ်ပြခြင်းများဆောင်ရွက်ကြပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက ရှာဖွေကယ်ဆယ်ရေးသရုပ်ပြတပ်ဖွဲ့ဝင်များအား လိုအပ်သည်များမှာကြားခဲ့ကြောင်းသိရသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူးဦးသန်းဇော်ဦး၊ ဒုတိယတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးဦးဇော်ဝင်းထွန်းနှင့်မြို့နယ်မီးသတ်ဦးစီးမှူးများ၊ ဒေသအရန်မီးသတ်ကြီးကြပ်မှုကော်မတီဝင်များ၊ သန္ဓေနှင့်ဒေသ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။ **သီဟကိုကို(မန္တလေး)**



# ညောင်ဦးမြို့နယ်အတွင်းသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေသည့် 5MVA ဓာတ်အားခွဲရုံအား 10MVA ဓာတ်အားခွဲရုံအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

**ညောင်ဦး ဇူလိုင် ၄**
ညောင်ဦးတွင် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ကြီးကြပ်မှုဖြင့် ညောင်ဦးခရိုင်၊ မြို့နယ် လျှပ်စစ်ရုံးမှတာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် မြို့နယ်အတွင်းသို့ လက်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိသည့် 5MVA ဓာတ်အားခွဲရုံအား 10MVA ဓာတ်အားခွဲရုံအဖြစ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့ရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ညောင်ဦးမြို့သည် ခရီးသွားလုပ်ငန်းကို အဓိကထားဆောင်ရွက်နေရသည့် မြို့ဖြစ်သည်နှင့် အညီ မြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားပိုမိုသုံးစွဲနိုင်ရန်ရည်ရွယ်၍ အဆိုပါ 5MVA ဓာတ်အားခွဲရုံအား 10MVA ဓာတ်အားခွဲရုံအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ဓာတ်အားခွဲရုံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ADB ချေးငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး ယခုအခါတည်ဆောက်ရေးလုပ်ငန်းများပြီးစီး၍ စမ်းသပ်စစ်ဆေးရေးလုပ်ငန်းများ ပြီးစီးပါက 10MVA ထရန်စဖော်မာဖြင့် မြို့နယ်အတွင်းသို့ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။



**ရဲသူရအောင်(ညောင်ဦး)**

# ဧရာဝတီလင်းပိုင်သေဆုံးမှုလျော့ကျစေရေး လင်းပိုင်ထိန်းသိမ်းဧရိယာများထပ်မံတိုးချဲ့သင့်

**မန္တလေး ဇူလိုင် ၄**
ဧရာဝတီလင်းပိုင်သေဆုံးမှု လျော့ကျစေရေးအတွက် လင်းပိုင်ထိန်းသိမ်းဧရိယာများ ထပ်မံတိုးချဲ့ရန် လိုအပ်လျက်ရှိကြောင်း လင်းပိုင်လေ့လာရေးနှင့် ထိန်းသိမ်းရေး တာဝန်ခံ ဦးဟန်ဝင်းထံမှ သိရသည်။

"ကျွန်တော်တို့ လင်းပိုင်ထိန်းသိမ်းရေးဧရိယာထဲမှာ Information(သတင်း)က သေတာဖြစ်ဖြစ် ပေါက်တာပဲဖြစ်ဖြစ်ချက်ချင်းသိတယ်။ ဟိုဘက်မှာကျတော့ Information (သတင်း)ကပြတ်နေတယ်။ သေတာလည်းမသိဘူး။ ပေါက်တာလည်းမသိဘူး။ ဒါကြောင့် ဟိုဘက်မှာလည်း ထိန်းသိမ်းရေးဧရိယာတိုးချဲ့ထူထောင်ပြီး ထိန်းသိမ်းရေးလုပ်ငန်းလုပ်မယ်ဆိုရင် လင်းပိုင်သေဆုံးမှုတွေကို ကာကွယ်ဖို့ပိုပြီးတော့ထိရောက်မှုရှိမယ်" ဟု ၎င်းက ပြောသည်။

ဧရာဝတီလင်းပိုင်များသည် မန္တလေး-ကျောက်မြောင်းထိန်းသိမ်းရေးဧရိယာတွင် ၂၀၀၇-၂၀၀၈ ခုနှစ်ကာလများတွင် လင်းပိုင်အကောင်ရေ ၁၈ ကောင်ခန့်ရှိပြီး၂၀၁၇ ခုနှစ်တွင် ၂၅ ကောင်ခန့်အထိ တိုးပွားလာခဲ့ရာ မန္တလေး-ဗန်းမော်တစ်လျှောက်၌ ၂၀၀၄ ခုနှစ်နှင့် ၂၀၁၁ ခုနှစ်များတွင် ၇၂ ကောင်အထိအများဆုံးတွေ့ရှိခဲ့ပြီး ယနေ့အချိန်ထိ အကောင်ရေ ၇၀ခန့်ရှိကာ အဆိုပါလင်းပိုင်များသည် တကောင်း၊ ထီးချိုင့်၊ ကသာ၊ ရွှေကူနှင့် ဗန်းမော်ပတ်ဝန်းကျင်တွင် အများဆုံးကျင်လည်ကျက်စားလျက်ရှိကြောင်း လင်းပိုင်လေ့လာရေးနှင့်ထိန်းသိမ်းရေး၏ မှတ်တမ်းများအရသိရသည်။

"ကျွန်တော်တို့ထိန်းသိမ်းရေးဧရိယာထဲမှာ လင်းပိုင်သေတာတွေလည်းရှိသလို ပေါက်တာတွေလည်းရှိတယ်။ အရင်တုန်းကတော့ငါးဖမ်းပိုက်နဲ့ငြိပြီးသေတာ။ အခုဘက်ထရီရှော့တိုက်လုပ်ငန်းတွေ တော်တော်များများဖြစ်လာတော့ ဘက်ထရီရှော့တိုက်လုပ်ငန်းကြောင့်သေတာပေါ့။ တချို့အကောင်တွေက ဘာကြောင့်သေတယ်လို့ သုံးသပ်လို့မရဘူး။ ကျွန်တော်တို့ ဒီမှာသုံးသပ်နေတယ်ဆိုတာလည်း သိပ္ပံနည်းကျတော့မဟုတ်သေးဘူး။ ကျွန်တော်တို့ အနေနဲ့ပညာပေးဟောပြောပွဲတွေလုပ်တယ်။ ဥပဒေကြောင်းအရအရေးယူတာတွေလည်းရှိပါတယ်" ဟု၎င်းကဆက်လက်ပြောကြားသည်။

မန္တလေး - ဗန်းမော် ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ လင်းပိုင်များ၏သေဆုံးမှုမှာ လင်းပိုင်လေ့လာရေးနှင့်ထိန်းသိမ်းရေးမှရရှိထားသောစာရင်းများအရ ၂၀၁၁ ခုနှစ်တွင် လေးကောင်၊ ၂၀၁၂ ခုနှစ်တွင် ငါးကောင်၊ ၂၀၁၃ ခုနှစ်တွင် ငါးကောင်၊ ၂၀၁၄ ခုနှစ်တွင် သုံးကောင်၊ ၂၀၁၅ ခုနှစ်တွင် သုံးကောင်၊ ၂၀၁၆ ခုနှစ်တွင် သုံးကောင်၊ ၂၀၁၇ ခုနှစ် ဇွန်လအထိ နှစ်ကောင် သေဆုံးခဲ့ကြောင်းသိရသည်။

"၂၀၀၅ခုနှစ်မေလနောက်ပိုင်းမှာ ရှော့ထိုးရှော့တိုက်တာကြောင့် လင်းပိုင်သေဆုံးမှုက အများဆုံးဖြစ်လာတာ။ ဧရာဝတီမြစ်ကြောင်းရဲ့ရေအနေအထားက ၁၀ လပိုင်းကနေ ၅ လပိုင်းအထိ ပွင့်လင်းရာသီရဲ့သဘောတရားနဲ့ မြစ်ရေဟာကြည်လင်ခဲ့တယ်။ အခုဟာက အဲလိုမဟုတ်ဘဲနဲ့ သဘာဝညစ်ညမ်းမှုတွေက ဘယ်လိုဖြစ်တယ်တော့မသိဘူး။ နောက်ကျိကျိနဲ့ဖြစ်လာတယ်။ သဘာဝအတိုင်းမဟုတ်တဲ့ ပြောင်းလဲမှုတွေရှိလာတော့ ငါးသယံဇာတပေါက်ပွားမှုနှုန်းကအားနည်းလာတယ်။ ဥပဒေအရတားမြစ်ထားပေမယ့် သူတို့မိသားစုလေးတွေရဲ့စားဝတ်နေရေးအတွက် ငါးရလိုမှုနဲ့လုပ်ကိုင်ကြတာပေါ့" ဟု ကျေးရွာခြောက်ရွာ၏ ဧရာဝတီထိန်းသိမ်းရေးရေလုပ်သားအဖွဲ့ခေါင်းဆောင် ဦးမောင်လေးက သုံးသပ်ပြောကြားသည်။

ဧရာဝတီမြစ်တွင်းရှိ ငါးမျဉ်း၊ ငါးယောင်၊ ငါးဖရွက်၊ ငါးချောင်း၊ ငါးဘတ်၊ ငါးထွေ၊ ငါးတန်၊ ငါးမောင်းမ၊ ငါးရွှယ်၊ ငါးဇင်ရိုင်း၊ ငါးလူး၊ ငါးလဲ၊ ငါးအိုက်၊ ငါးမြင်း၊ ငါးရေမောင်စာ၊ ငါးပုဇင်း၊ ငါးခုံးမ၊ ငါးဖယောင်း၊ ငါးဇင်ရိုင်းအနီ၊ ငါးလေးထောင့်၊ ငါးဖန့်၊ တီလားပီးယား၊ ငါးပြေမ၊ ငါးလဘိနှင့် ငါးအုံးတုံစသည့် ငါးများနေထိုင်လျက်ရှိသည့်အနက် လင်းပိုင်များသည် ငါးပုဇင်းများကိုသာအဓိကစားသောက်လေ့ရှိကြောင်း အဆိုပါအဖွဲ့ခေါင်းဆောင်၏ ၃၃ နှစ်တာကာလ ရေလုပ်သားလေ့လာမှုများအရ သိရသည်။

**နဒီလှိုင်း**

# မုန်းချောင်းရေကြီးမှုအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**ပွင့်ဖြူ ဇူလိုင် ၄**

ချင်းပြည်နယ်မှ စတင်စီးဆင်းလာသော မုန်းချောင်းသည် မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့ကို ဖြတ်သန်းကာ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်လျက်ရှိသည်။ မုန်းချောင်းပေါ်တွင် မဲဇလီရေလွှဲဆည်ကို ၁၉၁၀ ခုနှစ်က တည်ဆောက်ခဲ့ပြီး လယ်မြေဧက ၈၀၀၀၀ ကျော်ကို ဆည်ရေပေးဝေလျက်ရှိသည်။

မဲဇလီရေလွှဲဆည်၏အထက်ဘက်တွင် ၂၀၁၄ ခုနှစ်က မုန်းချောင်းရေလှောင်တမံနှင့် ၂၀၁၂ ခုနှစ်တွင် ကြီးအုံကြီးဝ ရေလှောင်တမံတို့ကို အဆင့်ဆင့်တည်ဆောက်ခဲ့သည်။ အဆိုပါ တမံများကို တည်ဆောက်ရခြင်းမှာ မဲဇလီ ဆည်ရေသောက် ဧရိယာတွင် မိုးစပါး သာမက နွေစပါး၊ နွေသီးနှံများအတွက်ပါ ဆည်ရေပြည့်ဝစွာ ပေးဝေနိုင်ရန်၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန်နှင့် မုန်းချောင်းဘေးရှိ မြို့ရွာများအား ရေဘေးကာကွယ်နိုင်ရန် ရည်ရွယ်ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့တွင် ကိုမန်မုန်တိုင်းဝင်ရောက်ခဲ့မှုကြောင့် မုန်းချောင်းတွင် စီးဆင်းရေ အဆမတန် များပြားခဲ့ကာ မုန်းချောင်းရေလှောင်တမံ ပင်မရေပိုလွှဲပေါ်မှ ၃၅ ဒသမ ၈၀ ပေ၊ ကြီးအုံကြီးဝရေလှောင်တမံပင်မရေပိုလွှဲပေါ်မှ ၃၃ ဒသမ ၃၀ ပေနှင့် အကူရေပိုလွှဲပေါ်မှ ၂၉ ဒသမ ၃၀ ပေတို့ ရေကျော်စီးဆင်းခဲ့သည်။ မုန်းချောင်းအတွင်း စီးဆင်းရေများပြားနေချိန်တွင် ဧရာဝတီမြစ်တွင်လည်း စိုးရိမ်ရေမှတ်အထက် ရောက်ရှိနေပြီး ဧရာဝတီမြစ်ရေထောက်မှုကြောင့် မုန်းချောင်းရေမှာ လွတ်လပ်စွာ စီးဆင်းခွင့်မရသဖြင့် ရေပိုမိုမြင့်တက်လာကာ မုန်းချောင်းဘေးရှိ ပွင့်ဖြူမြို့နယ်နှင့် ကျေးရွာများမှာ ရေဘေးအန္တရာယ်ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ အလားတူ ကြီးအုံကြီးဝရေလှောင်တမံ၏ သိုလှောင်ရေများစွာ မြင့်တက်ခဲ့မှုကြောင့် ရေဝပ်ဧရိယာအနီးရှိ စေတုတ္တရာမြို့နှင့် ကျေးရွာအချို့မှာလည်း ရေဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသည်။

ကိုမန်မုန်တိုင်းကြောင့် ကြီးအုံကြီးဝရေလှောင်တမံအထက်ဘက်ရှိ စေတုတ္တရာမြို့နှင့် ကျေးရွာအချို့တွင် ရေဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသဖြင့် အလားတူ မုန်တိုင်းမျိုး ထပ်မံဖြစ်ပေါ်လာပါက အဆိုပါ မြို့ရွာများ ရေဘေးအန္တရာယ်သက်သာစေရန်အတွက် မုန်းချောင်းရေလှောင်တမံတွင် ပေ ၂၂၀ အကျယ်ရှိ အကူရေပိုလွှဲအသစ်တည်ဆောက်ခြင်းနှင့် ကြီးအုံကြီးဝရေလှောင်တမံတွင် လက်ရှိ အကူရေပိုလွှဲအား ပေ ၂၀၀ တိုးချဲ့ခြင်းလုပ်ငန်းတို့ကို ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ ရေပိုလွှဲများ တိုးချဲ့တည်ဆောက်ထားခြင်းဖြင့် တမံအတွင်း စီးဝင်ရေကို ရေပိုလွှဲများပေါ်မှ ပိုမိုရေကျော်စီးဆင်းနိုင်သဖြင့် ကန်တွင် သိုလှောင်ရေကို လျင်မြန်စွာ လျှော့ချနိုင်သည်။

ကိုမန်မုန်တိုင်းကြောင့် ကြီးအုံကြီးဝရေလှောင်တမံအောက်ဘက်ရှိ ပွင့်ဖြူမြို့နယ်နှင့် ကျေးရွာများတွင် အလားတူရေဘေးအန္တရာယ်နှင့် ကြုံတွေ့ခဲ့ရသဖြင့် အလားတူ မုန်တိုင်းမျိုး ထပ်မံဖြစ်ပေါ်လာပါက အဆိုပါ မြို့ရွာများ ရေဘေးအန္တရာယ် သက်သာစေရန်အတွက် မဲဇလီဆည်ရေသောက် ဧရိယာအတွင်းရှိ ရေဆိုးထုတ်မြောင်းများ ပြန်လည်တူးဖော်ခြင်းနှင့် ရေဆိုးထုတ် အဆောက်အအုံများ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကိုလည်း ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကြောင့် ချောင်းများ၏ ရေစီးရေလာကောင်းမွန်လာစေပြီး ချောင်းရေအလျင်အမြန်လျော့ကျသွားစေမည်ဖြစ်သည်။

ပွင့်ဖြူမြို့နယ် မဲဇလီဆည်ရေသောက်ဧရိယာတွင် အလျားပေ ၄၀၀၀၀ ရှိ တောင်မုန်းရေဆိုးထုတ်မြောင်း(၁၀-က)နှင့် (၁၁) တူးဖော်ခြင်း၊ အလျားပေ ၃၅၀၀၀ ရှိ အုတ်ပုံရိုးရေဆိုးထုတ်မြောင်းတူးဖော်ခြင်း၊ အလျားပေ ၃၉၀၀၀ ရှိ ဝရာရေဆိုးထုတ်မြောင်းတူးဖော်ခြင်း၊ အလျားပေ ၂၆၃၀၀ ရှိ တောင်မုန်းမြောင်းလက်တံ(၆)နှင့် လက်တံ(၇)ကြားရှိ ရေဆိုးထုတ်မြောင်းတူးဖော်ခြင်း၊ အလျားပေ ၂၂၈၀၀ ရှိ ဘုမချောင်း (ခ) အုန်းပွဲချောင်း တူးဖော်ခြင်းနှင့် ရွာခိုင်-ကုန်းဇောင်း ရေဆိုးထုတ်မြောင်းတူးဖော်ခြင်းများကို ဆောင်ရွက်ထားရှိပြီးဖြစ်သည်။ အလားတူ မဲဇလီဆည်ရေသောက်ဧရိယာအတွင်းရှိ ရေဆိုးထုတ်အဆောက်အအုံများကိုလည်း တောင်မုန်းမြောင်းလက်တံ(၂)ပေ တိုင်(၃၈+၅၀၀)တွင် ရေဆိုးထုတ် အဆောက်အအုံအား ၄ ပေ× ၃ပေ တစ်ပေါက် တိုးချဲ့တည်ဆောက်ခြင်းနှင့် မြောက်မုန်းမြောင်းပေတိုင်(၁၁၂+၈၀၀)တွင် ရေဆိုးထုတ်အဆောက်အအုံအား ၃ပေ× ၃ပေ နှစ်ပေါက် တိုးချဲ့တည်ဆောက်ခြင်းတို့ကိုလည်း ဆောင်ရွက်ထားရှိပြီး ဖြစ်သည်။

ရေလှောင်တမံများရှိ ရေပိုလွှဲများကို တိုးချဲ့တည်ဆောက်ထားခြင်း၊ရေသောက်ဧရိယာအတွင်းရှိ ချောင်းရိုး ရေဆိုးထုတ်မြောင်းများကို တူးဖော်ထားခြင်းဖြင့် မုန်းချောင်းရေကြီးမှု လျော့နည်းစေပြီး မြို့ရွာများနှင့် ဒေသခံပြည်သူများ ရေဘေးအန္တရာယ်မှ လျော့နည်းသက်သာစေမည်ဖြစ်ကြောင်း သိရသည်။

**သူရထွန်း (ပွင့်ဖြူ)**





## ချင်းတွင်းမြစ်ရေသတိပေးချက် လိုက်လံအသိပေးနှိုးဆော်

**မော်လိုက် ဇူလိုင် ၄**

ချင်းတွင်းမြစ်ရေမြင့်တက်လာမှုကြောင့် မော်လိုက်မြို့ပေါ် မြေနိမ့်ပိုင်းရှိ ပြည်သူများ၊ ကျေးရွာနေပြည်သူများနှင့် တိရစ္ဆာန်များ အသက်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး၊ ပစ္စည်းဥစ္စာများ ဆုံးရှုံးနစ်နာမှု မဖြစ်ပွားစေရေးအတွက် ကြိုတင်ပြင်ဆင်နိုင်စေရန် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ချင်းတွင်းမြစ်ရေသတိပေးချက်များကို မြို့ပေါ် မြစ်ကမ်းဘေးနှင့် မြေနိမ့်ပိုင်းရှိ ရပ်ကွက်များသို့ လှည့်လည်နှိုးဆော်ခဲ့ကြပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှလည်း ရေဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကို ပြည်သူများ လေ့လာဖတ်ရှု၍ ကြိုတင်ပြင်ဆင်ထားရှိနိုင်ရေး ကမ်းနားလမ်းရှိ မြေစိုက်နံရံကပ်ဘုတ်တွင် ပြသထားကြောင်း သိရသည်။

မော်လိုက်မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှလည်း မြို့နယ်တွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများအား ချင်းတွင်းမြစ်ရေမြင့်တက်လာခြင်းကြောင့် မိမိရပ်ကွက်/ကျေးရွာနေ ပြည်သူများ ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ထားရှိနိုင်ရေးကို ကျယ်ကျယ်ပြန့်ပြန့် အသိပေးသွားရန်၊ ချင်းတွင်းမြစ်ရေ ရောက်ရှိပါက ရေလွတ်ရာသို့ အချိန်မီရွှေ့ပြောင်းနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြရန်၊ အသက်ကယ်လှေများနှင့် ကယ်ဆယ်ရေးအဖွဲ့များ ကြိုတင်ဖွဲ့စည်းထားရန်နှင့် ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်နိုင်မည့်နေရာများကို ကြိုတင်ပြင်ဆင်ထားရှိရန် ညွှန်ကြားထားရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မော်လိုက်သားလေး**

## မိုးညှင်းတွင် လယ်မြေသုံးဓာတ်မြေဩဇာများသယ်ယူရန်ခက်ခဲနေ

**မိုးညှင်း ဇူလိုင် ၄**

မိုးညှင်းမြို့နယ်အတွင်းသို့ တောင်သူလယ်သမားများအတွက် ဓာတ်မြေဩဇာများ သယ်ယူမှု ခက်ခဲနေကြောင်း သိရသည်။

မော်ဟန်ကျေးရွာအနီးရှိ စစ်ဆေးရေးဂိတ်ရှေ့သို့ ဇွန် ၂၆ ရက် နောက်ပိုင်း ဖြတ်သန်းသွားသည့် လယ်ယာသုံး ဓာတ်မြေဩဇာအိတ် သယ်ဆောင်သည့် ၁၂ ဘီးယာဉ်များအား စစ်ဆေးနေပြီး ချက်ချင်း ပြန်မလွှတ်ပေးနိုင်သဖြင့် တောင်သူများ အခက်တွေ့နေကြောင်းသိရသည်။

“လယ်သမားတွေက ဓာတ်မြေဩဇာကို အသုံးပြုရမယ့်အချိန်ဖြစ်ပေမယ့် စစ်ဆေးရေးဂိတ်တွေမှာ ကြန့်ကြာနေမှုကြောင့် မြို့ထဲမဝင်နိုင်လို့ အခက်တွေ့နေကြပါတယ်။ မိုးညှင်းမြို့တွင်းက အရောင်းဆိုင်တွေမှာလည်း ပြတ်လပ်နေကြလို့ တောင်သူတွေအတွက်အခက်တွေ့နေရပါတယ်” ဟု မိုးညှင်းမြို့နယ် တောင်သူလယ်သမားများအဖွဲ့ညှိနှိုင်းရေးမှူး ဦးဇော်လွင်က ပြောသည်။

မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်က “ကချင်ပြည်နယ်ရဲ့ လုံခြုံရေးအရ အထက်က ညွှန်ကြားချက်နဲ့ တပ်မတော်ကစစ်ဆေးနေတာပါ။ တောင်သူတွေကို ထိခိုက်စေဖို့ မဟုတ်ပါဘူး။ ဖောက်ခွဲရေးတွေမှာ ထည့်သုံးတဲ့ အမိုနီယံနိုက်ထရိတ်တွေ ပါတယ် မပါဘူးဆိုတာ သေချာအောင် စစ်ဆေးနေကြတာပါ။ မဟုတ်တာတွေ ပါလာမှာစိုးလို့ စစ်ဆေးနေတာပါ။ ဓာတ်မြေဩဇာတွေကို တောင်သူတွေလက်ထဲ အမြန်ဆုံးရောက်ရှိနိုင်အောင် ဆောင်ရွက်သွားမှာပါ” ဟု ပြောသည်။

အဆိုပါ မော်ဟန်စစ်ဆေးရေးဂိတ်တွင် ဓာတ်မြေဩဇာ အမျိုးအစားမျိုးစုံ၊ တံဆိပ်မျိုးစုံ ပါဝင်သည့် ဓာတ်မြေဩဇာအိတ်များ တင်ဆောင်လာသော ကား ၁၂ စီးတို့အား ဇွန် ၂၆ ရက်မှ စတင်တားဆီးစစ်ဆေးခဲ့ရာ မော်တော်ယာဉ် ၁၂ စီး၏ ဓာတ်မြေဩဇာအိတ် ၁၇၄၃ အိတ်တို့မှာ ယခုချိန်အထိ သယ်ယူခွင့်မရရှိသေးဘဲ ရှိနေသေးကြောင်း တောင်သူလယ်သမားများအဖွဲ့မှသိရသည်။

တောင်သူများအတွက် ယခုကဲ့သို့ ကြန့်ကြာမှုများမရှိနိုင်အောင် မိုးညှင်းမြို့နယ်အတွင်းရှိ တောင်သူများနှင့် ဓာတ်မြေဩဇာ အရောင်းဆိုင်များက နယ်ဝေးမှသယ်ယူလိုလျှင် ဝယ်ယူမည့်သူ၏ အမည်နှင့် အိတ်အရေအတွက်စာရင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာ၊ မြို့နယ်စိုက်ပျိုးရေးရုံးမှ ထောက်ခံစာ၊ တရားဝင်ရောင်းချကုန်ဖြစ်ကြောင်း ကုမ္ပဏီမှလိုအပ်သောစာရွက်စာတမ်းများ ယူဆောင်သွားရန် လိုအပ်ကြောင်း မိုးညှင်းမြို့နယ်အုပ်ချုပ်ရေးမှူးထံမှသိရသည်။

EPN

## လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့်ကျောက်ချောလမ်းဖွင့်

**မိုးကောင်း ဇူလိုင် ၄**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း ကမ္ဘာ့ဘဏ်၏ ထောက်ပံ့ကူညီမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းမှ ခွင့်ပြုရန်ပုံငွေကျပ် ၂၀၃၀၁၈၅၂ ဖြင့် ဆောင်ရွက်ပြီးစီးသွားသည့် ဆီးဒီးယံကျေးရွာတွင်း ကျောက်ချောလမ်းဖွင့်ပွဲကို ဇူလိုင် ၃ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါ လမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးနေသူရိန်စိန်လှ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်မင်းနှင့် လူထုဗဟိုပြုစီမံကိန်းအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဒေါ်နန်ဆိုင်းတို့က ကျောက်ချောလမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန (နေပြည်တော်) ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်က ဒေသတွင်းနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကဏ္ဍများ အချိန်နှင့်တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေး ကမ္ဘာ့ဘဏ်၏အထောက်အပံ့ဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ယခုဖွင့်လှစ်ပေးသည့် ကျောက်ချောလမ်းသည် တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှာ ကျန်ရှိနေသေးသည့်ဒေသတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားရာ ကျေးရွာနေ ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ထို့နောက် တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက အဆိုပါ ကျောက်ချောလမ်းအား လှည့်လည်ကြည့်ရှုကာ အဆိုပါကျောက်ချောလမ်းမှာ အရှည်ပေ ၁၇၀၀၊ အကျယ် ၁၂ ပေနှင့် အမြင့် ၉ လက်မဒုရှိ လမ်းဖြစ်ပြီး မေ ၂၇ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ညွှန်ကြားရေးမှူးချုပ် ဦးခန့်ဇော်နှင့်တာဝန်ရှိများသည် နမ္မတီးမြို့ မြတောင်ကျေးရွာ၌ လူထုဗဟိုပြုစီမံကိန်းရန်ပုံငွေ ၂၀ ဒသမ ၁ သန်းဖြင့် ဆောက်လုပ်လျက်ရှိသည့် ကျေးရွာချင်းဆက်လမ်း မြေကာနံရံတည်ဆောက်ခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်နည်းပညာမှူး ဒေါ်ဆုမွန်ကျော်က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

# ရိုးရာလက်ရက်ကန်း ခြောက်လသင်တန်းနှင့် ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်မှုသင်တန်းများဆင်း

**ဘားအံ ဇူလိုင် ၄**
ကရင်ပြည်နယ်အတွင်း အမျိုးသမီးငယ်များအနေဖြင့် လူမျိုးစုအလိုက်ရှိသော ရိုးရာအထည်ထုတ်လုပ်မှုပညာရပ်အား ထိန်းသိမ်းတတ်မြောက်ထားစေရန်နှင့် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခုအနေဖြင့် အသုံးပြုတတ်စေရန်အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ပေးသော ရိုးရာလက်ရက်ကန်းခြောက်လသင်တန်းနှင့်ချည်မျှင်နှင့် အထည်အလိပ် ကျွမ်းကျင်မှု တစ်နှစ်သင်တန်းများဆင်းပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက ဘားအံမြို့ ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့် တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းကျောင်းအုပ် ဒေါ်ဧကရီအောင်အောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်တန်းအခြေအနေအား ရှင်းလင်းပြောကြားသည်။

ထို့နောက် လက်ရက်ကန်း ခြောက်လသင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုနှင့်ချည်မျှင်နှင့် အထည်အလိပ်ကျွမ်းကျင်မှု တစ်နှစ်သင်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများအားပြည်နယ်ဝန်ကြီးချုပ်က ဆုများချီးမြှင့်ပေးပြီး သင်တန်းဆင်းအောင်လက်မှတ်များနှင့် ထောက်ပံ့ပေးသောချည်မျှင်များအား ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးစောမြင့်ဦးက ပေးအပ်ရာ သင်တန်းသူများက လက်ခံရယူကြသည်။

အဆိုပါသင်တန်းတွင် ၂၀၁၆-၂၀၁၇ပညာသင်နှစ်တွင် ကရင်ပြည်အတွင်းရှိ အမျိုးသမီးငယ်သင်တန်းသူများအနေဖြင့် ရိုးရာလက်ရက်ကန်း ခြောက်လသင်တန်းတွင် ၁၂ ဦး၊ ချည်မျှင်နှင့်အထည်အလိပ်ကျွမ်းကျင်မှု တစ်နှစ်သင်တန်းတွင် ခုနစ်ဦး စုစုပေါင်း သင်တန်းသူ ၁၉ ဦးအား အထည်သချ်ာနှင့်ဒီဇိုင်း၊ ချည်ထည်အဖြူမျှင်ဆေးဆိုးခြင်း၊ ချည်မျှင်ဆွဲဘာသာရပ်များနှင့် ရိုးရာအထည်များအား စက်ဖြင့်လည်းကောင်း၊ လက်ရက်ကန်းဖြင့်လည်းကောင်း ရက်လုပ်နည်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ဘားအံမြို့ ရက်ကန်းကျောင်းအနေနှင့် ၁၉၅၃ ခုနှစ်မှ စတင်ကာဖွင့်လှစ်ခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် ထပ်မံ၍ ကရင်တိုင်းရင်းသားများအနေဖြင့် ကရင်ရိုးရာအဝတ်အထည်များကို ယဉ်ကျေးမှုအမွေအနှစ်များ လက်ရက်ကန်းပညာရပ်ဖြင့် ဖော်ထုတ်နိုင်စေရေး၊ ခေတ်နှင့်အညီ ရိုးရာ အဆင်ဒီဇိုင်းများ ဖော်ထုတ်နိုင်စေရေးအတွက် ပြန်လည်အသက်ဝင်ခဲ့ခြင်းဖြစ်ကြောင်း ကျောင်းအုပ်ထံမှ သိရသည်။



**နေမျိုးလွင်(ပြန်/ဆက်)**

# ဆေးရုံသုံးစက်ကိရိယာ အလှူရှင်များအားဂုဏ်ပြု

**ရန်ကုန် ဇူလိုင် ၄**
လှိုင်သာယာ ခုတင် ၂၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဇူလိုင် ၂ ရက် နံနက် ၁၀ နာရီက သွေးလှူရှင်နှင့် ဆေးရုံသုံးစက်ကိရိယာအလှူရှင်များအား ဂုဏ်ပြုပွဲကျင်းပရာ ဒေါက်တာဆန်းလွင်ဦးနှင့် အထူးကုဆရာဝန်များ၊ သူနာပြု ဆရာ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လှိုင်သာယာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များတက်ရောက်ကြပြီး ပရဟိတအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဆေးရုံကြီးကြပ်မှုကော်မတီများ၊ မြို့မိ မြို့ဖများတက်ရောက်ကြသည်။

အခမ်းအနားတွင် လွှတ်တော်ကိုယ်စားလှယ်ဦးအေးဗိုလ်က အဖွင့်အမှာစကားပြောကြားပြီး ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦးက ဂုဏ်ပြုပွဲကျင်းပရသည့်ရည်ရွယ်ချက်များနှင့် လက်ရှိဆေးရုံကြီးတွင် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သွေးလှူရှင်များနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းများပေးအပ်ခဲ့ကြောင်းသိရသည်။

**(၃၂၉)**



# ခေါင်းဆေးကျွန်းမင်္ဂလာကန်တော်နှင့် ဘုန်းတော်ကြီးကျောင်းဝန်းကျင် သန့်ရှင်းရေးဆောင်ရွက်

**ပဲခူး ဇူလိုင် ၄**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပဲခူးခရိုင်အတွင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကွင်းလုပ်သားဝန်ထမ်းများ စုပေါင်း၍ ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ချုံနွယ်မြက်များရှင်းလင်းခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေစီးရေလာ ပိုမိုကောင်းမွန်စေရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အား လတစ်လ၏နောက်ဆုံးရက်၌ လုပ်အားဒါနပြုလျက်ရှိကြောင်းသိရသည်။

ပဲခူးမြို့ကျက်သရေဆောင် ခေါင်းဆေးကျွန်းမင်္ဂလာကန်တော်နှင့် ဘုန်းတော်ကြီးကျောင်းဝန်းကျင် သန့်ရှင်းသပ်ရပ်ရေးတို့အတွက် ပဲခူးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မျိုးနိုင် ဦးဆောင်ပြီး မြို့နယ်အတွင်းရှိ ဦးစီးမှူး/ဒု-ဦးစီးမှူးများ၊ ပဲခူးမြို့နယ်အတွင်းရှိ ဆည်ရေကွင်းလုပ်သားဝန်ထမ်းများသည် မဇင်းချောင်း၊ ခေါင်းဆေးကျွန်းချောင်းနှင့် ခေါင်းဆေးကျွန်းကန်တို့တွင် အဖွဲ့များခွဲ၍ စုပေါင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည်။

**သူရိန်ထွန်း**

# စမ်းချောင်းမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ စည်းဝေး

**ရန်ကုန် ဇူလိုင် ၄**
ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇွန် ၃၀ ရက် နံနက် ၁၁ နာရီက စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းရှိ စမ်းချောင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်ရုံးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ငွေစာရင်းရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားတင်ပြခဲ့ပြီး စမ်းချောင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်က စမ်းချောင်းမြို့နယ် သမဝါယမဦးစီးဌာနရုံးသို့ ကွန်ပျူတာ၊ ပရင်တာနှင့် ဆက်စပ်ပစ္စည်းများ လှူဒါန်းခဲ့ရာ ဥက္ကဋ္ဌ ဦးမြစိုးက စမ်းချောင်းမြို့နယ် သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အစည်းအဝေးတွင် စမ်းချောင်းမြို့နယ် သမဝါယမအသင်းစုလီမိတက် ဥက္ကဋ္ဌ ဦးမြစိုး၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းဝင်း၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးခင်မောင်၊ အတွင်းရေးမှူး ဦးကံရှိန်၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းတင်၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် သမဝါယမအသင်းသားများတက်ရောက်သည်။

စမ်းချောင်းမြို့နယ် သမဝါယမအသင်းစုလီမိတက်သည် ၂၀၀၉ ခုနှစ် ပြန်လည်ဖွဲ့စဉ်က အသင်းဝင် ၂၉ သင်းသာရှိသော်လည်း ယခုအခါ ပြည်သူများ စိတ်ပါဝင်စားမှု ပိုမိုများပြားလာသဖြင့် အသင်းဝင်အသင်း ၃၇ သင်းအထိ များပြားလာကြောင်း သိရသည်။

**(ကြေးမုံ)**

# လူထုဗဟိုပြုစီမံကိန်း လူထုစစ်ဆေး

**ပန်းတောင်း ဇူလိုင် ၄**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် သရက်လိန်အုပ်စု တက်သစ်ကျွန်းကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြု စီမံကိန်းမှ ဆောင်ရွက်ပြီးစီးသော လုပ်ငန်းအတွက် လူထုစစ်ဆေးပွဲ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဦးစီးမှူး ဦးဌေးဇော်က အမှာစကားပြောကြားခဲ့ပြီး လူထုစည်းရုံးရေးမှူး ဒေါ်စောမြတ်စန္ဒာက စီမံကိန်းရည်ရွယ်ချက်နှင့် လူထုစစ်ဆေးပွဲပြုလုပ်ရခြင်းတို့အား ရှင်းလင်းပြောကြားခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများက စီမံကိန်း၏ လုပ်ငန်းစဉ်နှင့် ရလဒ်များအပေါ် မဲစနစ်ဖြင့် အသိအမှတ်ပြုခဲ့ကြသည်။

**မြတ်သူရိန်**

# ပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းစေရေး ဒလ-ဓနုတ် ကွန်ကရစ်ကားလမ်းမ ပျက်စီးနေမှု ပြုပြင်ပေးစေလို

**ရန်ကုန် ဇူလိုင် ၄**
ရန်ကုန် တောင်ပိုင်းခရိုင် ဒလမြို့နယ် အထွက်နေရာမှ စတင်ပြီး သပြေကုန်းကျေးရွာ၊ ချောင်ခွကျေးရွာ၊ ညောင်ငုတ်တိုကျေးရွာ၊ ရဲချောင်ဝကျေးရွာနှင့် ပျော်ဘွယ်ကြီး ကျေးရွာအထိ လမ်းမတစ်လျှောက်ရှိ အချို့နေရာများ၌ ကားလမ်းပိုင်းများ ပျက်စီးနေမှုအား ဇူလိုင် ၄ ရက် နံနက်က တွေ့ရသည်။

ဒလ-ဓနုတ် ကွန်ကရစ် ကားလမ်းမကြီးမှာ ၁၃ မိုင်ခန့် ရှည်လျားပြီး လမ်းအကျယ်မှာ ၁၂ ပေ နှင့် ဒု ၆ လက်မဖြင့် တည်ဆောက်ထားပြီး လမ်းမှာ ကျဉ်းမြောင်း၍ မော်တော်ယာဉ်နှင့် ဆိုင်ကယ်များဖြင့် ပြည်သူများ ခရီးသွားလာရာတွင် အဆင်မပြေမှုများ ကြုံတွေ့နေရပြီး ကွန်ကရစ်လမ်းအထူမှာ သတ်မှတ်ခံနိုင်ဝန်ထက်ကျော်လွန်သော ယာဉ်ကြီးများ ဖြတ်သန်းသွားလာနေလျက်ရှိသည်။ ကွန်ကရစ်လမ်း အစွန်းဘက်ရှိ ဝဲ/ယာများ ကွဲအက်ပျက်စီးခြင်း၊ ချိုင့်ပေါက်များဖြစ်နေခြင်း၊ ဖာထေးပြုပြင်မှုများ မရှိခြင်းတို့ကြောင့် မိုးရာသီကာလအတွင်း ယာဉ်များ တိမ်းရှောင်မောင်းနှင်နေရခြင်း၊ ယာဉ်လမ်းကြောကျဉ်း၍ ပိတ်ဆို့မှုများနှင့် ယာဉ်တိမ်းမှောက်မှု အန္တရာယ်များ ကြုံတွေ့နိုင်သောကြောင့် အဆိုပါ ဒလ-ဓနုတ် ကားလမ်းမကြီးကို တိုးချဲ့ဆောင်ရွက်ပေးခြင်းနှင့် ပျက်စီးနေသော လမ်းအပိုင်းများကို ပြုပြင်ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံပြည်သူများ၏ ပြောကြားချက်အရသိရသည်။

အဆိုပါ ကားလမ်းမကြီးမှာ ဒလမြို့နယ်မှ ဓနုတ်၊ လက်ခုပ်ကုန်း၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဖျာပုံ၊ ဒေးဒရဲ ဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီးအထိ လမ်းပေါက်ပြီး ကုန်စည်များ ကူးသန်းသွားလာမှုနှင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် အဓိက အရေးပါသော လမ်းမကြီးတစ်ခုဖြစ်သည်။

ဒလ-ဓနုတ်ကားလမ်းမကြီးမှာ အရှည် ၁၃ မိုင်ခန့် ရှည်လျားပြီး လမ်းမတစ်လျှောက် ကွန်ကရစ်လမ်းခင်းထားခြင်းဖြစ်ကာ လမ်းမကြီးမှာ အလွန်ကျဉ်းမြောင်းလျက်ရှိ၍ ယာဉ်များ သွားလာရာတွင် ယာဉ်မတော်တဆမှုများ ဖြစ်ပွားလျက်ရှိကြောင်းနှင့် မကြာခဏ လမ်းမကြီးတစ်လျှောက် ပိတ်ဆို့မှုများ ကြုံတွေ့နေရကြောင်းနှင့် သတ်မှတ်ခံနိုင်ဝန်ထက် တန်ပိုတင်ကားကြီးများ ဖြတ်သန်းသွားလာနေလျက်ရှိခြင်းတို့ကြောင့် ကွန်ကရစ်လမ်းများမှာ ပျက်စီးလျက်ရှိပြီး အချိန်မီ ပြုပြင်ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ကျေးလက်ပြည်သူများ အလုပ်အကိုင် ရရှိရေး အသက်မွေးဝမ်းကျောင်းသင်တန်းဖွင့်

**ကွမ်းခြံကုန်း ဇူလိုင် ၄**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဝင်ငွေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန် တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းအနောက်ကျေးရွာတွင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ပူးပေါင်း၍ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်ခြင်းသင်တန်းကို ဇွန် ၂၈ ရက်က ဖွင့်လှစ်ခဲ့ရာ သင်တန်းသူ ၂၀ တက်ရောက်ခဲ့သည်။

သင်တန်းမှ ကျန်းမာရေးနှင့် ညီညွတ်သော သစ်သီးယိုစုံထုတ်လုပ်ခြင်း၊ ဖျော်ရည်မျိုးစုံထုတ်လုပ်ခြင်းနှင့် အခြားစားသောက်ကုန်ပြုလုပ်ခြင်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **(သက်မှူး)**

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျောက်တန်းမြို့၌ကျင်းပ

**ကျောက်တန်း ဇူလိုင် ၄**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ဘန့်ဘွေးကုန်းရေလှောင်တမံကြီးဝိုင်းတွင် စုပေါင်းသစ်ပင်စိုက်ပွဲကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီခွဲက ကျင်းပခဲ့သည်။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ ကျောက်တန်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဟန်ဝင်းထူး၊ မြို့နယ်သစ်တောဦးစီးအရာရှိ ဒေါ်ဖြူဖြူခိုင်၊ မြို့နယ်ဌာနဆိုင်ရာဦးစီးမှူးများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေး၊ မြိုင်သာယာ အထက (ခွဲ)မှ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ ခန့်ဖြင့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ခရေ၊ မဟော်ဂနီ၊ ယူကလစ်၊ မန်ဂျန်ရှားစသည့် ပျိုးပင်ပေါင်း ၆၄၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(၆၈၉)**

# သန္တိပုဂ္ဂိုလ်များအတွက် အနှစ်သာရရှိသော မြတ်ဗုဒ္ဓ၏ကျင့်ကြံအားထုတ်ရမည့် ရည်မှန်းချက်ပန်းတိုင်များ

ဒေါက်တာမောင်ဖြေ

ဝါဆိုလသည် ရဟန်းသံဃာတော်များ မိမိ၏ကျောင်းအရာမ်အတွင်း၌ ဝါတွင်းသုံးလပတ်လုံး အရပ်တစ်ပါးသို့ မရွှေ့မပြောင်းဘဲ နေထိုင်သီတင်းသုံးခြင်းကို ရည်စူး၍ ဝါဆိုလဟုခေါ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်၏။ မြတ်စွာဘုရားရှင်လက်ထက်၌ ဘိက္ခုနှင့် ဘိက္ခုနီမ အပါအဝင် သံဃာသည် မိုးတွင်းကာလ၌ ဒေသစာရီကြွချီလှည့်ရှိသည်။ ယင်းကဲ့သို့ အရပ်ရပ်သို့ လှည့်လည်သည်ရှိသော် စိမ်းစိုသောမြက်ခင်းနှင့်တကွ စိုက်ပျိုးထားသော လယ်ယာတို့သည် ပျက်စီးခြင်းသို့ ရောက်ကြကုန်သည်။ ထိုအခါ လယ်သမားဦးကြီးတို့က "ဘိက္ခု၊ ဘက္ခုနီမတို့သည် မိုးတွင်း၌ ခရီးသွားကြခြင်းကြောင့် စိမ်းစိုသော မြက်ခင်းများကိုနင်းပြီး သက်ရှိသတ္တဝါပိုးမွှားအစရှိသော သတ္တဝါတို့၏အသက်ကို ဖျက်ဆီးကြပါကုန်သည်" ဟု ဝေဖန်ပြောဆိုကြသည်ကို အကြောင်းပြု၍ မြတ်စွာဘုရားရှင်က ရဟန်းသံဃာတို့အား မိုးတွင်းအခါ ဒေသစာရီလှည့်လည်သွားကြပါက "ပါစိတ်အာပတ်သင့်၏" ဆုံးမတော်မူခဲ့သည်။ သို့ဖြစ်၍ ဝါဆိုလပြည့်နေ့မှစ၍ သီတင်းသုံးကျွတ်လပြည့်နေ့အထိ မိုးအခါသုံးလတွင် သံဃာသည် "ဣမသ္မိံဝါဟာရေ ဣမံတေမာသံ ဝဿံ ဥပေမိ" ဟုရွတ်ဆို၍ မိုးအခါသုံးလပတ်လုံး ဤကျောင်းအရာမ်၌ သီတင်းသုံးနေထိုင်မည်ဟူ၍ အဓိဋ္ဌာန်ပြုရသည်။ ထိုကဲ့သို့ ဝါကပ်ကာသံဃာနှင့်ဆိုင်သော အကျင့်သီလသိက္ခာကို စောင့်ထိန်းကြရသည်ကို အကြောင်းပြု၍ ဝါဆိုလဟုခေါ်လေသည်။

### သုံးလောကထွတ်ထား

သုံးလောကထွတ်ထား ဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်နေ့တွင် ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ဝါဆိုလပြည့်နေ့တွင် ပဥ္စဝဂ္ဂီငါးဦးကို မိဂဒါဝုန်တွင် ဓမ္မစကြာတရားကို ဟောကြားတော်မူ၏။

ပဥ္စဝဂ္ဂီငါးဦးတို့တွင် ရှင်ကောဏ္ဍညသည် တရားထူးကို ဦးစွာရကာ ဧဟိဘိက္ခုရဟန်းဖြစ်လာ၏။ ရှင်ဝပ္ပက လပြည့်ကျော် ၁ ရက်နေ့၊ ရှင်ဘဒ္ဒိယက ၂ ရက်နေ့၊ ရှင်မဟာနာမ်က ၃ ရက်နေ့၊ ရှင်အဿဇိက ၄ ရက်နေ့တွင် အသီးသီးဧဟိဘိက္ခုရဟန်းတော်များ ဖြစ်လာကြ၏။

### ရှင်အဖြစ်ရဟန်းအဖြစ်ကို ရလို

ဤဝါတွင်းမှာပင် ယသသူဌေးသား၊ ယင်း၏သူငယ်ချင်းလေးဦးနှင့်တစ်ဖန် သူငယ်ချင်းငါးဆယ်တို့သည် ဧဟိဘိက္ခုရဟန်းတော်များဖြစ်လာကြ၏။ ဧဟိဘိက္ခုရဟန်းဆိုသည်မှာ ဘုရားရှင်၏တရားကို နှစ်သက်လက်ခံပြီး ဘုရားရှင်ထံတွင် "တပည့်တော် အရှင်ဘုရားထံမှာ ရှင်အဖြစ်ရဟန်းအဖြစ်ကို ရလိုပါ၏" ဟူ၍ လျှောက်ထားတောင်းခံသည့်အခါ ဘုရားရှင်က "ဧဟိဘိက္ခုသွာက္ခာတောဓမ္မော၊ စရပြဟ္မစရိယသမ္မာဒုက္ခဿ အန္တကိရိယာယ" ရဟန်းလာလော့၊ တရားကို ကောင်းစွာဟောကြားအပ်ပြီး ဆင်းရဲဒုက္ခ၏ အဆုံးသတ်ရန်ဖြစ်သောအကျင့်ကို ကောင်းကောင်းကျင့်လှည့်ပါ"ဟု မိန့်တော်မူခြင်းဖြစ်၏။

### သရဏဂုံသုံးပါးကို ခံယူခြင်း

ဘုရားရှင်၏ ဧဟိဘက္ခုစသောမိန့်ကြားချက်နှင့် ရဟန်းဖြစ်လာသူများကို ဧဟိဘိက္ခုရဟန်းဟုခေါ်ဆိုသည်။ ထို့နောက် ရဟန်းပြုလိုသူများသည် ဘုရားရှင်ထံ လာကြရာတွင် ရဟန်းပြုလိုသူများနှင့် ရဟန်းလောင်းများပါ ပင်ပန်းကြသည်ကို ဘုရားရှင်က သိတော်မူ၍ ရဟန်းတော်များကို "သရဏဂုံသုံးပါး" နှင့် ရဟန်းပြုခွင့်ပြုလိုက်သည်။ သရဏဂုံသုံးပါးကို ခံယူခြင်းဖြင့် ရဟန်းဖြစ်သောသူများလာသဖြင့် နောက်ပိုင်းတွင် သရဏဂုံသုံးပါးနှင့် ရဟန်းပြုပေးခွင့်ကို "ညတ္တိစတုတ္ထကမ္မဝါစာ"နှင့် ရဟန်းပြုပေးရန် ဘုရားရှင်ကပညတ်၏။ ယင်းသို့ သရဏဂုံသုံးပါးနှင့် ရဟန်းပြုခွင့်ပေးစဉ်က ရဟန်းတစ်ပါးတည်းက ရဟန်းလောင်းကို ရဟန်းပြုပေးနိုင်၏။

ညတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြုပေးသည့်အခါ သံဃာအဖွဲ့ကသာ ရဟန်းပြုပေးနိုင်၏။ သံဃာအဖွဲ့က ရဟန်းပြုပေးရန်အတွက်လည်း သံဃာကံကိုလွယ်ကူစွာ ဆောင်ရွက်ရန် "သိမ်"လိုလာသည်။

### ကမ္မဝါစာ

ဤနေရာတွင် "ညတ္တိစတုတ္ထကမ္မဝါစာ" အခေါ် "ညတ္တိ"ဆိုသည်မှာ သိစေခြင်း သို့မဟုတ် ကြေညာခြင်းဖြစ်၏။ အဓိပ္ပာယ်အားဖြင့် "သံဃာအဖွဲ့က ဤရဟန်းလောင်းကို ဥပဇ္ဈာယ်ဆရာနှင့် ရဟန်းပြုပေးမည်"ဟု အသိပေးခြင်း၊ ကြေညာခြင်းပြုသည်ကို ပါဠိအလို "ညတ္တ" မြန်မာလို "ညတ်ထားတယ်"ဟုခေါ်၏။ "ကမ္မဝါစာ"ဆိုသည်မှာ ကံပြုကြောင်းအဆိုတင်သော စာဖြစ်သည်။ ရဟန်းခံပေးခြင်း၊ ကထိန်ခင်းခြင်းစသော သံဃာ့ကိစ္စသံဃာကံပြုကြောင်းအဆိုပြုသော စာများကို "ကမ္မဝါစာ" ဟု ခေါ်ခြင်းဖြစ်၏။

ဝါဆိုလပြည့်နေ့သည် "သန္ဓေ၊ တောထွက်၊ ဓမ္မစက်၊ တစ်ချက်ပြာဋိဟာ" ဆိုစကားအရ ဘုရားအလောင်းတော်သည် မယ်တော်မာယာဝမ်းကြာတိုက်၌ ပဋိသန္ဓေတည်တော်မူသောနေ့။

သိဒ္ဓတ္ထမင်းသားဘဝတွင် နိမိတ်ကြီးလေးပါးကို မြင်တော်မူ၍ သံဝေဂရပြီး တောထွက်တော်မူသောနေ့။

ဘုရားအဖြစ်သို့ရောက်ရှိပြီး ဓမ္မစကြာတရားဟောကြားတော်မူသောနေ့။

တိတ္ထိသင်းကိုနှိမ်နင်း၍ တန်ခိုးပြာဋိဟာပြတော်မူသောနေ့များဖြစ်၏။

"ဝါဆိုလပြည့် စနေနေ့ဝယ်၊ ကြွေကြွေကလျှံတတ်၊ ဓမ္မစက်ကို မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်။ တရားနတ်စည်ရွှမ်းတယ်ကို" ဟူ၍ လယ်တီဆရာတော်ဘုရားကြီးက ခုနစ်နေ့ဘုရားရှိခိုးရန် စာစပ်ခဲ့၏။ ထိုသမယတွင် ဝါဆိုလပြည့်နေ့ကို "ဓမ္မစကြာအခါတော်နေ့" ဟူ၍ ခေါ်ဆိုကြ၏။

### ဖွားမြင်တော်မူခဲ့ခြင်း

သက္ကတိုင်းမှာ သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့၏။ သက္ကတိုင်းမြို့တော်သည် ကပိုလဝတ်ဖြစ်သည်။ သိဒ္ဓတ္ထမင်းသားသည် ကပိုလဝတ်ပြည့်ရှင် သုဒ္ဓေါဒနမင်းနှင့် မိဖုရားခေါင်ကြီး မဟာမာယာဒေဝီတို့မှ မဟာသက္ကရာဇ် ၆၇ ခု ကဆုန်လပြည့် သောကြာနေ့တွင် လုမ္ဗိနီဥယျာဉ်အင်ကြင်းတောမှာ ဖွားမြင်တော်မူခဲ့ခြင်းဖြစ်၏။ သကျဝံသခတ္တိယမျိုးနွယ်ဝင်ဖြစ်၏။

သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူပြီးချိန်မှာ "ဤကမ္ဘာလောက၌ငါသည် အကြီးဆုံး၊ ငါသည်အမြတ်ဆုံး၊ ငါသည်အမြင့်ဆုံးဟု သိဒ္ဓတ္ထဖွားမြင်တော်မူပြီးချိန်မှာ ကြွေးကြော်ခဲ့ပြီး ခြေခုနစ်လှမ်းစကြံ ကြွတော်မူခဲ့၏။ ခြေလှမ်းတိုင်းမှာ ကြာပွင့်များအလိုလိုပွင့်လာခဲ့၏။ ဈာန်ရသေ့ကြီးကာလဒေဝီလရသေ့ဦးခေါင်းပေါ်မှာ ရပ်တည်ခဲ့၏။ တစ်လသားအရွယ် အာနာပါနကမ္မဋ္ဌာန်းစီးဖြန်းမှုကြောင့် သပြေပင်အရိပ်မပြောင်းဘဲ လူအများကိုအံ့သြစေခဲ့၏။ ၁၆ နှစ်သားအရွယ်မှာ ယောက်ျားတို့၏ စွမ်းအား လေးအတတ်ကို ထူးဆန်းစွာပြခဲ့သည့် သကျဝံသနိုင်ငံသားများသည် သိဒ္ဓတ္ထမင်းသားအား စကြဝတေးမင်းအဖြစ်ကို ရည်မှန်းခဲ့ကြသော်လည်း လေးအသင်္ချေနှင့်ကမ္ဘာတစ်သိန်းပါရမီတော်များကို ဖြည့်ကျင့်လာခဲ့သော သိဒ္ဓတ္ထမင်းသားသည် စကြဝတေးမင်းနိုင်ငံမတည်ဆောက်ဘဲ အရိယာနိုင်ငံတော်သာတည်ဆောက်ပေးခဲ့ခြင်းဖြစ်၏။

### သားတော်ရာဟုလာကိုဖွားမြင်တော်မူ

မဟာသက္ကရာဇ် ၉၇ ခုနှစ် သက်တော် ၂၉ နှစ်အရွယ်တွင် သားတော်ရာဟုလာကိုဖွားမြင်တော်မူသည့်နေ့မှာပင် တောထွက်တော်မူခဲ့ပါ၏။ တောထွက်သည့်နေ့ကား တနင်္လာနေ့ဖြစ်၏။ ဥရုဝေလတောတွင် ဒုက္ကရစရိယာ ခြောက်နှစ်ကျင့်ရာ အမှန်တရားကို ရှာမတွေ့ခဲ့ပေ။ နောက်ဆုံးတွင် မဇ္ဈိမပဋိပဒါအလယ်အလတ်လမ်းစဉ်ကိုရှာဖွေတွေ့ရှိသွားပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်ကို ရောက်တော်မူခဲ့လေ၏။

### တရားဦးဓမ္မစကြာကို စတင်မိန့်မြွက်

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သမ္မာသမ္ဗောဓိဉာဏ်ရရှိတော်မူခဲ့၍ သမ္မာသမ္ဗုဒ္ဓဘုရားစင်စစ်ဧကန်ဖြစ်တော်မူခဲ့သည်။ ဘုရားဖြစ်ပြီးသောအခါ ဗောဓိပင်အနီးရှိ ခုနစ်နေရာတို့၌ ရက်သတ္တခုနစ်ပတ်ကြာ ဖလသမာပတ်ချမ်းသာဖြင့် သီတင်းသုံးတော်မူခဲ့၏။ ဝါဆိုလဆန်း ၁၁ ရက်နေ့တွင် သဟမ္ပတိဗြဟ္မာမင်း၏တောင်းပန်မှုကြောင့် တရားစတင်ဟောကြားရန်ဆုံးဖြတ်ခဲ့ရာ ရှေ့ဦးစွာဥရုဝေလမှ တရားကျင့်ဖက်ဆရာဖြစ်ခဲ့သော အာဠာရရသေ့နှင့် ဥဒကရသေ့နှစ်ဦးကို စတင်ဟောကြားရန်ဆုံးဖြတ်လေသည်။ သို့ရာတွင် ရသေ့နှစ်ဦးမှာတစ်ဦးက ခုနစ်ရက်၊ တစ်ဦးကတစ်ရက်စော၍ကွယ်လွန်ပြီး အရူပဗြဟ္မာဘုံသို့ ရောက်ကြ၍ မြတ်ဘုရားရှင် တရားတော်ကို နာကြားခွင့်မရတော့ပေ။ မြတ်ဗုဒ္ဓသည် ဝတ်ကြီးဝတ်ငယ်ပြုခဲ့ဖူးကြသော မိတ်ဆွေဟောင်းငါးဦးတို့အား တရားဦးဟောကြားလို၍ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ဝါဆိုလဆန်း ၁၂ ရက်နေ့တွင် ဥရုဝေလဗုဒ္ဓဂယာမဟာဗောဓိမှ ဗာရာဏသီပြည် မိဂဒါဝုန်တောသို့ ကြွရောက်ရှိခဲ့သည်။ ထိုနေ့ညနေချမ်းအချိန် နေဝင်လထွက်သည့်အခါသမယတွင် မိတ်ဆွေဟောင်းငါးဦးတို့အား မြတ်ဘုရားရှင်က "ဓမ္မစေကြာဝတ္တန" အစချီ၍ တရားဦးဓမ္မစကြာကို စတင်မိန့်မြွက် ဟောကြားတော်မူခဲ့သည်။

လူပုဂ္ဂိုလ်ထဲကငါးဦးသောသူတို့သည်တရားဦးကိုနာယူရမည်ဟု မျှော်လင့်တောင့်တစောင့်ဆိုင်းခဲ့ကြသည်မှာ ၃၅ နှစ်မျှပင်ရှိခဲ့လေပြီ။

ထိုအချိန်ကောင်းဝယ် ၃၅ နှစ်အရွယ်အင်အားတော်ဖြည့်တင်း၍ ဝါဝင်းသပ္ပာယ်သောကိုယ်ခန္ဓာတော်ဖြင့် ကြည်လင်အေးမြသောမျက်နှာတော်ဖြင့် သာယာသောသံတော်ကို ထုတ်ဖော်တော်မူကာ "ဓမ္မစေကြာဝေ အန္တာပဗ္ဗဇိတေန နသေဝိတဗ္ဗာ" အစရှိသည်တို့ဖြင့် သာယာသောအသံတော်ဖြင့် ထုတ်ဖော်ဟောကြားတော်မူခဲ့သည်မှာ ဓမ္မစကြာတရားဖြစ်၏။

တရားတော်တွင် ဘဝအသစ်မဖြစ်သော ဆင်းရဲခြင်းကင်းမည့် ကျင့်စဉ်များ ပါရှိလေ၏။ တရားတော်၏ အနှစ်အရသာအားဖြင့် အကျင့်သုံးပါး၊ သစ္စာလေးပါး၊ ဉာဏ်တစ်ဆယ့်နှစ်ပါးနှင့် ဗုဒ္ဓအဖြစ်ကိုဝန်ခံတော်မူခြင်းတို့ဖြစ်၏။

### သံသရာက လွတ်မြောက်စေချင်

မြတ်ဘုရားရှင်အဖြစ်စေချင်ဆုံးသည် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါများကို ဘဝအသစ်ပြန်၍မဖြစ်ဘဲသံသရာက လွတ်မြောက်စေချင်သည်။ သို့ဖြစ်၍ဆင်းရဲချုပ်ငြိမ်းရာသံသရာမှ လွတ်သည့်နေရာသို့သွားရာမြေပုံကို လမ်းညွှန်ပြခဲ့ခြင်း ဖြစ်ပါ၏။

မြတ်ဘုရားရှင်တရားတော်ကို ဒုက္ခလေးမျိုးရှိကြောင်း ပြခြင်းဖြစ်၏။ ယင်းတို့မှာ ဇာတိပိဒုက္ခာ၊ ဇရာပိဒုက္ခာ၊ ဗျာဓိပိဒုက္ခာ၊ မရဏာပိဒုက္ခာတို့ဖြစ်၏။ အဓိပ္ပာယ်မှာ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းသည် ဆင်းရဲခြင်းတို့ဖြစ်၏။ ထိုဆင်းရဲဒုက္ခမျိုးကို ခန္ဓာကိုယ်နှင့်ပတ်သက်သော ဆင်းရဲဒုက္ခမျိုးဖြစ်၏။

ဒုတိယဒုက္ခမှာ မချစ်မနှစ်သက်သောသူနှင့် ပေါင်းသင်းရခြင်းဆင်းရဲဒုက္ခနှင့် ချစ်သောသူနှင့်ကွေကွင်းရခြင်း ဆင်းရဲဒုက္ခဖြစ်သည်။ ထိုဆင်းရဲကိုလည်း ပတ်ဝန်းကျင်ဒုက္ခဟုခေါ်၏။

တတိယဒုက္ခမှာ လိုချင်တပ်မက်ပါလျက်မရခြင်းဒုက္ခဖြစ်၏။ ထိုဒုက္ခတို့သည် ကံကြမ္မာနှင့်ပတ်သက်သော ဆင်းရဲဒုက္ခဖြစ်၏။

စတုတ္ထမှာ ခန္ဓာဆင်းရဲခြင်းဖြစ်ပေ၏။ ခန္ဓာပါးပါး ရရှိလာသည့်အတွက် ဆင်းရဲရသောဒုက္ခကို သင်္ခါရနှင့်ပတ်သက်သော ဆင်းရဲဒုက္ခဖြစ်၏။ ယင်းစတုတ္ထဒုက္ခသည် သင်္ခါရဒုက္ခဖြစ်၏။ ဘုရားရှင်မှသာသိရသော ဒုက္ခမျိုးဖြစ်၏။ ထိုဒုက္ခသည် နိဗ္ဗာန်ကို အခြေခံရရှိခံစားနိုင်သော ဒုက္ခဖြစ်၏။

### ဆင်ခြင်တုံတရား

ယင်းသင်္ခါရဒုက္ခသည် ဆင်ခြင်တုံတရားအရ သိရှိရသောဒုက္ခမျိုးမဟုတ်ပေ။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့နှင့်သာသိနိုင်သော ဒုက္ခမျိုးဖြစ်ပါ၏။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဆိုသည်မှာလည်း ဆင်ခြင်တုံတရားရှိမှသာ ရနိုင်သောဉာဏ်မျိုးဖြစ်သော သင်္ခါရဒုက္ခကိုမြင်မှ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်ကို မြင်ရာရောက်ပေ၏။ ဒုက္ခသစ္စာ ဆင်းရဲခြင်းအမှန်ကို မသိဘဲနှင့် ဆင်းရဲခြင်းကုန်ရာ ချမ်းသာစစ်၊ ချမ်းသာမှန်ကို မသိနိုင်ပါ။ ဒုက္ခသစ္စာ ဆင်းရဲခြင်း အမှန်ကိုသိမှ ဆင်းရဲခြင်းကုန်ရာချမ်းသာစစ်၊ ချမ်းသာမှန်ကို သိနိုင်၊ မြင်နိုင်၊ ကြိုးစားနိုင်မည်ဖြစ်၏။

"ရှုမှတ်အစဉ်၊ လျစ်လျူထင်၍၊ သုံးအင်မာန၊ ပယ်နိုင်မှ၊ သန္တပုဂ္ဂိုလ်မည်"ဟူ၍ အနှစ်ချုပ်ဆောင်ပုဒ်လင်္ကာများဖြင့် သန္တိပုဂ္ဂိုလ်ကို အနက်ဖွင့်ထားသည်။ မြတ်ဗုဒ္ဓသာသနာ၏ အနှစ်သာရ ရည်မှန်းချက်ပန်းတိုင်တစ်ရပ်အဖြစ်ထားကာ မြတ်ဘုရားရှင်၏ တရားတော်တို့အား ရှုမှတ်ကျင့်ကြံအားထုတ်ခြင်းကို ပြုနိုင်သည်မှာ သန္တိပုဂ္ဂိုလ်ဖြစ်သည်ဟု ဆိုထားဦး။

"ဘယ်သို့သိမြင်၊လေ့ကျင့်လျှင်၊ မည်တွင်သန္တငြိမ်းအေးသည့်ပုဂ္ဂိုလ် ခေါ်သနည်း။

အမျက်မပွား၊ မလန့်ငြားတည့်၊ မကြွားဝါခြင်း၊ ကုက္ကုစ်ကင်း၍၊ ဆိုလျှင်းချိန်ချင့်၊ မပျံ့လွင့်၊ ခြောက်ဆင့်သူ့ ဂုဏ်ရည်"

"တွန့်ဆုတ်သယောင်၊ ဟန်ဆောင်မပြ၊ မတောင့်တလျှင်၊ ဝန်တိုကင်း၍၊ ကြမ်းခြင်းရှုံ့ဖွယ်၊ အလျှင်းပယ်လျက်၊ ချစ်ပြယ်စကားမပြောကြား၊ ခုနစ်ပါးသူ့ဂုဏ်ရည်"

"သာယာဖွယ်အတွင်း၊ မစီးဆင်းတည့်၊ မာန်ကင်းသိမ်မွေ့၊ ထင်ဉာဏ်တွေ့လျက်၊ ယုံလေ့ကင်းကာ၊ တပ်မက်ကွာ ခြောက်ဖြာသူ့ဂုဏ်ရည်"ဟူ၍ သန္တပုဂ္ဂိုလ်၏ ဂုဏ်ရည်များကို ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင်မဟာစည် ဆရာတော်ကြီး ကျမ်းပြုရေးသားထားသော ပုရာဘေဒသုတ္တန်တရားတော်တွင် ပြဆိုထားသည်ကို မှတ်မိကြမည်။

### ငြိမ်းအေးရန်

ထို့ပြင် ဗုဒ္ဓသာသနာတော်တွင် ကျင့်ကြံအားထုတ်ခြင်းဟူသမျှသည် ငြိမ်းအေးရန်သာဖြစ်သည်။ သဘာဝသဘောတိုင်းတွင် ကိုယ့်တရားနှင့်ကိုယ်ကျင့်ကြံအားထုတ်ခြင်းမှာလည်း ငြိမ်းအေးလို၍ဖြစ်၏။ သို့ရာတွင် အချို့သော ပုထုဇဉ်အများစုမှာ မြတ်ဗုဒ္ဓ၏ ဓမ္မစကြာတည်းဟူသော တရားဦးတို့ကို လေ့လာသမှု အားနည်းကာရှိကြသည်။ အဓိကအချက်ကား ကိုယ်ပိုင်ဉာဏ်ဖြင့် မချင့်ချိန်ဘဲ သူတစ်ပါးပြောကြားသောစကားဖြင့်သာ အစွန်းတရားများဆီသို့ ချဉ်းကပ်ပြီးလျက်သား ဖြစ်ခဲ့သူက များသည်။

### မဇ္ဈိမပဋိပဒါ

မြတ်ဘုရားရှင်၏ တရားဦးဓမ္မစကြာတရားတော်ကြီးတွင် မမှီဝဲအပ်ကုန်သော ကာမေသုကာမသုခလ္လိကာနိယော ဂေါဝတ္တုအာရုံကာမဂုဏ်ချမ်းသာကို အဖန်တလဲလဲခံစားခြင်းနှင့် အတ္တကိလမထာ နိယောဂါ မိမိကိုယ်ကိုယ် ပင်ပန်းအောင်အားထုတ်ခြင်းဟူသည့် အစွန်းနှစ်ပါးသည် ဒုက္ခဆင်းရဲရုံမျှသာရှိကြောင်း ဟောကြားအပ်သော တရားသာဖြစ်၏။

ထိုအစွန်းနှစ်ပါးလွတ်ရာ မဇ္ဈိမပဋိပဒါ အလယ်လမ်းဖြစ်သည့် မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကျင့်ကြံကြရန် ဟောကြားတော်မူခဲ့၏။ ထိုတရားတို့၏ အနက်အဓိပ္ပာယ်တို့အား လေ့လာမှတ်သား နာယူခြင်းဖြင့် နက်နဲသော ဉာဏ်၊ လျင်မြန်သောဉာဏ်တို့ဖြင့် ရှုမှတ်ပွားကြရန် လိုအပ်ပေမည်။ သို့မှသာ ဒုက္ခချုပ်ငြိမ်းရာ မြတ်နိဗ္ဗာန်သို့ တက်လှမ်းနိုင်ကြပေမည်ဖြစ်ပေ၏။







# လက်ထပ်လိုက်ပြီဖြစ်တဲ့ အဲရစ်မွန်း

တောင်ကိုရီးယားရဲ့ နာမည်ကျော်သရုပ်ဆောင်နဲ့ တေးသံရှင်တစ်ဦးဖြစ်သူ အဲရစ်မွန်းဟာ သူ့ရဲ့ဂျူနီယာသရုပ်ဆောင်မင်းသမီးတစ်ဦးဖြစ်တဲ့ နာဟေမီနဲ့ လတ်တလောမှာ လက်ထပ်လိုက်ပြီဖြစ်ကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

နာမည်ကျော်အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Shinhwa"ရဲ့ ခေါင်းဆောင်ဖြစ်ပြီး သရုပ်ဆောင်မင်းသားတစ်ဦးအဖြစ်ပါအောင်မြင်နေတဲ့ အဲရစ်မွန်းဟာ ပြီးခဲ့တဲ့ ဇူလိုင် ၁ ရက်မှာ မင်္ဂလာပွဲဆင်နွှဲခဲ့တာဖြစ်ပြီး နာမည်ကျော်တစ်ဦးဖြစ်ပေမယ့် သူ့ရဲ့မင်္ဂလာပွဲကို မိသားစုဝင်တွေနဲ့ ရင်းနှီးတဲ့မိတ်ဆွေအချို့ကိုသာ ဖိတ်ကြားကျင်းပခဲ့တာဖြစ်ပါတယ်။ အဲရစ်နဲ့ နာဟေမီတို့ရဲ့ လက်ထပ်ပွဲအခမ်းအနားကိုတော့ ဆိုးလ်မှာရှိတဲ့ ဘုရားကျောင်းတစ်ကျောင်းမှာ ကျင်းပခဲ့ခြင်းဖြစ်ကြောင်းလည်း သိရပါတယ်။

လတ်တလောမှာ အသက်(၃၈)နှစ်အရွယ်ရှိပြီဖြစ်တဲ့ အဲရစ်မွန်းဟာ သူ့ထက် အသက်(၁၂)နှစ်ခန့်ငယ်တဲ့ (၂၆)နှစ်အရွယ် မင်းသမီးချော နာဟေမီကို ဘဝလက်တွဲဖော်အဖြစ်ရွေးချယ်ခဲ့တာဖြစ်ပြီး ကြယ်ပွင့်နှစ်ဦးဟာ စေ့စပ်လိုက်ပြီဖြစ်ကြောင်းကို ပြီးခဲ့တဲ့ ဧပြီလအတွင်းက တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာလည်း ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဇူလိုင် ၁ ရက်မှာတော့ လက်ထပ်ပွဲအခမ်းအနားကျင်းပခဲ့ကြပြီး ယင်းအခမ်းအနားကို အဲရစ်ရဲ့ တေးဂီတအဖွဲ့ဖြစ်တဲ့ "Shinhwa"မှ အဖွဲ့ဝင်တွေတက်ရောက်ခဲ့ကြကာ မင်္ဂလာအခမ်းအနားမစတင်မီ အမှတ်တရဓာတ်ပုံတွေ အတူရိုက်ကူးခဲ့ကြကြောင်းလည်း သိရပါတယ်။ လက်ထပ်ပွဲဆင်နွှဲခဲ့ပြီးတဲ့နောက် အဲရစ်ဟာ ပိုမိုအလုပ်များတော့မှာဖြစ်ကြောင်းနဲ့ လတ်တလောမှာတော့ ဟန်းနီးမွန်းခရီးထွက်နေကာ ခရီးမှ ပြန်လာလာချင်း ရိုက်ကူးရေးလုပ်ငန်းတွေက သူ့ကို စောင့်ကြိုနေတာဖြစ်ကြောင်းလည်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။ အဲရစ်ရဲ့ ဟန်းနီးမွန်းခရီးစဉ်တိုတောင်းရခြင်းရဲ့ အကြောင်းအရင်းဟာလည်း သူဟာ လီဆိုးဂျင်၊ ယွန်ဂိုဆန်းတို့နဲ့တွဲဖက်ကာ ရုပ်ရှင်သစ်တစ်ကား ရိုက်ကူးရန်ရှိနေတာကြောင့်ဖြစ်ပြီး tvN မှ ထုတ်လွှင့်ပြသလျက်ရှိတဲ့ အဲရစ်ရဲ့ ရုပ်သံအစီအစဉ် "Three Meals A Day 4"ဟာလည်း စတင်နေပြီဖြစ်တာကြောင့် မအားလပ်နိုင်ဖြစ်နေပါတယ်။

"Shinhwa"တေးဂီတအဖွဲ့ရဲ့ ဂီတသက်တမ်းနှစ် (၂၀)ပြည့်အခမ်းအနားကို လာမယ့်နှစ်အတွင်း ပြုလုပ်သွားမှာဖြစ်ပြီး ယင်းအခမ်းအနားအတွက် ပြင်ဆင်မှုတွေအတွက်လည်း အဲရစ်ဟာ လတ်တလောမှာအချိန်ပေးနေရတာဖြစ်ပါတယ်။ အဖွဲ့ရဲ့ တေးဂီတလှုပ်ရှားမှုအသစ်တွေကတော့ ပြီးခဲ့တဲ့လအတွင်းက ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲမှာ အဆုံးသတ်သွားခဲ့ပြီဖြစ်ပေမယ့် ပရိသတ်တွေအတွက် နှစ်(၂၀)ပြည့်အထိမ်းအမှတ်ကိုတော့ ပြုလုပ်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အဲရစ်မွန်းဟာ သရုပ်ဆောင်လောကအတွင်း စတင်ခြေချခဲ့ပြီးတဲ့နောက် အချိန်တိုလေးအတွင်းမှာပဲ အောင်မြင်မှုတွေရခဲ့ကာ ဇာတ်ကားပေါင်းများစွာမှာ ခေါင်းဆောင်မင်းသားအဖြစ် ပါဝင်ခဲ့ရသူလည်း ဖြစ်ပါတယ်။ သူဟာ တောင်ကိုရီးယားရုပ်ရှင်လောကမှာ အချစ်ဟာသဇာတ်လမ်းတို့ရဲ့ဘုရင်တစ်ပါးအဖြစ် တင်စားခံရသူဖြစ်ပြီး နှစ်စဉ်ရုပ်ရှင်ကားတွေကို လက်ခံရိုက်ကူးနေရသူလည်းဖြစ်ပါတယ်။ ယခုနှစ်အတွင်းမှာလည်း ရုပ်ရှင်ကားအချို့ကို ရိုက်ကူးပေးဖို့ လက်ခံထားပြီးဖြစ်ကြောင်းလည်း သိရပါတယ်။

လတ်တလောမှာ ကြားသိခဲ့ရတဲ့ အဲရစ်ရဲ့ မင်္ဂလာသတင်းနဲ့ပတ်သက်ပြီး သူ့ရဲ့မိတ်ဆွေတွေနဲ့ ပရိသတ်တွေကလည်း လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် ဆုတောင်းစကားတွေရေးသားဖော်ပြခဲ့ကြပါတယ်။ သူ့ရဲ့မင်္ဂလာပွဲအတွက် ဆုတောင်းပေးခဲ့ကြသူတွေကိုလည်း အဲရစ်က "ကျွန်တော့်ရဲ့ဘဝအစတစ်ခုလို့ဆိုနိုင်တဲ့ ဒီလိုအချိန်မှာ ဆုတောင်းစကားဆိုခဲ့ကြတဲ့ ပရိသတ်တွေအားလုံးကို ကျွန်တော့်အနေနဲ့ ကျေးဇူးအထူးတင်ပါတယ်။ ကျွန်တော့်တို့အတွက် ပေးပို့ခဲ့တဲ့မိတ်ဆွေတွေနဲ့ ဆွေမျိုးတွေရဲ့ မင်္ဂလာစကားတွေနဲ့ပဲ ကျွန်တော်တို့မောင်နှံနှစ်ဦး ဘဝကိုပျော်ပျော်ရွှင်ရွှင်နဲ့ သက်ဆုံးတိုင်အတူတူဖြစ်သန်းသွားပါ့မယ်"လို့ ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

# ချစ်သူကို ဘယ်တော့မှ လက်တွဲမဖြုတ်တဲ့ ရှင်မင်အ



တောင်ကိုရီးယား နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ရှင်မင်အဟာ လက်ရှိမှာ မင်းသားတစ်ဦးဖြစ်တဲ့ ကမ်ဝူဘင်နဲ့ ချစ်သူတွေဖြစ်နေကြတာဖြစ်ပြီး ကမ်ဝူဘင်အနေနဲ့ ကင်ဆာရောဂါခံစားနေရတဲ့အတွက် ဆေးကုသမှုခံယူရာမှာ အမြဲအတူလိုက်ပါတာကို တွေ့ရပါတယ်။ ရောဂါခံစားနေရချိန်တွေမှာ ချစ်သူကို လက်တွဲဖြုတ်ခဲ့ခြင်းမျိုးမရှိဘဲ အမြဲအားပေးကာ အတူလိုက်ပါလေ့ရှိတဲ့ မင်းသမီးကို တောင်ကိုရီးယားမီဒီယာတစ်ခုဖြစ်တဲ့ ကေပေ့ါပ်စတားဇ် ဒေ့ါကွန်းက ချီးကျူးဖော်ပြခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့မေလအတွင်းမှာ ကမ်ဝူဘင်က သူဟာ လည်ချောင်းကင်ဆာတစ်မျိုး ခံစားနေရကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပြီး လက်ရှိမှာတော့ ကင်ဆာကုသမှုတွေကို ခံယူနေရတာဖြစ်ပါတယ်။ ဒီလို ဆေးဝါးကုသမှုခံယူနေရချိန်မှာ ချစ်သူဖြစ်တဲ့ ရှင်မင်အက များပြားလှတဲ့ အနုပညာလှုပ်ရှားမှုတွေကြောင့် မအားလပ်နိုင်တဲ့အကြားက လိုက်ပါအားပေးခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

ရှင်မင်အဟာ ကမ်ဝူဘင်ရဲ့ ကင်ဆာရောဂါအကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီးတဲ့နောက် မေ ၂၉ ရက်မှာ ကမ်နဲ့ လက်တွဲကာ ကုသမှုတွေမှာ အတူလိုက်ပါအားပေးသွားမှာဖြစ်ကြောင်းနဲ့ ရောဂါခံစားနေရတဲ့ကာလတစ်လျှောက် အတူရှိနေပေးမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့စကားအတိုင်း ရှင်မင်အဟာ ကမ်ဝူဘင်ရဲ့ ကုသရေးတွေမှာ အတူလိုက်ပါခဲ့တာကို အကြိမ်များစွာတွေ့ခဲ့ရပြီး ကမ်ဟာ ဓာတ်ရောင်ခြည်ကုထုံးနဲ့ရော ဆေးဝါးတွေနဲ့ပါ ကုသမှုခံယူနေရတာဖြစ်တယ်လို့လည်း သိရပါတယ်။

ကမ်ဝူဘင် ကုသမှုခံယူနေတဲ့ဆေးရုံမှ တာဝန်ရှိသူတွေက ရှင်မင်အနဲ့ ကမ်ဝူဘင်တို့ဟာ ဒီလိုခက်ခဲတဲ့အချိန်အခါမှာတောင် အမြဲလိုလိုပြုံးနေကြကြောင်းလည်း ဆိုပါတယ်။ ဒါ့အပြင် ကမ်ဝူဘင် ခံစားနေရတဲ့လည်ချောင်းကင်ဆာဟာ အစောပိုင်းကာလမှာ သိခဲ့ရမှသာ အသက်ရှင်နိုင်တဲ့ ကင်ဆာမျိုးဖြစ်ပြီး ကမ်ဝူဘင်ကတော့ ကင်ဆာရောဂါစတင်ဖြစ်ဖြစ်ချင်းမှာပဲ သိလိုက်ရတဲ့အတွက် သင့်လျော်တဲ့ကုသမှုတွေခံယူလိုက်ပါက အသက်ရှင်နိုင်ဖွယ်ရှိကြောင်းလည်း သိရပါတယ်။

တောင်ကိုရီးယားရဲ့ နာမည်ကျော်ကြယ်ပွင့်တွေဖြစ်ကြတဲ့ ရှင်မင်အနဲ့ ကမ်ဝူဘင်တို့ဟာ နှစ်ဦးအကြားက ဆက်ဆံရေးနဲ့ပတ်သက်ပြီး အစပိုင်းမှာ တရားဝင်ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိဘဲ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်းမှာမှ အတည်ပြုပြောကြားခဲ့တာ ဖြစ်ပါတယ်။ ချစ်သူသက်တမ်းတစ်လျှောက်မှာတော့ ရှင်မင်အဟာ ချစ်သူကို အမြဲကူညီပံ့ပိုးပေးနေတာကို တွေ့ခဲ့ရကြောင်းလည်း အဆိုပါမီဒီယာက ရေးသားဖော်ပြခဲ့ပါတယ်။

# ဂျပန်မှာ ခြိမ်းခြောက်မှုနဲ့ ရင်ဆိုင်ခဲ့ရတဲ့ TWICE

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တက်သစ်စ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "TWICE"ဟာ လတ်တလောမှာ ဂျပန်နိုင်ငံကို သွားရောက်ဖျော်ဖြေလျက်ရှိရာ အွန်လိုင်းမီဒီယာပေါ်ကနေတစ်ဆင့် စာရေးသားခြိမ်းခြောက်မှုနဲ့ကြုံခဲ့ရကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ဖော်ပြချက်အရ သိရပါတယ်။

အွန်လိုင်းမီဒီယာတစ်ခုဖြစ်တဲ့ Ilbe ကို အသုံးပြုသူတစ်ဦးက " TWICE " တေးဂီတအဖွဲ့ဝင်တွေ တောင်ကိုရီးယားနိုင်ငံသို့ ပြန်လည်ထွက်ခွာမယ့်အချိန် လေဆိပ်မှာစောင့်ကြိုကာ ဟိုက်ဒရိုကလိုရစ်အက်ဆစ်နဲ့ ပက်ပစ်မှာဖြစ်ကြောင်း စာရေးသားပေးပို့ခဲ့ပြီး ဂျပန်မှာ ပြုလုပ်နေတဲ့ အဆိုပါအမျိုးသမီးတေးဂီတအဖွဲ့ရဲ့ ဖျော်ဖြေပွဲက ပုံရိပ်တွေကို ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံနဲ့အတူ ပေးပို့ခြိမ်းခြောက်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

အဖွဲ့ကို ယခုလို ထိခိုက်နာကျင်စေလိုရတဲ့အကြောင်းအရင်းနဲ့ပတ်သက်ပြီးလည်း ခြိမ်းခြောက်ခဲ့သူက "TWICE"ဟာ ဂျပန်နိုင်ငံမှာ အကျိုးအမြတ်များစွာရှာခဲ့ကြောင်း၊ ဂျပန်နိုင်ငံမှာ အားပေးတဲ့ပရိသတ်အခိုင်အမာရရှိခဲ့တာနဲ့အညီ ဂျပန်လူထုဆီက အနုပညာကြေးအတွက် ငွေများစွာရရှိခဲ့ကြောင်း၊ ဒီလိုဂျပန်တွေဆီက ငွေတွေကိုရယူခဲ့တဲ့အတွက် တောင်ကိုရီးယားနိုင်ငံကို စွန့်လွှတ်သင့်ကြောင်းနဲ့ ဖြစ်နိုင်ပါက ဂျပန်နိုင်ငံတွင် ဘဝနိဂုံးချုပ်ကာ တောင်ကိုရီးယားနိုင်ငံသို့ မပြန်နိုင်ပါက ပိုကောင်းကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။

ဒါ့အပြင် သူက တောင်ကိုရီးယားကို ပြန်ဖို့ကြိုးစားပါက လေဆိပ်မှာ ဟိုက်ဒရိုကလိုရစ်အက်ဆစ် လီတာ ၂၀ နဲ့အတူ စောင့်နေမှာဖြစ်ကြောင်း ပြီးခဲ့တဲ့ ဇူလိုင် ၂ ရက်က ခြိမ်းခြောက်စာပေးပို့ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။ နောက်ပိုင်းမှာတော့ အဆိုပါဖော်ပြချက်ကို ပြန်လည်ဖျက်သိမ်းခဲ့တာကိုတွေ့ရပါတယ်။ မကြာသေးမီကလည်း "TWICE"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်တဲ့ မင်နဆီကို အသက်အန္တရာယ်ခြိမ်းခြောက်စာတစ်စောင် အွန်လိုင်းမှတစ်ဆင့်ရောက်ရှိလာခဲ့ကာ ဒီလိုပေးပို့ခဲ့သူကိုတော့ တေးဂီတအဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ ဂျေဝိုင်ပီအန်တာတိန်းမန့်က ဥပဒေအရ အရေးယူခဲ့ပြီးဖြစ်ပါတယ်။



o အေးပြည့်-စုစည်းသည် o

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကို အနိုင်ရလဒ်နဲ့ စတင်ခဲ့တဲ့ လက်ရှိချန်ပီယံ



တင်းနစ်လောကမှာ ပြိုင်ပွဲကြီးလေးရပ်အဖြစ်သတ်မှတ်ခြင်းခံခဲ့ရတဲ့အထဲမှာ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲဟာ လက်ရှိအချိန်မှာ စတင်နေပြီဖြစ်ပြီး ပြိုင်ပွဲစတင်ချိန်မှာ အနိုင်ရလဒ်နဲ့ ဖွင့်လှစ်ခဲ့တာကတော့ လက်ရှိဝင်ဘယ်ဒန်တင်းနစ်ချန်ပီယံ အန်ဒီမာရေးပဲဖြစ်ပါတယ်။ ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးဟာ ကာဇက်စတန်တင်းနစ်ကစားသမား အလက်ဇန္ဒားဘတ်လစ်ခ်နဲ့ ယှဉ်ပြိုင်ကစားခဲ့တာဖြစ်ပြီး ၆-၁၊ ၆-၄၊ ၆-၂ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား အန်ဒီမာရေးဟာ တင်ပါးမှာ ဒဏ်ရာပြဿနာရရှိထားသော်လည်း သူ့ရဲ့လက်ရှိချန်ပီယံဆိုတဲ့ ဂုဏ်ပုဒ်နဲ့အညီ ချန်ပီယံဆုကို ကာကွယ်နိုင်ဖို့အတွက် အကောင်းဆုံးယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ ကမ္ဘာ့အဆင့်နံပါတ်တစ်တင်းနစ်ကစားသမားတစ်ဦးဖြစ်တဲ့ အန်ဒီမာရေးဟာ အခုအလက်ဇန္ဒားဘတ်လစ်ခ်ကို အနိုင်ရရှိခဲ့တာကြောင့် နောက်လာမယ့်ပွဲစဉ်မှာ ဂျာမနီတင်းနစ်ကစားသမား ဒက်စတင်ဘရောင်းနဲ့ ယှဉ်ပြိုင်ရမှာဖြစ်ပြီး ဒက်စတင်ဘရောင်းဆိုတာကလည်း ၂၀၁၅ ခုနှစ်အတွင်းက စပိန်တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်ကိုတောင် အနိုင်ကစားနိုင်ခဲ့တာမို့ ဒဏ်ရာရနေတဲ့ အန်ဒီမာရေးနိုင်ပွဲဆက်နိုင်ဖို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားရဦးမှာပါ။ ဘယ်လိုပဲဖြစ်ဖြစ် မာရေး အနေနဲ့ လက်ရှိကမ္ဘာ့နံပါတ်တစ်ဆိုတာကို ဆက်ထိန်းထားနိုင်ဖို့အတွက်တော့ နာဒယ်၊ ဂျိုကိုဗစ်နဲ့ ဝေါရင်ကာတို့လိုကစားသမားတွေနဲ့ ပြိုင်ဆိုင်ရဦးမှာဖြစ်ပါတယ်။

နိုင်လင်းကြည် – ရေးသားသည်။


Harry Kane
@HKane
Follow
She said YES! 😘❤️💍🏝️

## ချစ်သူ ကိတ်ဂွတ်လန်းကို ရင်သပ်ရှုမောဖွယ် လက်ထပ်ခွင့်တောင်းခဲ့ဖူးတဲ့ စပါးတိုက်စစ်မှူး

စပါးအသင်းရဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်တဲ့ ဟယ်ရီကိန်းဟာ သူ့ရဲ့ချစ်သူ ကိတ်ဂွတ်လန်းကို ရင်သပ်ရှုမောဖွယ် ပုံစံနဲ့ လက်ထပ်ခွင့်တောင်းခံခဲ့ဖူးတဲ့ ဓာတ်ပုံတစ်ပုံကို လူသိရှင်ကြား ထုတ်ဖော်ပြသလိုက်ပါပြီ။ အဲဒါကတော့ ဘဟားမားကမ်းခြေကို အားလပ်ရက်အတွင်း ချစ်သူစုံတွဲနှစ်ဦးအလည်အပတ်သွားရောက်တဲ့အချိန်မှာ စေ့စပ်လက်ထပ်ခွင့်တောင်းခဲ့တာဖြစ်ပါတယ်။ ဟယ်ရီကိန်းနဲ့ သူ့ရဲ့ချစ်သူ ကိတ်ဂွတ်လန်းတို့ဟာ ကျောင်းနေအရွယ်ကလေးငယ်ဘဝကတည်းက ကျောင်းအတူတက်ခဲ့ကြတာဖြစ်ပြီး လက်ထပ်ခွင့်တောင်းခံခဲ့တဲ့အချိန်မှာ ချစ်သူ ကိတ်ဂွတ်လန်းပြန်လည်ပြောခဲ့တဲ့ စကားတစ်ခွန်းကိုတောင် ဟယ်ရီကိန်းအနေနဲ့ ပြောခဲ့ပါသေးတယ်။ အဲဒါကတော့ "She said yes!" ဆိုတဲ့စကားလုံးပဲဖြစ်ပါတယ်။ ဟယ်ရီကိန်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက စပါးအသင်းကို ပရီမီယာလိဂ်ရဲ့ အဆင့်(၂) နေရာရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို သူကိုယ်တိုင်လည်း ပရီမီယာလိဂ်မှာ ဂိုးသွင်းအများဆုံးကစားသမားအဖြစ်နဲ့ ရပ်တည်နိုင်ခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

## ဝလာဒီမာကလစ်ရှ်ကိုနဲ့ မကျေပွဲပြန်လည်ထိုးသတ်မယ်ဆိုတဲ့ ဂျိုရှူအာ

ဗြိတိန်ရဲ့ ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား အန်တိုနီဂျိုရှူအာဟာဆိုရင် မကျေပွဲအဖြစ် ဝလာဒီမာကလစ်ရှ်ကိုနဲ့ ပြန်လည်ထိုးသတ်ဖို့ရည်ရွယ်ထားတဲ့အကြောင်း သူ့ရဲ့အင်စတာဂရမ်စာမျက်နှာမှာ သူကိုယ်တိုင်ရိုက်ကူးထားတဲ့ ဗီဒီယိုတစ်ခုကို တင်ထားခဲ့ပါတယ်။ လက်ဝှေ့လောကမှာ နာမည်ကြီးကစားသမားတစ်ဦးဖြစ်တဲ့ အန်တိုနီဂျိုရှူအာဟာ ယခုနှစ် ဧပြီလထဲမှာ ထိုးသတ်ခဲ့တဲ့ အိုင်ဘီအက်ဖ်၊ဒဗလျူဘီအေ(စူပါ)နဲ့ အိုင်ဘီအိုဟဲဗီးဝိတ်ချန်ပီယံခါးပတ်လုပွဲမှာ ဝလာဒီမာကလစ်ရှ်ကိုကို ရှုံးနိမ့်ထားခဲ့တာဖြစ်ပါတယ်။ အဲဒီရှုံးနိမ့်မှုအတွက် အန်တိုနီဂျိုရှူအာအနေနဲ့ ဝလာဒီမာကလစ်ရှ်ကိုနဲ့ တစ်ချိန်ချိန်မှာ ကြိုးဝိုင်းအတွင်းပြန်လည်ထိုးသတ်ဖို့ ရည်ရွယ်ထားခဲ့တာဖြစ်ပါတယ်။ အဲဒါဟာလည်း အသက်(၄၁)နှစ်အရွယ်ရှိနေပြီဖြစ်တဲ့ ယူကရိန်းလက်ဝှေ့ကျော် ကလစ်ရှ်ကိုအနေနဲ့ လက်ဝှေ့သမားဘဝကနေ အနားယူမယ်ဆိုတဲ့ ဆုံးဖြတ်ချက်မချရသေးတာကြောင့်ဖြစ်ပြီး အကယ်၍သာ ကလစ်ရှ်ကို အနားယူခဲ့မယ်ဆိုရင်တော့ အန်တိုနီဂျိုရှူအာရဲ့ မကျေပွဲပြန်လည်ထိုးသတ်မယ်ဆိုတဲ့ မျှော်လင့်ချက်ဟာ သဲထဲရေသွန်သလိုဖြစ်သွားရမှာပါ။





## ချန်ပီယံတီရှပ်ကိုဝတ်ဆင်ကာ အိမ်သို့ပြန်ခဲ့ကြတဲ့ ဂျာမနီဟီးရိုးများ

ဂျာမနီအသင်းဟာ ၂၀၁၄ ကမ္ဘာ့ဖလားချန်ပီယံအသင်းတစ်သင်းဖြစ်တာနဲ့အညီ လက်ရှိမှာလည်း ရုရှားနိုင်ငံမှာကျင်းပခဲ့တဲ့ ၂၀၁၇ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲမှာ ကိုပါအမေရိကချန်ပီယံ ချီလီအသင်းကို အနိုင်ရရှိကာ ကွန်ဖက်ဒရေးရှင်းဖလားကို ပထမဆုံးအကြိမ်အဖြစ် ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ပြန်ပါပြီ။ အဲဒီပွဲစဉ်မှာ စတင်ဒယ်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီလိုအနိုင်ရရှိခဲ့ပြီးတဲ့နောက် ဇူလိုင် ၃ ရက်မှာ အမိမြေဂျာမနီနိုင်ငံသို့ ၂၀၁၇ ခုနှစ် ကွန်ဖက်ဒရေးရှင်းဖလားကို ရင်ဝယ်ပိုက်ကာ ပြန်သွားခဲ့ကြတာပါ။ အဲဒီမှာ ထူးခြားချက်တစ်ခုကတော့ ရုရှားကနေ ဂျာမနီကိုပြန်သွားတဲ့အချိန်မှာ ကွန်ဖက်ဒရေးရှင်းဖလား ချန်ပီယံတီရှပ်ကို ကစားသမားတိုင်းဝတ်ဆင်ခဲ့ကြသလို နည်းပြဂျိုအာချင်လိုးအပါအဝင် အသင်းမှာပါဝင်ပတ်သက်သူအားလုံးကလည်း အဲဒီချန်ပီယံတီရှပ်ကိုဝတ်ဆင်ကာ ဂျာမနီသို့ ပြန်လာခဲ့ခြင်းဖြစ်ပါတယ်။

## ဝင်ဘယ်ဒန်တင်းနစ်လောကကို ပြန်လည်လွှမ်းမိုးဖို့ မျှော်လင့်နေတဲ့ အမေရိကန်



အမေရိကန်ဟာ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွေကို တစ်ချိန်က လွှမ်းမိုးခဲ့ဖူးသည့် သမိုင်းတစ်ရပ်ရှိခဲ့ပြီး လက်ရှိအချိန်မှာတော့ မျိုးဆက်တစ်ဆက်ပြတ်သွားခဲ့တာကြောင့် ဝင်ဘယ်ဒန်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွေမှာ အောင်ပွဲမခံနိုင်ခဲ့တာကြာခဲ့ပါပြီ။ တစ်ချိန်ကတော့ အမေရိကန်ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ပီတီဆမ်ပရက်စ်ဟာ ၁၉၉၃ ခုနှစ်ကနေ ၂၀၀၀ ပြည့်နှစ်အတွင်း ဝင်ဘယ်ဒန် အမျိုးသားတစ်ဦးချင်း တင်းနစ်ချန်ပီယံအဖြစ် ခုနစ်ကြိမ်အောင်ပွဲခံနိုင်ခဲ့တာဖြစ်ပါတယ်။ လက်ရှိမှာတော့ အမေရိကန်တို့အောင်ပွဲမခံနိုင်ခဲ့တာ ဆယ်စုနှစ် နှစ်စုနီးပါးရှိခဲ့ပါပြီ။ ဒါကြောင့် လူငယ်မျိုးဆက်သစ်တွေလည်းရှိနေတာမို့ ဝင်ဘယ်ဒန်အမျိုးသားတစ်ဦးချင်းပြိုင်ပွဲကို ပြန်လည်လွှမ်းမိုးခွင့်ရဖို့မျှော်လင့်နေကြပြီး အိုပယ်ကာ၊ တေလာဖရစ်ဇ်၊ စတီဖန်ကော့ဇ်လော့ဗ်၊ အက်စ်ကိုဘီဒို၊ ဒေါ်နယ်ဆင်၊ တီယာဖိုးတို့လို လူငယ်တင်းနစ်ကစားသမားတွေလည်း ရှိနေပြီဖြစ်ပါတယ်။

## အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်တန်းများ

1. Handphone ပြုပြင်ခြင်းသင်တန်း
2. အသုံးချ အီလက်ထရောနစ်သင်တန်းများ
3. TV, DVD, EVD စက်ပြင်သင်တန်း
4. အခြေခံလျှပ်စစ် နှင့် ဝါယာရိန်းသင်တန်း
5. မော်တာ၊ ဒိုင်နမို၊ ထရမ်စဖော်မာ လက်တွေ့သင်တန်း
6. အဆင့်မြင့် Electrical Control သင်တန်း
7. ဒီဇယ်၊ ဓါတ်ဆီ အင်ဂျင်စက်ပြင် သင်တန်း
8. အဲယားကွန်း ရေခဲသေတ္တာပြုပြင်/ တပ်ဆင်သင်တန်း
9. PLC & Automation သင်တန်း
10. Advanced PLC & SCADA သင်တန်း
11. CNC (Computerized Numerical Control) သင်တန်း
12. PIC Microcontroller သင်တန်း
13. ဂဟေဆက် သင်တန်း (3G, 4G, 3F, 4F)
14. ပိုက်ဖစ်တာသင်တန်း
15. Marine Electrical / Fitter / Welding သင်တန်းများ

**ထူးခြားမှုများ**

- GLORY သည်သင်တန်းကျောင်းသက်တမ်း (၁၂)နှစ် ရှိပြီဖြစ်ပြီးလေ့ကျင့်သင်တန်းပေးပြီး သင်တန်းသား (၁၉,၀၀၀)ကျော်မွေးထုတ်ခဲ့ပြီးဖြစ်သည်။
- ဝါရင့်ဆရာများက ဦးစီးသင်ကြားပေးပြီး စာတွေ့ ၊ လက်တွေ့ အချိုးညီညီလေ့ကျင့်သင်ကြားပေးနေသည်။
- ဂျပန် ၊ UK အစရှိသော နိုင်ငံတကာကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းခွင်နှင့် ကိုက်ညီမှုရှိစေမည့် အထိရောက်ဆုံး သင်ရိုးညွှန်းတမ်းများ ဖြင့် သင်ကြားနေသည်။

GLORY ၁၃၈/ ၁၄၀ ၊ ၃-ထပ် ၊ ပန်းဆိုးတန်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 09-73121717,09-5197817 www.glory-education.com

VICTORIA UNIVERSITY COLLEGE

ကျောင်းသားရေးရာဌာန

အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း (MMB Tower)၊
မင်္ဂလာတောင်ညွန့် မြို့နယ်၊ ရန်ကုန်။
ဖုန်း – ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉ ၂၅၉၂၇၁၀၉၄

## တက္ကသိုလ်ဝင် စာမေးပွဲ မအောင်မြင်သူများအတွက် မဟာအခွင့်အရေး

" If you shed tears when you miss the sun, you will also miss the stars."
*- Rabindranth Tagore*

"နေမင်းကြီးနဲ့ လွဲသွားလို့ သင်မျက်ရည်တွေ စီးကျပြီး ကြေကွဲနေမယ်ဆိုရင် ကြယ်တာရာတွေနဲ့ ပါလွဲချော်သွားလိမ့်မယ်" ဆိုတဲ့ စကားကို တစိမ့်စိမ့်တွေးကြည့်ပါ။

တက္ကသိုလ်ဝင်စာမေးပွဲ မအောင်လို့ စိတ်ဓာတ်ကျစရာမလိုပါ။ ဗြိတိန်နိုင်ငံက ချီးမြှင့်တဲ့ International High School Graduation Certificate ကို အရယူပေးမယ့် Victoria University College က ဖွင့်လှစ်တဲ့ University Preparation Programme (UNIPREP) တက္ကသိုလ် အကြိုပြင်ဆင်မှု သင်တန်းကို တက်ရန်ဆုံးဖြတ်ပါ။ Uniprep သင်ယူပြီးပါက Victoria University College တွင် သာမက၊ နိုင်ငံတကာ တက္ကသိုလ်များတွင်ပါ ဆက်လက် ပညာဆည်းပူးခွင့်ရပါမည်။

- တက္ကသိုလ်ဝင်စာမေးပွဲ မအောင်မြင်သူများအား ယင်း Uniprep သင်တန်းကို 4 July, 2017 တွင် စတင်သင်ကြားမည်။

တက္ကသိုလ်ဝင်စာမေးပွဲ လုံးဝမဖြေဘူးသူများ Uniprep တက်ခွင့်မပြုပါ။ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသော်လည်း မအောင်မြင်သူများသာ သင်ယူခွင့်ရပါမည်။




SPEAKER PROFILE :
DR. K THIRUMARAN
Head of Academic Group, Business & IT
Senior Lecturer in Business,
Tourism & Hospitality Management

JCU SINGAPORE

တက္ကသိုလ်ဝင်တန်း (သို့) iGCSE "O" Level အောင်မြင်ထားသူများ၊ ABE, NCC, HND ရရှိထားသူများအတွက်

စင်ကာပူတွင် တက်ရောက်နိုင်မည့် James Cook University (Singapore) ၏

## " HOSPITALITY & TOURISM MANAGEMENT ဘွဲ့အကြောင်းဆွေးနွေးပွဲ "

CROWN EDUCATION
YOUR DOOR TO THE FUTURE

**8 Jul(Sat), 2017**
2:00 pm - 4:00 pm
NOVOTEL Hotel (Eureka Room)

- တိုးတက်ပြောင်းလဲလာသည့် Tourism Trend များကို လေ့လာလိုသူများ
- Hospitality Industry တွင် စွန့်ဦးတီထွင်သူအဖြစ် ရပ်တည်လိုသူများ
- မတူကွဲပြားသည့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများ
- ကမ္ဘာ့အဆင့်မီ ဟိုတယ်ကြီးများနှင့် လေကြောင်းလိုင်းများတွင် ဝင်ရောက်လုပ်ကိုင်လိုသူများ
- မိမိကိုယ်ပိုင် ခရီးသွားလုပ်ငန်းလုပ်ကိုင်ရန် ရည်ရွယ်သူများအတွက် JCU ၏ Tourism & Hospitality Management ဘွဲ့မှတစ်ဆင့် ရရှိနိုင်သည့် အခွင့်အလမ်းများအကြောင်းကို အသေးစိတ် ရှင်းလင်းဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

Call Us : 01 527 838, 09 26000 40 50, 26000 60 50

**မဟာရန်ကုန်**
**အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း**
အိမ်ခန်း၊ရုံးခန်း၊ဆိုင်ခန်းများကို
ကားဆိုဒ်စုံနှင့် အလုပ်သမားများအပါ
မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးပါသည်။
Ph: 09-444811126
09-444811127
09-73032439

**★STAR★**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
Ph:09-43088052
09-260660405
09-421067330




MYANMAR MAYSON INDUSTRIES CO., LTD.
No.(1), Bo Aung Kyaw Street, Industrial Zone (4), Hlaing Tharyar Township, Yangon Region, Myanmar.
Tel : 01-685034, 685080, 685081 Fax : 01-685166, 684318 E-mail : mmi_96@myanmar.com.mm
Like us on Facebook : Myanmar Mayson Industries (www.facebook.com/myanmarmaysonindustries)

